# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၃)


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ်(၄/ ၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)**
**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**နဝမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက် (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်) တနင်္လာနေ့၊ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၂/ ၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**နဝမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက် (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) တီခွန်မြတ်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၂/ ၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)**
**ဒုတိယအကြိမ်အမျိုးသားလွှတ်တော်**
**နဝမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်) တနင်္လာနေ့ ၊ နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# လွိုင်ကော်မြို့ ဘီလူးချောင်းဖြတ် ဒေါ်နိုးကူးတံတားဖွင့်

လွိုင်ကော် ဇူလိုင် ၁

**တိုင်းရင်းသားပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အကျိုးစီးပွားအခွင့်အလမ်းများ ရရှိစေရန်အတွက်ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တံတားအထူးအဖွဲ့(၆) က တာဝန်ယူတည်ဆောက်ခဲ့သည့် ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်နိုးကူးတံတားသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါတံတားမုခ်ဦးရှေ့၌ ကျင်းပသည်။**



လွိုင်ကော်မြို့ ဒေါ်နိုးကူးတံတားသစ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ သတင်းစဉ်

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အဓိက တာဝန်ဖြစ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ လမ်း၊ တံတား၊ အဆောက်အအုံများအနက် မြို့ပြဒေသများ အချိုးညီဖွံ့ဖြိုးတိုးတက်စေဖို့ ရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူ ဦးမီရယ်က လမ်း၊ တံတားများ ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေး၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ၊ တံတားအထူးအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလွင်နှင့်


*စာမျက်နှာ ၃ ကော်လံ ၅* ❖


## အာဇာနည်နေ့နှင့် အနာဂတ် မြန်မာနိုင်ငံ


*(၇၁)နှစ်မြောက်အာဇာနည်နေ့ အကြိုဆောင်းပါး စာ - ၆*


## မြန်မာအမျိုးသမီးများ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်း


*တွေ့ဆုံမေးမြန်း စာ - ၈*


## ဆီးရီးယားနယ်မြေများ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဂျော်ဒန်တပ်ဖွဲ့ စတင်ပေး


*နိုင်ငံတကာသတင်း စာ - ၁၄*





မြန်မာ့အလင်း

# ပြည်သူ့လက်ထဲမှာသာ နိုင်ငံရေးအာဏာအစစ်ရှိသည်

ဇူလိုင်လသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထူးခြားသော လတစ်လ ဖြစ်သည်။ စိတ်ထိခိုက်စရာ စိတ်မသက်မသာဖြစ်စရာ၊ ဝမ်းနည်း ကြေကွဲဖွယ်ရာ နှလုံးညှိုးချုံးစရာ၊ ဒေါသဖြစ်စရာ ယူကျုံးမရဖြစ်စရာများနှင့်အတူ သင်ခန်းစာ ယူစရာများကလည်း ရောယှက်နေသည်။

၁၉ ဇူလိုင် ဖြစ်ရပ်ပါပေ။

ဤဖြစ်ရပ်က နိုင်ငံရေး၊ အာဏာ၊ အာဃာတ၊ အမြော်အမြင်နည်းပါးမှု၊ လက်နက်အားကိုး ရက်စက်ကြမ်းကြုပ်မှု စသည်တို့နှင့် ဆက်စပ်နေသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ကြောင့် ခေတ်သစ် မြန်မာနိုင်ငံသမိုင်း၌ အကြီးကျယ်ဆုံးသော ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော တစ်နိုင်ငံလုံးက သည်းသည်းလှုပ် ချစ်ခင်ကြည်ညိုရသော အမျိုးသားခေါင်းဆောင်ကြီးနှင့်တကွ တိုင်းပြည်၏ အနာဂတ်ခရီးအတွက် လောက်လောက်လားလား အားကိုးအားထားပြုရမည့် သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ ဆရာကြီး ဦးရာဇတ် စသည့်ခေါင်းဆောင်ကြီးများနှင့်အတူ အတွင်းဝန် ဦးအုန်းမောင်၊ သက်တော်စောင့် ရဲဘော်ကိုထွေး လုပ်ကြံခံခဲ့ရသည့်နေ့ ဖြစ်သည်။

ထိုစဉ်က မြန်မာ့နိုင်ငံရေးအခြေအနေမှာ အနာဂတ်မျှော်လင့်ချက် အလင်းရောင်များဖြင့် ထွန်းလင်းနေသည့်ကာလ။ မကြာမီမှာ ဗြိတိသျှနယ်ချဲ့သမား၏ လက်အောက်က လွတ်မြောက်ရတော့မည်မှာ မုချဖြစ်နေပြီ။ ဖဆပလအဖွဲ့ချုပ်ကြီး၏ ခေါင်းဆောင်မှုအောက်မှာ တိုင်းရင်းသားလူမျိုးစုများနှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားတို့မှာ လုံးဝလွတ်လပ်ရေး ရတော့မည်ဟူသော သေချာမှုဖြင့် အားတက်နေကြ၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံရေးခေါင်းဆောင်တို့မှာလည်း နေ့မအား ညမအား အနာဂတ်မြန်မာနိုင်ငံတော်အတွက် မူဝါဒများ စီမံကိန်းများကို အားတက်သရော ဆွေးနွေးညှိနှိုင်းကြ၊ သဘောတူညီမှုရယူကြ၊ ရေးဆွဲချမှတ်ကြ စသည်ဖြင့် နိုင်ငံ့အရေးအတွက် တက်ကြွနိုးကြားနေကြချိန် ဖြစ်၏။

ပြည်သူထောက်ခံမှုကလည်း အုန်းအုန်းကျွက်ကျွက်နှင့် အားရစရာ။ နိုင်ငံရေးခေါင်းဆောင်များ၊ အုပ်ချုပ်ရေးနယ်ပယ်မှ အတွေ့အကြုံရှိ ပုဂ္ဂိုလ်များတို့ကလည်း ကိုယ့်မင်းကိုယ်ချင်းဖြစ်လာတော့မည့် နိုင်ငံတော်အတွက် စုစုစည်းစည်း လုံ့လထုတ် အလုပ်လုပ်နေကြ၏။

သည်မျှလောက် မျှော်လင့်အားတက်နေကြသော ပြည်သူတို့၏ ဘဝများနှင့် တောက်ပထွန်းလင်းနေသော တိုင်းပြည်အနာဂတ်ကို ဂဠုန်ဦးစောနှင့် သူ၏အုပ်စုက ရက်ရက်စက်စက်လုပ် ဖျက်ချိုးလိုက်လေသည်။

နိုင်ငံရေးအာဏာကို လက်နက်အားကိုးနှင့် လိုချင်သူတစ်ဦး၏ အတွေးညံ့ဖျင်းမှုက တစ်နိုင်ငံလုံး၏ အနာဂတ်နှင့် မျှော်လင့်ချက်ကို ပြိုအက်ကျေပြုန်းစေခဲ့သည်။

လူသတ်သမားက တိုင်းပြည်အာဏာကို လိုချင်သည်တဲ့။

သည်မျှလောက် ဉာဏ်နည်းသူတစ်ဦး၊ ရက်စက်တတ်သူတစ်ဦးက နိုင်ငံရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာကို လောဘဇောတက် လိုချင်ခဲ့မှုက နိုင်ငံကို နှစ်ပေါင်းများစွာ ဒုက္ခနွံတွင်းသို့ ပို့လိုက်ခြင်း ဖြစ်ပါသည်။

နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာကို နိုင်ငံသားတို့ကသာ ပိုင်သည်ဟု ယုံကြည်ဖို့လိုသည်။ နိုင်ငံသားတို့က နိုင်ငံတစ်ခု၏ အနာဂတ်ကို ပုံဖော်နိုင်မှသာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို ရမည်ဖြစ်ပါသည်။ လက်နက်အားကိုး အကြမ်းဖက်မှုကြောင့် တိုင်းပြည်၏အနာဂတ် မရှုမလှဖြစ်ခဲ့ရသည့်သမိုင်းကို မျက်ခြည် မပြတ်သင့်။

ပြည်သူလူထု၏ အဆုံးအဖြတ်ကသာလျှင် နိုင်ငံအတွက် တကယ့်အာဏာဖြစ်သည်ဆိုတာကို သင်ခန်းစာယူကြဖို့ လိုပါမည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မြဝတီမြို့၌ လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မြဝတီ ဇူလိုင် ၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ဒုတိယအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်တင့်က အမှာစကားပြောကြားရာတွင် ယခုလို ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများကို ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှု အကြောင်းကိစ္စရပ်များ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် စသောကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်သူ့စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူများဖြစ်သည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ယနေ့ လူငယ်နှင့် စာဖတ်ခြင်း အခန်းကဏ္ဍများကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်း ဉက္ကဋ္ဌ ဦးသက်ဦးနိုင်က သုတ၊ ရသစာပေဆိုင်ရာများကိုလည်းကောင်း၊ အထက (၂) ကျောင်းအုပ်ဆရာကြီး ဦးမိုးကျော်က မြန်မာစာပေ စတင်ပေါ်ပေါက်လာပုံနှင့် ယနေ့ခေတ် စာပေဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လည်းကောင်း၊ ဦးဝင်းချို (ကဗျာဆရာ)က လူငယ်နှင့် စာဖတ်ခြင်း အခန်းကဏ္ဍကိုလည်းကောင်း၊ အထက (မဲ့ထော်သလေး)မှ ဒသမတန်းကျောင်းသူ မဝင်းသီရိထွေးက ယနေ့ လူငယ်ကျောင်းသား ကျောင်းသူများနှင့် စာဖတ်ခြင်းအခန်းကဏ္ဍကိုလည်းကောင်း၊ အထက (၁) မြဝတီမှ ဒသမတန်းကျောင်းသား မောင်တင်ထွန်းအောင်က ကျောင်းစာပေနှင့် ပြင်ပစာပေဆက်စပ်နေမှုနှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။



ပြည်သူ့စကားဝိုင်းသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ခံစာပေပညာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုပြည်သူ့စကားဝိုင်းသည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကာ ပထမအကြိမ်က လူငယ်နှင့် ပရဟိတခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# လှိုင်သာယာ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများ အခမဲ့ဆွေးနွေး ခွဲစိတ်ကုသပေးမည်

**ရန်ကုန် ဇူလိုင် ၁**

လှိုင်သာယာ၌ ကိုရီးယားနိုင်ငံမှ ပါရဂူကြီးများ ဦးစီး၍ နှုတ်ခမ်းကွဲနှင့် အာခေါင်ကွဲများ၊ မီးလောင်ဒဏ်ရာများကို အခမဲ့ဆွေးနွေးပြီး ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မီးလောင်ဒဏ်ရာများကို စမ်းသပ်စစ်ဆေးခြင်း၊ ဆွေးနွေးပညာပေးခြင်းနှင့် လိုအပ်ပါက ချက်ချင်းခွဲစိတ်ပေးမည်ဖြစ်ပြီး စမ်းသပ်စစ်ဆေးပြီး ချက်ချင်းခွဲစိတ်ရန် မဖြစ်နိုင်ပါက လိုအပ်သည်များ ညွှန်ကြားကာ ရက်ချိန်းပေး၍ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ကုသပေးမှုကို ဇူလိုင် ၂ ရက်မှ ၄ ရက်အထိ လှိုင်သာယာ တံတားဖြူမှတ်တိုင်နှင့် မီးခွက်စျေးမှတ်တိုင်ကြား ဦးဖိုးလှိုင်လမ်းသွယ် ၁ Bethesda Clinic ၌ ပြုလုပ်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကုသနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မှုခင်းလျှော့နည်းကျဆင်းရေးနှင့် နယ်မြေလုံခြုံရေးကိစ္စများ ညှိနှိုင်းဆွေးနွေး

**ဇီးကုန်း ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်မှုအခြေအနေ၊ မှုခင်းများ လျှော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးတို့အတွက် စုပေါင်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန်လနောက်ဆုံးပတ်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ထွန်းက မြို့နယ်အတွင်း လုံခြုံရေးအခြေအနေဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်နိုင်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဒုတိယပညာရေးမှူးနှင့် မြို့ပေါ်ငါးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**ကိုသက် (ဇီးကုန်း)**

**ထင်သာမြင်သာပြုပြင်စရာ**



ရွှေပြည်သာမြို့နယ် အမှတ် ၈ ရပ်ကွက် တော်ဝင်လမ်း မူလွန် (၁၇) ကျောင်းရှေ့ရှိ လမ်းဖြတ်ရေထုတ်မြောင်းမှာ လမ်းတစ်ဝက်အထိ ကျိုးပဲ့ပျက်စီးပြီး မြေများပြိုကျလျက်ရှိရာ လမ်းအသုံးပြုသူပြည်သူများ ညအချိန်မတော်နှင့် သတိမထားဘဲ သွားလာမိပါက အသက်အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့်မြင်ကွင်းကို ဇွန် ၃၀ ရက်က တွေ့ရစဉ်။
မြင့်သန်းကြည်(ရွှေပြည်သာ)

# မိုင်းဖြတ်၌ မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကျင်းပ

**မိုင်းဖြတ် ဇူလိုင် ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ပူးပေါင်းကျင်းပသည့် မှတ်ပုံမတင်ရသေးသော အသက် ၁၀ နှစ်အောက်ကလေးများကို နီးစပ်ရာကျန်းမာရေးဌာနသို့ မွေးဖွားမှုမှတ်ပုံတင်စုရပ်များတွင် မှတ်ပုံတင်လိုက်ပါ စသည့်ခေါင်းစဉ်ဖြင့် မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ် လှုပ်ရှားမှုအနေဖြင့် အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ဟိုးနား (စောမွန်)ကျေးရွာရှိ သံဇူဇယ်အောက်မေ့ဖွယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က နိုင်ငံသားတစ်ယောက်အနေဖြင့် ရရှိသည့်အခွင့်အရေးများကို ပြည့်ဝစွာ ရရှိခံစားနိုင်စေရေးနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးမြတ်ဝင်းက မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ဇွန်လမှ အောက်တိုဘာလအထိ မွေးကင်းစမှ အသက် ၁၀ နှစ်အတွင်း ကလေးများကို နီးစပ်ရာ ကျန်းမာရေးဌာနများ၌ မွေးစာရင်းပြုလုပ်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်ဌေးက ဖွား/သေစာရင်းများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)



# ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေကျပ်သိန်း ၂၆၀၀ ကျော် ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁

**နေပြည်တော်၌ တည်ဆောက်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ စေတနာရှင် အလှူရှင်များက အလှူငွေကျပ်သိန်း ၂၆၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြသည်။**

အခမ်းအနားတွင် ဓမ္မကထိကဗဟုဇနဟိတရေ မဟာသဒ္ဓမ္မဇောတိကဓဇ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး မိသားစုက ငွေကျပ်သိန်း ၅၀၊ ဦးစိုးပိုင်-ဒေါ်ခင်မြတ်ဆွေ သား မောင်ခန့်ပိုင်စိုး၊ သမီး မရွှေရည်ရွှန်းမြတ် (ပိုင်မိသားစု ကုမ္ပဏီ လီမိတက်)မှ ငွေကျပ်သိန်း ၅၀၀၊ ဗိုလ်မှူးစန်းယု(ငြိမ်း)-ဒေါ်ကျင်သန်းမိသားစုက ငွေကျပ်သိန်း ၃၀၀၊ ရွှေပြည်နန်း မိသားစုကုမ္ပဏီလီမိတက်မှ ဦးအောင်မြင့်-ဒေါ်ကြည်အေး၊ ဦးကျော်မင်း- ဒေါ်သီသီလွင်၊ ဦးသိန်းနိုင်-ဒေါ်အေးအေး မိသားစုတို့က ငွေကျပ်သိန်း ၂၀၀၊ ဦးကျင်ရွှေ -ဒေါ်နန်းကေသွယ် သမီး မစောယွန်းနွယ်၊ သားမောင်သီဟအောင် (မိသားစု ပုံနှိပ်တိုက်)က ငွေကျပ်သိန်း ၂၀၀ အပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေကျပ်သိန်း ၂၆၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂလမ်း ကံ့ကော်ပန်း အဝိုင်းအနီးတွင် တည်ထားနေခြင်းဖြစ်သည်။

**သတင်းစဉ်**



ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး မိသားစုက ငွေကျပ်သိန်း ၅၀ ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မကွေးတိုင်းရှိ ကျောက်ခွက်-လက်ပံတိုရေနံနှင့် သဘာဝဓာတ်ငွေ့မြေနှင့် ဗုဒ္ဓကုန်း ပင်မဓာတ်အားခွဲရုံတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇွန် ၃၀ ရက် နံနက်ပိုင်းက မကွေးတိုင်း ဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကျောက်ခွက်-လက်ပံတိုရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ရောက်ရှိရာ ရှင်းလင်း ခန်းမဆောင်၌ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေနံရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး၊ ရေနံအထွက်တိုးရေးအတွက် ခေတ်မီနည်းပညာများ အသုံးပြု၍ ရှာဖွေဆောင်ရွက်သွားရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအား ပိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် လက်ပံတိုရေနံမြေရှိ တွင်း အမှတ်(၁၄)နှင့် ကျောက်ခွက်ရေနံမြေရှိ တွင်းအမှတ်(၂)တို့တွင် Well Servicing လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



ကျောက်ခွက်-လက်ပံတို ရေနံမြေသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အတွင်းတည်ရှိပြီး ယခုအခါ ကျောက်ခွက်ရေနံမြေရှိ ရေနံတွင်းပေါင်း ၃၀ မှ တစ်နေ့လျှင် ရေနံစိမ်းစည် ၃၃ စည်နှင့် သဘာဝဓာတ်ငွေ့ ၇ ဒသမ ၇၅၈ ကုဗပေသန်းအား လည်းကောင်း၊ လက်ပံတိုရေနံမြေရှိ ရေနံတွင်းပေါင်း ၆၂ တွင်းမှ တစ်နေ့လျှင် ရေနံစိမ်းစည် ၈၃၈ စည်နှင့် သဘာဝဓာတ်ငွေ့ (၀ ဒသမ ၁၂၇) ကုဗပေသန်းအားလည်းကောင်း ထုတ်လုပ်ပေးလျက်ရှိပြီး ရေနံအထွက်တိုးရေးအတွက် လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲ၍ ကြိုးစားရှာဖွေဖော်ထုတ်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန ၁၃၂ ကေဗွီ ဗုဒ္ဓကုန်း ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးထားမှု အခြေအနေနှင့် Switchyard အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာ၌ အခြေခံကျောင်းများနှင့် ဘကကျောင်းများတွင် ခြင်ဆေးဖျန်း

**မိတ္ထီလာ ဇူလိုင် ၁**

မိတ္ထီလာတွင် ကမ်းလက်များ ပရဟိတ မိသားစုအဖွဲ့နှင့် ခရိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့တို့ပူးပေါင်း၍ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ခြင်နိုင်ဆေးဖျန်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း က သိရသည်။

"ကျွန်တော်တို့ ကမ်းလက်များ ပရဟိတမိသားစုအဖွဲ့နဲ့ ခရိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့တို့ပူးပေါင်းပြီး မြို့ပေါ်က အခြေခံပညာကျောင်းတွေနဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေမှာ ခြင်နိုင်ဆေးဖျန်းပေးခြင်းကို ဆောင်ရွက်တာပါ။ မြို့ပေါ်မှာရှိတဲ့ အခြေခံပညာကျောင်း ၃၂ ကျောင်းနဲ့ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း လေးကျောင်း စုစုပေါင်း ၃၆ ကျောင်းကို ခြင်နိုင်ဆေးဖျန်းပေးသွားမှာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ကျောင်းသူ ကျောင်းသားငယ်တွေ ခြင်ကိုက်ခံရခြင်းကင်းဝေးပြီး ခြင်ကိုက်လို့ဖြစ်တဲ့ ကူးစက်ရောဂါတွေ မဖြစ်ပွားစေဖို့ တတ်စွမ်းတဲ့ဘက်က ဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု ကမ်းလက်များ မိသားစုပရဟိတအဖွဲ့ဝင် ဦးအောင်ကြိုင်က ပြောသည်။ **ချမ်းသာ (မိတ္ထီလာ)**

## သံအမတ်ကြီး ဦးကိုကိုရှိန် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂**

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုရှိန် သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် မင့်စ်မြို့၌ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဒေသခံပြည်သူ ဦးမီရယ်တို့က တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှူတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက အဆိုပါတံတားသစ်ကြီးအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက်နှင့် ဒေါ်တမရပ်ကွက်တို့ကို ဆက်သွယ်ထားသည့် ယခင် ၁၀ ပေအကျယ် သစ်သားတံတားကို ၁၉၅၂-၁၉၅၃ ခုနှစ်တွင် အခွန်တော်အမတ် ဦးဖြူက စတင်ဆောက်လုပ်ခဲ့ပြီး ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးအောင်ကျော်က ဆက်လက်ပြုပြင်ထိန်းသိမ်းလာခဲ့သည်။ နောက်ပိုင်း မြို့နယ်စည်ပင်မှ ၁၆ ပေအကျယ် သစ်သားတံတားအဖြစ် ပြန်လည်တည်ဆောက်ထိန်းသိမ်းလာခဲ့ရာမှ ယခုအခါ လွိုင်ကော်မြို့နယ်သည် ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုချောမွေ့မြန်ဆန်လာစေရန် ဘီလူးချောင်းဖြတ်တံတား ခြောက်စင်းမြောက်အနေဖြင့် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ်သန်း ၈၄၀ ဖြင့် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၆) က သံကူကွန်ကရစ်တံတားအား ဆောက်လုပ်ခဲ့ရာ အရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ နှစ်လမ်းသွား၊ လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေ ၁၀ လက်မစီထားရှိကြောင်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုတ်သုံလေ အားကောင်းနိုင်

**နေပြည်တော် ဇူလိုင် ၁**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနိုင်သည်။ **မိုး/ဇလ**

## ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇူလိုင် ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရ ရှိသည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံး ရေးရာအဆောင် အမှတ်- ၁၂ (I- 12) (စနေနေ့)ထက် မစော၊ ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ် စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇူလိုင် ၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် အမျိုးသားလွှတ်တော်ရုံးရေးရာ အဆောင်အမှတ် I- 19 (အိုင်-၁၉)သို့ **ဇူလိုင် ၂၁ ရက်ထက်မစော ၂၂ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ပန်ကြားထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၈၂ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၆၂ လက်မ၊ ကျိုက်ဒိုမြို့တွင် ၁ ဒသမ ၆၀ လက်မ၊ ပူတာအိုမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ၁ သမ ၅၇ လက်မစီ၊ ကလေးမြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၅၃ လက်မစီ၊ မောင်တောမြို့နှင့် ဟသ်ာတမြို့တို့တွင် ၁ ဒသမ ၄၉ လက်မစီ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၄၇ လက်မနှင့် လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ မိုးကောင်းမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ပုသိမ်မြို့တွင် ၁ ဒသမ ၂၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး M.E.Mr. Zhao Kezhi ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့တွင် ကျင်းပမည့် (၆)ကြိမ်မြောက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး တက်ရောက်ရန်နှင့် အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် သွားရောက်ရန် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ထွက်ခွာသွားခဲ့ရာ လေဆိပ်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက



ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ်အောင်ဝင်းဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ စုစုပေါင်းရှစ်ဦး လိုက်ပါသွားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သက်ကြီးအဘိုး၊ အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**မော်လူး ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မာန်ဟဲကျေးရွာအုပ်စုတွင် ဇွန် ၁ ရက် နံနက် ၁၀ နာရီက မာန်ဟဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအဖွဲ့နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ကော်မတီအသင်းအဖွဲ့အစည်းမှ အသက်(၉၀နှစ်) နှင့်အထက် အဘိုး၊ အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေကို ပေးအပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေတစ်လလျှင် ငွေကျပ် ၁၀၀၀၀ လူမှုရေးပင်စင်များကို သုံးလတစ်ခါ ငွေကျပ် ၃၀၀၀၀ ထုတ်ပေးမည်ဖြစ်ကြောင်း၊ ယခုအကြိမ် စာရင်းမပါသူများ ကျန်ရှိနိုင်ကြောင်း၊ ထို့ကြောင့် အသက်(၉၀နှစ်)နှင့် အထက် အဘိုး၊ အဘွားများအား လူမှုရေးပင်စင်ရရှိခံစားနိုင်စေရန်အတွက် ရပ်ကျေးအုပ်ချုပ်ရေးမှူးများထံ အချိန်မီစာရင်းပေးပို့နိုင်ရန် လိုအပ်ကြောင်း၊ အင်းတော်မြို့နယ် မော်လူးဒေသ မာန်ဟဲကျေးရွာအုပ်စု ကျေးရွာလေးရွာတွင် အဘိုး၊ အဘွားသုံးဦး ရှိကြောင်း သိရသည်။

အဆိုပါမာန်ဟဲကျေးရွာအုပ်စု ပေကုန်းကျေးရွာတွင် ဒေါ်လီးချွင်းချင့်(သ) (၁၀၁ နှစ်) မလူးကျေးရွာ၌ ဒေါ်အေးပို(သ)(၉၅ နှစ်)၊ ဒေါ်အေးကြည်(သ)(၉၄ နှစ်) တို့သည် ယခုလက်ရှိ၌ သက်ရှိထင်ရှားလျက်ရှိပြီး တစ်လလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလစာကို အင်းတော်မြို့နယ် မာန်ဟဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းကြိုင်နှင့်အဖွဲ့၊ လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီအသင်းအဖွဲ့တို့က အသက်(၉၀ နှစ်) နှင့်အထက် အဘိုး၊ အဘွားများ၏ နေအိမ်အရောက် လူမှုရေးပင်စင်ထောက်ပံ့ငွေပေးပို့ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## ဒေသအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကရင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

ဘားအံ ဇူလိုင် ၁

**ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ကမမောင်းမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၃၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ကျောက်တလုံး(ဝင်းဒရယ်)ကျေးရွာ၌ ပြုလုပ်သည့် စပါးစိုက်နည်းစနစ်များ တောင်သူပညာပေးကွင်းသရုပ်ပြပွဲသို့ တက်ရောက်ပြီး တောင်သူများ၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ အထွက်နှုန်းတိုးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက အသုံးပြုလျက်ရှိသော မျိုးစေ့မှတ်စက်၊ မျိုးစေ့ချကိရိယာ၊ မော်တာဖြင့် ကြားပေါင်းလိုက်စက်များ သုံးစွဲနေမှုကို ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ကော့လုံကျွန်း-ဂျိုးပင်ဆိပ် ၃၃ ကေဗွီဓာတ်အားလိုင်း ၁၆ မိုင် သံလွင်မြစ်ကျော် တာဝါတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ယူတည်ဆောက်နေသည့် ထူးမြတ်မြန်မာကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဝါးဘိုးတော-ကမမောင်းလမ်း ပေါ်ရှိ ချောင်းညီနောင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခဲ့ပြီး တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မိုးလွင်က တည်ဆောက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါတံတားသည် အရှည် ၉၁ ဒသမ ၄၄ မီတာ၊ အကျယ် ၉ ဒသမ ၁၄ မီတာရှိသော လက်ရန်းပါ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ၂၀၁၇-၂၀၁၈ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၀၅၀ ဖြင့် တည်ဆောက်နေခြင်းဖြစ်ကာ ယခုအခါ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမမောင်းမြို့ အမှတ်(၄)ရပ်ကွက်၌ ပြုလုပ်သည့် မျိုးစပါးဆားရည်စိမ်ခြင်း နည်းပညာပေး ကွင်းသရုပ်ပြပွဲသို့လည်းကောင်း၊ ရေပူး



ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆေးပေးခန်းဆောက်လုပ်နေမှုကိုလည်းကောင်း၊ ကမမောင်းမြို့ ၂၅ ခုတင်ဆံ့ ဆေးရုံနှင့် ဆေးရုံဝင်းအတွင်း ရန်ပုံငွေကျပ်သန်း ၁၅၀ ဖြင့် အလျား ၉၂ ပေ၊ အနံ ၄၃ ပေရှိ လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ကမမောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်လိုအပ်နေသည့် အခြေအနေကိုလည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွင်းဆင်းစစ်ဆေးသည့် ခရီးစဉ်အတွင်း ဒေသခံများနှင့်လည်းတွေ့ဆုံ၍ ဒေသခံပြည်သူများ တင်ပြသည့် လိုလားချက်၊ လိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တောင်ငူတွင် မသန်စွမ်းသူများနှင့် မသန်စွမ်းသူများ၏ သားသမီးများအား ကျောင်းသုံးပစ္စည်းထောက်ပံ့

**တောင်ငူ ဇူလိုင် ၁**

မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (တောင်ငူ)ရုံးခွဲ၏ စတုတ္ထအကြိမ်မြောက် မသန်စွမ်းသူများနှင့် မသန်စွမ်းသူများ၏ သားသမီးများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်ထောက်ပံ့ခြင်း အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက တောင်ငူမြို့ ကေလဇာတီဘုရားဓမ္မာရုံတွင်ကျင်းပသည်။ အခမ်းအနားတွင် ဩဝါဒဆရာတော်က ခွန်အားပေးအမှာစကား ပြောကြားသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်းက အမှာစကားပြောကြားပြီး ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် မသန်စွမ်းကျောင်းသား ကိုငြိမ်းချမ်းသက်နှင့် ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့အား ကျောင်းသုံးပစ္စည်းများ ပေးအပ်ထောက်ပံ့လှူဒါန်းသည်။

အဆိုပါအခမ်းအနားကို ဦးစီးသည့် မသန်စွမ်းသူများ ဥက္ကဋ္ဌ ဦးလင်းနိုင်က "ကျွန်တော်တို့ တောင်ငူမြို့နယ်အတွင်းမှာ မသန်စွမ်းအသင်းဝင် ၂၀၀ ကျော် ရှိပါတယ်။ လူမျိုးဘာသာမရွေး ထောက်ပံ့ပေးပါတယ်။ သူတို့လေးတွေ စိတ်အားငယ်မှု မရှိအောင် ခွန်အားပေးတဲ့ပွဲလေးပဲဖြစ်ပါတယ်"ဟု ပြောသည်။ **သူရ(တောင်ငူ)**



# အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (၅/၂၀၁၈) ကြိမ်မြောက် စည်းဝေး

**နေပြည်တော် ဇူလိုင် ၁**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ရှိ တောင်ကြီးဟိုတယ်ခန်းမ၌ ကျင်းပသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် ရှမ်းပြည်နယ်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ ဆွေးနွေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ဗဟိုအဆင့် အေဂျင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အေဂျင်စီများအကြား SMEs မူဝါဒများအား မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို ညှိနှိုင်းဆွေးနွေးသွားကြရန်ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်ရှိ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရာတွင် ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ၊ SMEs လုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်များနှင့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကူးသန်းရောင်းဝယ်မှုစသည့် ကဏ္ဍစုံမှ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာအသုံးချနိုင်မှုကိုလည်း စဉ်းစားဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ ဥက္ကဋ္ဌ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က ရှမ်းပြည်နယ် SMEs အေဂျင်စီအဖွဲ့၏ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာသူများကလည်း ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများအား ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အဆိုပါဟိုတယ်၌ပင် ကျင်းပသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ (၅/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့ပြီး အေဂျင်စီအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အေဂျင်စီ၏ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အေဂျင်စီအဖွဲ့ဝင်များက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ရာ အေဂျင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် တောင်ကြီးမြို့ ကျောက်တိုင်ကွင်း၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် MSMEs များ၏ ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြခန်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူမြို့ရှိ ရာနှုန်းပြည့်အောင် အခမဲ့ပညာဒါနကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

**တောင်ငူ ဇူလိုင် ၁**

တောင်ငူမြို့ မဟာမေတ္တာပညာရေးဖောင်ဒေးရှင်းက အခမဲ့ဖွင့်လှစ်ခဲ့သည့် ကျောင်းမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရာနှုန်းပြည့်အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအားဂုဏ်ပြုပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ကေတုမတီဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပရာ လေးဘာသာဂုဏ်ထူးရှင် မောင်ဇေယျာထွန်းကို ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) မှ ပါမောက္ခချုပ် (တာဝန်) ဒေါက်တာ အိအိလှိုင်က ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ဂုဏ်ပြုပွဲ အခမ်းအနားတွင် တောင်ငူခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဒေါ်ညွန့်သူဇာမြင့်၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုး၊ ခရိုင်ပညာရေးမှူး ဒေါ်နီလာညွန့်၊ ဖောင်ဒေးရှင်းနာယက ဦးမြင့်ညို (အမေ့အိမ်)၊ သင်ကြားရေးဆရာ ဦးမျိုးအောင်တို့က အဖွင့်အမှာစကားများ ပြောကြားကြပြီး အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးသိန်းထိုက်အေးက အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ငွေစာရင်းရှင်းတမ်းကို တင်ပြဆွေးနွေးသည်။

အဆိုပါအခမဲ့ကျောင်းမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၁၉ ဦး ဝင်ရောက်ဖြေဆိုကြရာ လေးဘာသာတစ်ဦး၊ သုံးဘာသာလေးဦး၊ နှစ်ဘာသာသုံးဦး၊ တစ်ဘာသာရှစ်ဦးနှင့် ရိုးရိုးအောင်သုံးဦး ရာနှုန်းပြည့်အောင်မြင်ခဲ့ကြပြီး သုံးနှစ်ဆက်တိုက် ရာနှုန်းပြည့် အောင်မြင်ခဲ့သောကျောင်းဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားတွင် မဟာမေတ္တာဖောင်ဒေးရှင်းသင်တန်းကျောင်းတက်ရောက်ခဲ့သော တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသူ ကျောင်းသားများက မြန်မာ့ကျောင်းသီချင်း၊ ဇာတိမာန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ဂုဏ်ထူးရနှင့် အောင်မြင်ကြသောကျောင်းသူကျောင်းသားများအား ဂုဏ်ပြုဆုတံဆိပ်နှင့် လက်ဆောင်ပစ္စည်းများကို အမှုဆောင်များနှင့် ဧည့်သည်တော်များက ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း နာယက ဦးကျော်လှ (သမာဓိ)၊ ခရိုင်အဆင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မဟာမေတ္တာပညာရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများစုံညီစွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင့်**





အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ်နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲ ဒုတိယနေ့တွင် တက်ရောက်လာကြသူများကို တွေ့ရစဉ်။

❑ **ကျောဖုံးမှ**

ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က "ဒီနေ့ကျင်းပတဲ့ စုံညီတွေ့ဆုံပွဲမှာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့မြို့နယ်အမျိုးသမီးလုပ်ငန်းကော်မတီဝင်တွေအနေနဲ့ ရုံးလုပ်ငန်းတွေအပါအဝင် ရုံးလုပ်ထုံးလုပ်နည်းစနစ်တွေကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေဖို့ ဟောပြောပို့ချသွားမှာဖြစ်ပါတယ်။ ဇူလိုင်လ ၂ ရက်နေ့မှာတော့ အမျိုးသမီးများနှင့် ဥပဒေဆိုင်ရာတွေအပါအဝင် ပါတီရဲ့ရှေ့လုပ်ငန်းစဉ်တွေနဲ့ အမျိုးသမီးလုပ်ငန်း ကော်မတီရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။ အမျိုးသမီးလုပ်ငန်း ကော်မတီတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ကနေ ရပ်ကွက်နဲ့ကျေးရွာအဆင့်အထိ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ တစ်နိုင်ငံလုံး လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးတွေဖြစ်ကြပါတယ်။ အဲဒီတော့ အမျိုးသမီးတွေ ကြုံတွေ့ရင်ဆိုင်နေရတဲ့ ဒုက္ခတွေကို လုပ်ငန်းကော်မတီအနေနဲ့ ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မလဲဆိုတာတွေကို တိုင်ပင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ အမျိုးသမီးတွေရဲ့ လိုအပ်ချက်တွေ၊ အခက်အခဲတွေနဲ့ပတ်သက်လို့ ကျွန်မတို့ လုပ်ငန်းကော်မတီအဆင့်ဆင့်ကို အကြောင်းကြားစေချင်ပါတယ်။ ဥပဒေကြောင်းအရ ဖြစ်စေ၊ လူမှုရေးအရဖြစ်စေ ကူညီပေးဖို့ အဆင်သင့်ရှိပါတယ်လို့ ပြောပါရစေ" ဟု ပြောသည်။

အဆိုပါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများစုံညီတွေ့ဆုံပွဲကို ဇူလိုင် ၂ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ဖန်းမော်မြို့တွင် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ရှင်းလင်းပွဲကျင်းပ

**ဖန်းမော် ဇူလိုင် ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကချင်ပြည်နယ် ဖန်းမော်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာကာလအတွက် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်က ဖန်းမော်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဖန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်က အမှာစကားပြောကြားပြီး ဖန်းမော်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဦးစီးဌာနမှူး ဦးအောင်ကျော်ဆန်းက ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ ကိစ္စရပ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဖန်းမော်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးသိန်းတန်က ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်းနှင့် ခုနှိမ်ခွင့်များဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကာ အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# သုံးခွ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်

**သုံးခွ ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ညောင်နီကျေးရွာတွင် ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဝင်းသန်းနှင့်ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်း၍အသိပညာပေးဟောပြောခြင်း၊ နေအိမ်များနှင့်ကျောင်းများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်း၊ ရေသိုလှောင်အုတ်ရေကန်၊ သံစည်၊ ရေအိုးများကို အဘိတ်ဆေးခတ်ခြင်း၊ ခြင်ပေါက်ပွားနိုင်သော နေရာများကို ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ကိုကျော်(သုံးခွ)**





# လူမှုဝန်ထမ်းဦးစီးဌာနက မောင်တောဒေသခံများအား ပစ္စည်းများထောက်ပံ့

**မောင်တော ဇူလိုင် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ပြည်နယ်မှူး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးနှင့် တာဝန်ရှိသူများသည် ဇွန် ၃၀ ရက် နံနက်ပိုင်းက မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့်အတူ ဂျပန်ပြည်သူများက စုပေါင်းလှူဒါန်းသော ပစ္စည်းများကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဂျပန်ပြည်သူများက စုပေါင်းလှူဒါန်းသော ပစ္စည်းများကို ရွှေဇားကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာနှင့် သစ်တုံးနားခွဆုံကျေးရွာအုပ်စုရှိ ကျေးရွာ ၁၀ ရွာတို့ကို ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

အဆိုပါ ကျေးရွာ ၁၄ ရွာရှိ အိမ်ထောင်စု ၆၈၇ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ဖိနပ်သုံးရန်၊ ဆပ်ပြာတောင့်နှစ်တောင့်နှင့် ဆိုလာလက်နှိပ်ဓာတ်မီး တစ်ခုတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**နေဝင်းထွန်း(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ကျော်အောင်စိန်**
**(လူမှုဝန်ထမ်းဦးစီးဌာန)**

# အာဇာနည်နေ့နှင့် အနာဂတ်မြန်မာနိုင်ငံ

သိန်းထွန်း(IR)

**အာဇာနည်နေ့သည် လာမည့် ဇူလိုင်လ ၁၉ ရက်ဆိုလျှင် နှစ်ပေါင်း (၇၁)နှစ် ရှိတော့မည်ဖြစ်သည်။ အာဇာနည်နေ့သည် မြန်မာနိုင်ငံအတွက် အခြားသောနေ့ရက်များနှင့်မတူ။ အခြားသောနေ့ရက်များသည် ဘာသာရေးပွဲ၊ နှစ်ကူးပွဲ၊ အောင်မြင်မှုအထိမ်းအမှတ်ပွဲများ ဖြစ်သည်။ အာဇာနည်နေ့မှာ နိုင်ငံ့ခေါင်းဆောင်ကြီးများ ကျဆုံးသောနေ့၊ လုပ်ကြံခံရသောနေ့ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအတွက် မှောင်မိုက်သောနေ့တစ်နေ့၊ လွန်စွာဝမ်းနည်းဖွယ်နေ့တစ်နေ့ ဖြစ်သည်။**

ထိုသို့သော နိုင်ငံအဝန်း ဝမ်းနည်းဖွယ်နေ့တစ်နေ့ကို ကျွန်တော်တို့ မည်သို့သောပုံစံဖြင့် ပုံဖော်ကြမည်နည်း။ တာဝန်အရဝမ်းနည်းနေရုံ၊ ရုပ်ပြဝမ်းနည်းနေရုံဖြင့် အာဇာနည်နေ့၏ အနှစ်သာရ၊ လွတ်လပ်ရေး ဖခင်များ၏ဆန္ဒ၊ ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ အပြန်အလှန် စဉ်းစားမိသည်။ လွတ်လပ်ရေးဖခင်ကြီးများ ယနေ့အချိန် သက်ရှိထင်ရှားရှိနေခဲ့လျှင် မည်သို့သုံးသပ်ကြမည်နည်း။ ဝမ်းသာကြမည်လား၊ ဝမ်းနည်းနေကြမည်လား။ ယင်းအပေါ် တစ်ဦးနှင့် တစ်ဦးအမြင်အယူအဆများ ဝိဝါဒကွဲပြားနိုင်ကြသော်လည်း လွတ်လပ်ရေးဖခင်ကြီးများ၏ လိုလားချက်၊ မျှော်မှန်းချက်များနှင့် တိုင်းတာကြည့်မည်ဆိုပါက အနီးစပ်ဆုံး အဖြေတစ်ခု ရရှိနိုင်မည်ထင်သည်။

**လွတ်လပ်ရေးသည်သာ ကိုယ်ကျိုးစီးပွား**

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၊ အခြားအခြားသော မျိုးချစ်စိတ်ဓာတ်ရှိသော ခေါင်းဆောင်ကြီးများသည် နိုင်ငံလွတ်လပ်ရေးအတွက် ကျရာတာဝန်များကို ကိုယ်တိုင်အသိတရား၊ ကိုယ်တိုင်မျိုးချစ်စိတ်ဖြင့် ပင်ပန်းဆင်းရဲစွာ ကြိုးစားခဲ့ကြသည်ကို အားလုံးအသိပင်။ နိုင်ငံ့လွတ်လပ်ရေးမှလွဲ၍ ကိုယ်ကျိုးစီးပွားဆိုသည်မှာ ဘယ်နေရာတွင် ရှိမှန်းမသိခဲ့ကြ။ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ခဲ့ကြသည်မဟုတ်။ ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မြစ်ကြီးနား၌ ဗိုလ်ချုပ်အောင်ဆန်းက “ဗမာပြည်ကို လွတ်လပ်တဲ့တိုင်းပြည်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ လွတ်လပ်မှာတော့ အနေးနဲ့အမြန်ပဲ သေချာနေပါတယ်”လို့ ပြောကြားခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရည်မှန်းချက်အတိအကျကို တွေ့ရပေမည်။

သူတို့ဘဝသည် လွတ်လပ်ရေး၊ သူတို့အသက်သည် လွတ်လပ်ရေး၊ သူတို့အနာဂတ်သည် လွတ်လပ်ရေးဖြစ်သည်။ ထို့ကြောင့်ပင် ဗိုလ်ချုပ်ကြီးဆလင်းက သူ၏ အရှုံးမှ အနိုင်သို့ (Defeat into Victory) စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်ပြီး “ကျွန်ုပ်သည် အောင်ဆန်းကို လေးစားမိသည်။ ကျွန်ုပ်ထင်ခဲ့သကဲ့သို့ သူသည် ကိုယ်ကျိုးရှာ၊ တာဝန်မဲ့ ပြောက်ကျားခေါင်းဆောင် မဟုတ်ပေ။ သူသည် မျိုးချစ်ပုဂ္ဂိုလ်အစစ်ဖြစ်၍ စိတ်ကူးယဉ်သမားမဟုတ်။ လက်တွေ့သမားဖြစ်သည်။ သူသည် အလွန်ရိုးသားသည်။ သူသည် ပေးခဲ့ပြီးသော ကတိအတိုင်းလည်း တည်သည်။ ကျွန်ုပ်သည် အောင်ဆန်းနှင့် အလုပ်လုပ်၍ ဖြစ်သည်”ဟု ရေးသားခဲ့သည်ကို ဖတ်ရသည်။ ရန်သူကပင် ချီးကျူးလေးစားရသည့် ခေါင်းဆောင်ပင်။

**(၇၁)နှစ်လွန် မြန်မာနိုင်ငံ**

အာဇာနည်နေ့ရောက်တိုင်း အာဇာနည်နေ့ဝမ်းနည်းခြင်း အထိမ်းအမှတ်ကျင်းပခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ အာဇာနည်နေ့ပင် မျိုးဆက်တစ်ဆက်တိုင်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံသည် ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သည့် ကမ္ဘာတွင် ရင်ပေါင်တန်းနိုင်သော နိုင်ငံအဖြစ်သို့ ရောက်ရှိရန် ယနေ့အချိန်အထိ ရုန်းကန်နေရဆဲဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ အချက်နှစ်ချက် ထုတ်နုတ်တင်ပြလိုသည်။



**“အာဇာနည်နေ့ရောက်တိုင်း အာဇာနည်နေ့ဝမ်းနည်းခြင်း အထိမ်းအမှတ်ကျင်းပခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ အာဇာနည်နေ့ပင် မျိုးဆက် တစ်ဆက်တိုင်ခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံသည် ဗိုလ်ချုပ် အောင်ဆန်း မျှော်မှန်းခဲ့သည့် ကမ္ဘာတွင် ရင်ပေါင်တန်းနိုင်သော နိုင်ငံအဖြစ်သို့ ရောက်ရှိရန် ယနေ့အချိန်အထိ ရုန်းကန်နေရဆဲဖြစ်”**

ပထမအချက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြင့် လွတ်လပ်ရေးကို အရယူပေးခဲ့ကြသော်လည်း ယနေ့ လွတ်လပ်ပြီး မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိရန်မှာ ဦးနှင်းပဲ့ထောင်၊ ပဲ့နှင်းဦးထောင် ဆိုရမလိုပင်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် မရှိမဖြစ်လိုအပ်သည်မှာ ရိုးသားမှုပင်ဖြစ်သည်။ ထိုအချက်ကို ဗိုလ်ချုပ်အောင်ဆန်းက အခိုင်အမာသက်သေပြခဲ့ပြီး ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုကို တိုင်းရင်း သားအားလုံးက ယုံကြည်သည်။ ယုံကြည်၍ လက်တွဲခဲ့ကြသည်။ ယနေ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လိုအပ်နေသော အဖြေအားလုံးမှာ လွန်ခဲ့သော ၇၁ နှစ်ကျော်က ရှိခဲ့ပြီးဖြစ်သည်။ သို့သော် အဖြေရှိပါလျက် တွက်မရသောပုစ္ဆာတစ်ပုဒ်သဖွယ် ဖြစ်နေသည်ကို အလေးအနက် ပြန်လည်သုံးသပ်စေလိုပါသည်။

ဒုတိယအချက်မှာ နိုင်ငံတကာဆက်ဆံရေး အခြေအနေဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံသည် ပြည်တွင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသလို နိုင်ငံတကာဖိအားများနှင့် ရင်ဆိုင်နေရပါသည်။ စနစ်အပြောင်းအလဲ အခြေမကျသေးခြင်း၊ တိုင်းရင်းသားစည်းလုံးမှု အားနည်းနေသေးခြင်း၊ အင်အားကြီးနိုင်ငံများက ကိုယ်ကျိုးစီးပွားအတွက် အသုံးချလာခြင်း၊ အခြားသော နိုင်ငံတကာ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်ခြင်းစသည့် အကြောင်းတရားများကြောင့် ရခိုင်ဒေသဖြစ်စဉ်များမှာလည်း မြွေပူရာ ကင်းမှောင့်လျက် ရှိနေပေသည်။

ထိုနေရာတွင်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံတကာဆက်ဆံရေးကျင့်သုံးမှုနှင့် ချိန်ထိုး သုံးသပ်လိုပါသည်။ ယင်းအချိန်၊ ယင်းခေတ်ကပင် ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်၊ ဂျပန်၊ အိန္ဒိယ၊ တရုတ် စတဲ့နိုင်ငံများအကြား Soft Power၊ Hard Power တို့ကို ကျွမ်းကျင်စွာ ပေါင်းစပ်ပြီး Smart Power အဖြစ် ပြောင်းလဲကျင့်သုံးကာ လွတ်လပ်ရေး ရယူခဲ့သည်မှာ လေးစားလောက်သည့် စစ်ဘက်ခေါင်းဆောင်တစ်ဦးအဖြစ် တွေ့မြင်ရသလို ကျွမ်းကျင်သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ်လည်း တွေ့မြင်ရမည်ဖြစ်သည်။ ယနေ့ နိုင်ငံတကာဆက်ဆံရေးတွင် မြန်မာနိုင်ငံ လိုအပ်နေသည်မှာလည်း ယင်း Smart Power ပင်ဖြစ်သည်။ မိမိနိုင်ငံ အကျိုးစီးပွားအတွက် အင်အားချိန်ခွင်လျှာ ညှိနိုင်မှသာ မိမိနိုင်ငံအပေါ် သက်ရောက်နေသည့် ဖိအားများ လျှော့ချနိုင်မည်ဖြစ်သလို နိုင်ငံတော် အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

**ထပ်တူရည်မှန်းချက်**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် နိုင်ငံရေးအကွဲအပြဲ၊ ကိုယ်ကျိုးစီးပွားရှာ နိုင်ငံရေးသမားများနှင့် နယ်ချဲ့တို့၏ သွေးခွဲလှုံ့ဆော်မှုများ၏ အကျိုးဆက်ကြောင့် ဝမ်းနည်းဖွယ်ရာကျဆုံးခဲ့ရသည်။ “လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးက ထွက်တော့မယ်၊ မထွက်လို့လည်း မဖြစ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လွတ်လပ်ရေးရပြီးရင် အာဏာနိုင်ငံရေးလာတော့မယ်၊ အာဏာနိုင်ငံရေးနဲ့ ကျွန်တော်နဲ့ မဖြစ်ဘူး” ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း မနှစ်သက်သော အာဏာနိုင်ငံရေးကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရပြီး မြန်မာနိုင်ငံအတွက်လည်း အစားထိုးမရသော ဆုံးရှုံးမှုဖြစ်ခဲ့ရသည်။ ယင်းသည် အာဏာနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေး၏ ကွာဟချက်ဟု မြင်မိပါသည်။ နိုင်ငံတည်ဆောက်ရာတွင် အမျိုးသားနိုင်ငံရေးသက်သက်ဖြင့် တည်ဆောက်ရန် မဖြစ်နိုင်သလို အာဏာနိုင်ငံရေး သို့မဟုတ် ပါတီနိုင်ငံရေးသက်သက်ဖြင့် လျှောက်လှမ်းရန်လည်း မဖြစ်နိုင်ချေ။ အမျိုးသားနိုင်ငံရေးဖြစ်စေ၊ အာဏာနိုင်ငံရေးဖြစ်စေ နိုင်ငံနှင့် ပြည်သူ အကျိုးစီးပွားအတွက် ဘုံရည်မှန်းချက်ရှိကြမှသာ အတ္တ၊ ပရ မျှတသော နိုင်ငံရေးဖြစ်နိုင်ပေမည်။ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ နိုင်ငံရေးအယူအဆကွဲပြားနိုင်သော်လည်း ဘုံရည်မှန်းချက်အတွက် လက်တွဲလုပ်တတ်ရန်လည်း လိုအပ်မည် ဖြစ်သည်။

ကိုယ်ကျိုးစီးပွားနိုင်ငံရေးကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် နိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှု၊ နစ်နာမှုများဖြစ်ခဲ့ရပြီး ဖြစ်ပါသည်။ ယင်းသို့သော မှားယွင်းမှုများကို သင်ခန်းစာယူကြရပေမည်။ နိုင်ငံ၏ လက်ရှိအခြေအနေသည် ပို၍ပင်အရေးကြီးသည်ဟု ဆိုနိုင်ပါသည်။ အားလုံးမျှော်လင့်သည့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် ကိုယ်စီကိုယ်စီလိုလားချက်၊ ဆန္ဒများထက် ထပ်တူရည်မှန်းချက်များ လိုအပ်နေပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့၏လက်အောက်မှာပင် အခက်အခဲအမျိုးမျိုးကြားမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သလို လွတ်လပ်ရေးကိုလည်း အရယူပေးနိုင်ခဲ့ပါသည်။ ယနေ့ အချိန်အခါသည် နယ်ချဲ့လက်အောက်မဟုတ်သလို ကိုယ့်နိုင်ငံကို ကိုယ်တိုင်အုပ်ချုပ်နေရသည့် အချိန်ကာလဖြစ်ပါသည်။ ယင်းသို့သောကာလတွင် နိုင်ငံ၏အခြေခံအင်အားစုများ အားလုံးပေါင်းစည်းလုပ်ကိုင်ရန် လိုအပ်ပေမည်။ အခြေခံအင်အားစုများသည် နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များ ဖြစ်ပါသည်။

အခြေခံအုတ်မြစ်ကောင်းမှ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သကဲ့သို့ အဆင့်ဆင့်သို့လည်း တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ အခြေခံအုတ်မြစ် မခိုင်သေးသရွေ့ နိုင်ငံတည်ဆောက်ရေး ခက်ခဲနေမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံ၏ အခြေခံအင်အားစုများအားလုံး ထပ်တူရည်မှန်းချက်များ ရရှိနိုင်ပါစေကြောင်း မျှော်လင့်မိပါသည်။

**အနှစ်သာရပြည့်သော ဂါရဝ**

မြန်မာနိုင်ငံ၏ စနစ်အပြောင်းအလဲသည် ဗိုလ်ချုပ်အောင်ဆန်းပြောသကဲ့သို့ သူများခြေတစ်လှမ်း လှမ်းလျှင် မိမိတို့က ခြေလှမ်းဆယ်လှမ်း လှမ်းကြရမည့် အချိန်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများကို ချစ်ခင်ပါက၊ လေးစားပါက၊ အနှစ်သာရရှိရှိ ဂါရဝပြုမည်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်းကို အတုယူကြရမည်ဖြစ်သည်။ သူ၏ စကားကို လိုက်နာကြရမည်ဖြစ်သည်။ သူမျှော်မှန်းခဲ့သည့် နိုင်ငံဖြစ်စေဖို့ ကျွန်တော်တို့အားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။

ယနေ့ဆောင်ရွက်ခဲ့သမျှကို အနာဂတ်မျိုးဆက်များက သမိုင်းမှတ်တမ်းတင်ကြမှာ သေချာပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးစားမှုရလဒ်ကို ယနေ့ ကျွန်တော်တို့ခံစားနေရပြီ ဖြစ်သည်။ ထို့အတူ လက်ရှိဆောင်ရွက်နေသမျှ အားလုံး၏ ကောင်းမွေ၊ ဆိုးမွေအကျိုးဆက်ကို နောင်လာ နောက်သားများ ခံစားကြရမည် ဖြစ်ပါသည်။ အာဇာနည် ခေါင်းဆောင်ကြီးများကဲ့သို့ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွေများကို ဆောင်ရွက်ပေးခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အနှစ်သာရရှိရှိ ဂါရဝပြုရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

---

## အာဇာနည်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ သာစည်၌ ကျင်းပမည်

**သာစည် ဇူလိုင် ၁**

သာစည်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးစီး၍ အာဇာနည်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇူလိုင် ၁၉ ရက်တွင် သာစည်မြို့နယ်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် နာမည်ကြီးစာရေးဆရာများဖြစ်ကြသည့် ဆရာ ချစ်ဦးညို၊ ဆရာ မောင်သာချိုတို့က ခေတ်လူငယ်လေးများအား ဗဟုသုတရရှိစေရန်အတွက် သုတ ၊ ရသ မှတ်သား ဖွယ်ရာစာပေများကို ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မြေကျင်းတူးရာမှတွေ့ရှိသော ဗုဒ္ဓကြေးဆင်းတုတော်ကို လာရောက်ဖူးမြော်သူများပြား

**ရေတာရှည် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီစက္ကူစက်ရုံ ဝန်ထမ်းလိုင်းတွင် နေထိုင်သည့်မိသားစုမှ ခြံဝင်းအတွင်း၌ စားပင်များစိုက်ပျိုးရန် မြေကျင်းတူးရာမှ တွေ့ရှိရသော ဗုဒ္ဓကြေးဆင်းတုတော်အား လာရောက်ဖူးမြော်ကြည်ညိုသူများပြားလျက်ရှိကြောင်း သိရသည်။

ဝန်းထမ်းလိုင်းနေ ဒေါ်ကလေးမသည် ဇွန် ၃ ရက် နံနက် ၉ နာရီခွဲခန့်က နေအိမ်အရှေ့မြောက်ထောင့်ရှိ မြေကွက်လပ်၌ စားပင်များစိုက်ပျိုးရန် မြေးဖြစ်သူ မောင်ရဲနိုင်ကို ခတ်ချိုပင်အမြစ်အား ပေါက်ပြားဖြင့် တူးခိုင်းခဲ့ရာ အနက် တစ်ပေခန့်အရောက်တွင် မာကျောသောအရာတစ်ခုကို ပေါက်မိသဖြင့် လက်ဖြင့်မြေကြီးများကိုယက်ပြီး ကြည့်ရာမှ ဗုဒ္ဓကြေးဆင်းတုတော်ကို တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ဒေါ်ကလေးမက ပြောပြသည်။

ဗုဒ္ဓကြေးဆင်းတုတော်မှာ ယာဘက်လက်ဖဝါး ပက်လက်အနေအထားဖြင့် ပြဒါးရှင်လုံးကိုကိုင်ထားကာ ဝဲဘက်လက်ဖဝါးပေါ်၌ ကြာဖူးကို ကိုင်ထားသည်ကို တွေ့ရှိရသည်။ အောက်ခံပလ္လင်မှ ဦးသျှောင်အထိ ဉာဏ်တော်အမြင့် ခုနစ်လက်မရှိပြီး ဆင်သုံးကောင်နှင့် မြင်းနှစ်ကောင်ရံထားသော ပလ္လင်တစ်ခုပါရှိသည်။



**ကိုလွင်(ဆွာ)**



## ရေးမြို့နယ်၌ ကိုးမိုင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်

**ရေး ဇူလိုင် ၁**

မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့နှင့် ကိုးမိုင်ကျေးရွာကြား ဆက်သွယ်ထားသည့် ကုန်ထုတ်လမ်းကို ဇွန်လနောက်ဆုံးပတ်အတွင်းမှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူပြီး အဆင့်မြှင့်တင် ခင်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးသွားပါက ဒေသထွက်ကုန်များ ကူးသန်းရောင်းဝယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကို ပိုမိုလျင်မြန်ချောမွေ့သွားစေမည်ဖြစ်ကြောင်း ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူ ဦးသိန်းသန်းထွန်းက ပြောသည်။ အဆိုပါလမ်းမှာ ယခင်က မြေနီလမ်းသာဖြစ်ပြီး ယခုအခါ ကနေဦးအနေဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းခြင်းဖြစ်ကာ ယခု ကျောက်ချောလမ်း ပြီးစီးပါကလည်း ကတ္တရာလမ်းအဖြစ် ထပ်မံအဆင့်မြှင့်၍ ခင်းသွားရန်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

### လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်

၁။ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်၏ စိစစ်တွေ့ရှိချက်၊ သဘောထား မှတ်ချက်များ အပေါ်အခြေခံကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန်၊

၂။ စွန့်လွှတ်မြေများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံသွားရန်နှင့် မစွန့်လွှတ်ရသေးသည့် သိမ်းဆည်းမြေများအပေါ် ကော်မတီအဆင့်ဆင့်က ထိထိရောက်ရောက် အမြန်ဆုံး စိစစ် ပေးကြရန်၊

၃။ ဗဟိုကော်မတီဝင်များနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များက လိုအပ်သည်ထက် အချိန်ဆွဲ ဖြေရှင်းခြင်း မပြုကြဘဲ အမြန်ဆုံး ပြီးစီးအောင် အားသွန်ခွန်စိုက် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန်၊

၄။ သိမ်းဆည်းခံမြေများအား သက်ဆိုင်ရာကော်မတီအသီးသီးက ပြန်လည်စိစစ်ရာတွင် အဆင်ပြေချောမွေ့မှု မရှိစေရန် အဟန့်အတားဖြစ်စေသည့်၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပေးရန် အနှောင့်အယှက်ဖြစ်စေသည့်၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပြီးသော်လည်း ယာယီလွှဲပြောင်းပေးရန် အခက်အခဲလုပ်နေသည့်၊ အသုံးချပိုင်ခွင့် အမည်ပေါက် ရရှိစေရန် အကျပ်အတည်း ဖြစ်စေသည့်၊ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း လိုအပ်သလို အရေးယူကြရန်၊

၅။ စွန့်လွှတ်မြေများပေါ်တွင် ကျူးကျော်များဝင်ရောက်နေမှုအားဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းပေးကြရန်၊

## ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ လိုဏ်ဂူနှင့်ဆက်စပ်နိုင်သော တာချီလိတ်မြို့နယ်အတွင်းရှိ လိုဏ်ဂူများတွင် တတိယမြောက်နေ့အဖြစ် ကူညီရှာဖွေမှုများဆက်လက်ပြုလုပ်

**တာချီလိတ် ဇူလိုင် ၁**

မြန်မာ - ထိုင်း နှစ်နိုင်ငံနယ်စပ် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ လူငယ် ၁၃ ဦး ပိတ်မိနေသည့် ထမ်လုံခွန်နမ့်လိုဏ်ဂူနှင့် ဆက်စပ်နိုင်သည့် မြန်မာနိုင်ငံ တာချီလိတ်မြို့နယ်အတွင်းမှ လိုဏ်ဂူများတွင် တတိယမြောက်နေ့အဖြစ် ဇွန် ၃၀ ရက် နံနက်က ကူညီရှာဖွေမှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇွန် ၂၃ ရက်က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ထမ်လုံခွန်နမ့်လိုဏ်ဂူအတွင်း ဝင်ရောက်သွားပြီး ပိတ်မိနေသည့် လူငယ်ဘောလုံးအသင်းမှ ၁၃ ဦးကို ရှာဖွေကယ်ဆယ်နိုင်ရေး ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံက လိုအပ်သည်များ အပြည့်အဝပူးပေါင်း ကူညီဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ကို ညွှန်ကြားထားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် လူငယ် ၁၃ ဦး ပိတ်မိနေသည့် မယ်ဆိုင်မြို့ရှိ လိုဏ်ဂူနှင့် မြန်မာနိုင်ငံ တာချီလိတ် မြို့နယ်အတွင်းမှ တောင်ကုန်းများရှိ လိုဏ်ဂူများနှင့် ဆက်စပ်နိုင်သည်ဟု ယူဆမှုကြောင့် ထိုင်းနိုင်ငံ၏ ကူညီရှာဖွေပေးနိုင်ရေး အကူအညီတောင်းခံလာမှုအရ တာချီလိတ်ခရိုင်နှင့် မြို့နယ်စီမံ ခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုနှင့်အတူ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပုန်းထွန်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ဇွန် ၂၈ ရက်က ပုန်းထွန်ရပ်ကွက်ရှိ ငွေစေတီကုန်းလိုဏ်ဂူတွင် လည်းကောင်း၊ ဇွန် ၂၉ ရက် က သီရိရတနာဂူတွင် လည်းကောင်း၊ ဇွန် ၃၀ ရက်က ကျောက်တောင်အနီး ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းရှေ့ရှိ လိုဏ်ဂူတွင် လည်းကောင်း တတိယမြောက်နေ့အဖြစ် ကူညီရှာဖွေပေးခဲ့ရာ ထူးခြားမှုမရှိသေးကြောင်း သိရသည်။




အလားတူ တာချီလိတ်မြို့နယ်မှ မိုင်းဖုန်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏသံဝရ က လူငယ် ၁၃ ဦးကို ဘေးအန္တရာယ်ကင်းရှင်းစွာ အမြန်ပြန်လည်ရှာဖွေတွေ့ရှိနိုင်ရေး လိုဏ်ဂူသို့ နှစ်ရက်ဆက်တိုက် ကြွရောက်ကာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မုံရွာကြက်မွေးမြူရေးအထူးဇုန်တွင် ဥစားကြက်မွေးမြူသူများ နည်းပါးလျက်ရှိ



**မုံရွာ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက်စစ်ပုံတောင် ကျေးရွာအနီးရှိ ကြက်မွေးမြူရေးအထူးဇုန်တွင် ၂၀၁၆ ခုနှစ်က ဒုတိယအကြိမ်မြောက် ဖြစ်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားပြီးနောက်ပိုင်းမှစ၍ လက်ရှိအချိန်အထိ ဥစားကြက်မွေးမြူသူများ နည်းပါးလျက်ရှိကြောင်း သိရသည်။

"ကြက်ငှက်တုပ်ကွေး ရောဂါကလည်း နှစ်နှစ်ဆက်တိုက် ဖြစ်သွားတဲ့အတွက် မွေးမြူရေးလုပ်ငန်းကို ကြောက်သွားတာရယ်၊ ရင်းနှီးမြှုပ်နှံဖို့ ငွေအခက်အခဲရယ်ကြောင့် ဥစားကြက်မွေးမြူတဲ့သူတွေ နည်းသွားတာပါ။ မွေးမြူရေးလုပ်ငန်းကို ဝါသနာအရရော၊ စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ရော လုပ်ကိုင်တဲ့သူတွေလောက်ပဲ ဆက်မွေးကြတော့တယ်။ အချို့တွေကတော့ ဆက်ပြီးတော့ မလုပ်ကြတော့ဘူး"ဟု မုံရွာ ကြက်မွေးမြူရေး အထူးဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ရွှေက ပြောသည်။

မုံရွာကြက်မွေးမြူရေး အထူးဇုန်တွင် မွေးမြူလျက်ရှိသော လုပ်ငန်းရှင် ၅၆ ဦး၏ မွေးမြူရေးခြံ ၁၁၀ မှ ထွက်ရှိသော ကြက်ဥများကို မုံရွာမြို့ရှိ ကြက်ဥအဝယ်ဒိုင်များသို့ ပေးပို့လျက်ရှိကြောင်းနှင့် ကြက်ဥအလုံးရေ ၂၈ လုံးကို ငွေကျပ် ၂၈၀၀ ဈေးပေါက်လျက်ရှိသဖြင့် မွေးမြူသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"လက်ရှိမွေးတဲ့သူတွေတောင် မွေးမြူရေးလုပ်ငန်းကို ပြန်လည်အားယူဖို့ အတော်ကိုအရှိန်ယူခဲ့ကြရတယ်။ နောက်ပိုင်းမှာလည်း ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံမဖြစ်ပွားအောင်လို့ ဇီဝလုံခြုံရေးကို ပုံမှန်လုပ်နိုင်ဖို့ လိုပါတယ်။ အဲဒါမှ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်မှာပါ" ဟု မုံရွာမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာ အိအိအောင်က ပြောသည်။

### မွေးမြူလျက်ရှိ

မုံရွာ ကြက်/ငုံးမွေးမြူရေး အထူးဇုန်၌ ဥစားကြက်ခြံ စုစုပေါင်း ၄၀၀ ကျော်ရှိသည့်အနက် ယခု လက်ရှိအချိန်တွင် လုပ်ငန်းရှင် ၅၆ ဦးက ကြက်ခြံပေါင်း ၁၁၀ ၌သာ ကြက်များ မွေးမြူထားကြပြီး အဆိုပါ ခြံ ၁၁၀ တွင် ဥစားကြက်ကောင်ရေ ၅၀၀၀၀ ဝန်းကျင်သာ မွေးမြူလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**

# မြန်မာအမျိုးသမီးများ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်း

**၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာအမျိုးသမီးများ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ယခုအစိုးရလက်ထက်တွင် အမျိုးသမီးအရေးတက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့များကို ပါဝင်ထည့်သွင်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဟူ၍ ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်က ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ထိုကဲ့သို့ ပြောင်းလဲဖွဲ့စည်းမှု၊ အမျိုးသမီး အရေး လှုပ်ရှားဆောင်ရွက်မှုနှင့် လာမည့် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ ကျင်းပသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**

> **ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဥပဒေ၊ အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာ ဥပဒေပေါ်ပေါက်လာတဲ့အခါမှာ အမျိုးသမီးများ ရပ်တည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အများကြီး အကာအကွယ်ပေးနိုင်တဲ့အပြင် ဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုပြီးတော့လည်း ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ဇူလိုင်လ ၃ ရက်နေ့က မြန်မာအမျိုးသမီးများနေ့ ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးများနေ့ ပေါ်ပေါက်လာပုံကတော့ ၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ အမျိုးသမီးညီလာခံကြီး ကျင်းပတယ်။ အဲဒီညီလာခံကျင်းပတဲ့အခါမှာ ဆောင်ရွက်ဖို့ အချက်နှစ်ချက် ပြဋ္ဌာန်းပြီး ထုတ်ပြန်ခဲ့တယ်။

**ရပ်တည်မှုနဲ့ဖွံ့ဖြိုးတိုးတက်မှု**

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ အမျိုးသမီးများ ရပ်တည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖော်ဆောင်ပေးနိုင်တဲ့ ယန္တရားတစ်ခုဖြစ်တဲ့ အဖွဲ့အစည်းတစ်ခုရှိဖို့၊ အမျိုးသမီးများ ရပ်တည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ရမယ့် လုပ်ငန်းစဉ်တွေ ချမှတ်ဖို့ အဲဒီနှစ်ချက် ပြဋ္ဌာန်းခဲ့တယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံကလည်း ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှာ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးတွေအတွက် ရပ်တည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မယ့် ဦးဆောင်တဲ့ ယန္တရားတစ်ခုကို ဖွဲ့စည်းခဲ့တယ်။ အဲဒီအဖွဲ့ ဖွဲ့စည်းခဲ့တဲ့နေ့ကို မြန်မာနိုင်ငံ အမျိုးသမီးများနေ့ဆိုပြီး သတ်မှတ်လိုက်တယ်။

အဲဒီအဖွဲ့အစည်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဆိုပြီး ဖွဲ့စည်းလိုက်တယ်။ အခု အစိုးရသစ်လက်ထက်ရောက်တဲ့အခါမှာ ခေတ်စနစ်တွေလည်း ပြောင်းလာတယ်။ ဒီအဖွဲ့ထဲမှာ ပါဝင်သင့် ပါဝင်ထိုက်တဲ့ သူတွေကိုလည်း ထပ်ပြီးတော့ ထည့်ရမယ်။ ခေတ်စနစ်တွေက ဒီအဖွဲ့အစည်းထဲမှာ အစိုးရဌာနနဲ့ ယခင်ကရှိခဲ့တဲ့ အဖွဲ့အစည်းတင်မကဘဲနဲ့ အမျိုးသမီးအရေး တက်ကြွစွာလှုပ်ရှားနေတဲ့ အဖွဲ့တွေကို ထည့်ဖို့ကောင်းတယ်ဆိုတဲ့ အသစ်ဖွဲ့စည်းလိုက်တယ်။

**အသစ်ဖွဲ့စည်း**

အသစ်ဖွဲ့စည်းမှုအနေနဲ့ ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်က အမည်အသစ်နဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဆိုပြီး ပြောင်းလိုက်တယ်။ အရင်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အခုအသစ်အဖွဲ့က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဆိုပြီး ဖွဲ့လိုက်တယ်။

အမျိုးသမီးကော်မတီမှာ အဖွဲ့ဝင် ၂၆ ဦးပါတယ်။ ၂၆ ဦးက ဌာနဆိုင်ရာ အဖွဲ့အစည်းတွေပါတယ်။ အမျိုးသမီးအရေး တက်ကြွစွာ လှုပ်ရှားတဲ့ အဖွဲ့တွေလည်း ထပ်ထည့်လိုက်တာ ရှိတယ်။ အဲဒီအထဲမှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ပါတယ်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးများနဲ့ ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်းဆိုပြီးပါတယ်။ ကျား၊ မ တန်းတူညီမျှရေး ကွန်ရက်ဆိုတာပါတယ်။ အမျိုးသမီးအဖွဲ့အစည်းများ ကွန်ရက်ဆိုတာပါတယ်။ ဒါ့ပြင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးအသင်း ဆိုတာပါတယ်။

အခု လတ်တလောမှာဆိုရင် ခုနစ်ခုရှိပါတယ်။ အမျိုးသမီးရေးတက်ကြွစွာ လှုပ်ရှားနေတဲ့အဖွဲ့ ခုနစ်ဖွဲ့ ဖြစ်ပေါ်လာပါတယ်။ အဲဒီအဖွဲ့အပြင် အမျိုးသမီးအရေး တက်ကြွစွာ လှုပ်ရှားတဲ့အဖွဲ့တွေ ထပ်ပြီးတော့ ပေါ်ပေါက်လာတယ်။ တိုင်းပြည်အတွက် အမျိုးသမီး ရပ်တည်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်ချင်တယ်ဆိုရင် ထပ်ပြီးတော့ ထည့်လို့လည်းရတယ်။ လက်ရှိအဖွဲ့တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လို့ရတယ်။ ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်က စပြီး နာမည်အသစ်နဲ့ ဖွဲ့စည်းလိုက်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဆိုပြီး ပေါ်ပေါက်လာပါတယ်။ အဲဒီ အမျိုးသမီးကော်မတီဟာ မူလက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဆိုပြီး ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်က စတင်ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အဖွဲ့ကြီးတစ်ခုဖြစ်ပါတယ်။

**ဆက်လက်ကျင်းပ**

ဆက်လက်ပြီး ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာနိုင်ငံအမျိုးသမီးနေ့လို့ သတ်မှတ်ခဲ့သလို ယခုလည်း ဆက်လက်ပြီးတော့ မြန်မာနိုင်ငံအမျိုးသမီးများနေ့အဖြစ် ဆက်လက်ကျင်းပနေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပါတယ်။ နေပြည်တော်ကောင်စီ အပါအဝင် ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် အမျိုးသမီးကော်မတီ ဆိုပြီး ဖွဲ့စည်းထားတယ်။ အဲဒီလိုဖွဲ့စည်းတဲ့အခါမှာ အစိုးရနဲ့ဌာနဆိုင်ရာက လူတွေပါသလို အမျိုးသမီးအရေးတက်ကြွစွာ လှုပ်ရှားနေတဲ့ အဖွဲ့တွေက ဗဟိုအဖွဲ့လိုပဲ ဆက်လက်ပြီးတော့ပါတယ်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်ဆိုရင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်းရှိတယ်။ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ပါဝင်တဲ့သူတွေလည်း ပါတယ်။ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းကလည်း ပါတယ်။ စွမ်းဆောင်ရှင်များ အသင်းကလည်းပါတယ်။ လုပ်ငန်းစဉ်တစ်ခုက အဖွဲ့ဖွဲ့တယ်။ ဦးဆောင်အဖွဲ့ကြီးကို ဖွဲ့ပြီးတော့ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ဆောင်ရွက်တယ်။ အခုလည်း ဒါကိုအကောင်အထည်ဖော်နေတယ်။ ဒုတိယတစ်ခုက အမျိုးသမီးများ ရပ်တည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းစဉ်တွေ ချမှတ်ဖို့ဆိုပြီး ဆောင်ရွက်တာရှိတယ်။

၂၀၁၃ - ၂၀၂၂ ဆိုပြီး မဟာဗျူဟာ ချမှတ်ပြီးတော့ ဆောင်ရွက်နေတာရှိတယ်။ ၂၀၂၂ ခုနှစ် အထိဆိုတော့ ငါးနှစ်ကျန်ရှိပါသေးတယ်။ ငါးနှစ်အတွင်းမှာ ဒီကိစ္စတွေကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လုပ်ငန်းစဉ်မှာ ဘာတွေလုပ်မှာလဲ ဘာတွေဆောင်ရွက်မှာလဲဆိုရင် လုပ်ငန်းစဉ် ၁၂ ရပ်နဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လုပ်ငန်းစဉ် ၁၂ ရပ်နဲ့ ဆောင်ရွက်တဲ့နေရာမှာ ပထမအနေနဲ့ အမျိုးသမီးများနဲ့ အသက်မွေးဝမ်းကျောင်း၊ ဒုတိယအနေနဲ့ အမျိုးသမီးများနဲ့ ပညာရေး လေ့ကျင့်သင်ကြားရေးဆိုတာပါတယ်။

ပြီးတော့ အမျိုးသမီးများနဲ့ ကျန်းမာရေး၊ အမျိုးသမီးများနဲ့ အကြမ်းဖက်မှုကိစ္စ၊ အမျိုးသမီးများနဲ့ အရေးပေါ်အခြေအနေ၊ အမျိုးသမီးများနဲ့ စီးပွားရေး ၊ အမျိုးသမီးများနဲ့ ဆုံးဖြတ်ချက် ချမှတ်ရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ၊ အမျိုးသမီးများနဲ့ လူ့အခွင့်အရေး၊ အမျိုးသမီးများနဲ့ မီဒီယာ၊ အမျိုးသမီးများနဲ့ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးငယ်ရွယ်သူများကိစ္စဆိုပြီး အားလုံး လုပ်ငန်း ၁၂ ရပ်ရှိပါတယ်။ လုပ်ငန်း ၁၂ ရပ်ကို အကောင်အထည်ဖော်ဖို့ ရှေ့လုပ်ငန်းစဉ်ကိုလည်း ချမှတ်ထားတယ်။ မဟာဗျူဟာအဖြစ် ချမှတ်ထားတယ်။

ဒါက မြန်မာနိုင်ငံမှာ ဆောင်ရွက်တဲ့ ကိစ္စဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်တဲ့အတွက်ကြောင့် အမျိုးသမီးများနဲ့ဆိုင်တဲ့ Convention သတ်မှတ်ချက်တွေရှိတယ်။ ဒါတွေကို ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ကုလသမဂ္ဂကချမှတ်ထားတဲ့ အမျိုးသမီးများနဲ့ ပတ်သက်တဲ့ လုပ်ငန်းဆောင်တာတွေ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်မှာ ပါဝင်တဲ့ ကိစ္စတွေ ဒါတွေအကုန်လုံးကို အကောင်အထည်ဖော်ဆောင်ရွက်နေတယ်။

နောက်ဆုံးဖွဲ့စည်းလိုက်တဲ့ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ကလေးတွေအတွက် ဆောင်ရွက်နေတာရှိတယ်။

ပရဟိတအဖွဲ့တွေက စောင့်ရှောက်သလို ကျွန်တော်တို့ လူငယ်ပြုစုပျိုးထောင်ရေးကလည်း စောင့်ရှောက်တာရှိတယ်။ အဓိက အရေးကြီးတာကတော့ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ လျော့ကျသွားဖို့ အရေးကြီးတယ်။ အဲဒီလိုဆောင်ရွက်တော့ တစ်ကိုယ်ရေ မိခင်ဘဝဆိုတာ ပေါ်ပေါက်လာတယ်။

**စောင့်ရှောက်ဖို့လိုအပ်**

တစ်ကိုယ်ရေဖြစ်နေတဲ့ မိခင်တွေကိုလည်း စောင့်ရှောက်ဖို့ လိုအပ်တယ်။ စွန့်ပစ်ထားတဲ့ ကလေးတွေကို ကလေးသူငယ်ဆိုင်ရာ အခွင့်အရေး အပြည့်အဝရရှိဖို့ စောင့်ရှောက်ဖို့ လိုတယ်။ မစွန့်ပစ်အောင် ကာကွယ်တားဆီးဖို့ လိုတယ်။

မိခင်ကလည်း ကိုယ့်ဘဝက တစ်ကိုယ်ရေ ဖြစ်နေသော်လည်း ဒီကလေးကို မစွန့်ပစ်ဖို့ ဒီအဖွဲ့အစည်းကနေ တားဆီးပြီးတော့ ဆက်လက်ရပ်တည်ပြီးတော့ ပံ့ပိုးပေးမယ်ဆိုရင် တစ်ကိုယ်ရေဘဝနဲ့ပဲ ဒီကလေးလေးကို သူ့ရဲ့ရင်ခွင်မှာပဲ ပြုစုစောင့်ရှောက်နိုင်တဲ့ အခြေအနေရောက်အောင် ဖန်တီးပေးလို့ရတယ်။ ဒါကိုကျွန်တော်တို့ ဆောင်ရွက်နေတာရှိတယ်။ အဲဒီတော့ ရင်ခွင်မဲ့ကလေးတွေ လျော့ကျသွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်မှု အသီးသီးက အမျိုးသမီးများရပ်တည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး

ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးမှာ အမျိုးသမီးကော်မတီတွေလည်း ဖွဲ့ထားပါတယ်။ အဖွဲ့များစွာပါဝင်ပြီးတော့ ဆောင်ရွက်နေပါတယ်။ အမျိုးသမီးအရေး လှုပ်ရှားမှု လုပ်ငန်းစဉ်တွေလည်း ရှိနေပြီ။ ဆောင်ရွက်မှုတိုင်းမှာ လိုအပ်မှုက ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒတွေ လိုအပ်ပါတယ်။ အဓိကအရေးကြီးတဲ့ အမျိုးသမီးများ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကို ရေးသားတယ်။ လွှတ်တော်ကို ပို့ဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို တင်ပြထားပြီး ဖြစ်ပါတယ်။

အဲဒီကတစ်ဆင့် လွှတ်တော်ကို ရောက်ရှိပြီး အတည်ပြုမှာ ဖြစ်ပါတယ်။ ဒါက အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ ကလေးသူငယ်ရဲ့အသက်ကို ၁၆ နှစ်မှ ၁၈ နှစ်အထိ တိုးမြှင့်ခဲ့တဲ့အတွက်ကြောင့် ကလေးသူငယ်ဆိုတာ ၁၈ နှစ်အောက်ဆိုတာ ဖြစ်သွားတယ်။

**ထိထိရောက်ရောက်အရေးယူ**

အခု အဖြစ်များနေတဲ့ သက်ငယ်မုဒိမ်းကိစ္စဆိုရင် ကိုင်တွယ်တဲ့နေရာမှာ ဥပဒေရှိရမယ်၊ ထိထိရောက်ရောက် အရေးယူပါလို့ ပြည်သူတွေကလည်း တောင်းဆိုနေကြပါတယ်။ ၁၈ နှစ်အထိ ကလေးသူငယ်လို့ သတ်မှတ်လိုက်တဲ့အတွက်ကြောင့် သက်ငယ်မုဒိမ်းလို့ အမည်တပ်ခံရမယ့် အမှုတွေက ပိုများလာမယ်လို့ ထင်တယ်။ ဒါတွေမဖြစ်ဖို့ အရေးကြီးတာ ပညာပေးရမှာ ဖြစ်ပါတယ်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေထဲမှာလည်း အသက်ကို ပြောင်းလဲသလို ပြစ်မှု၊ ပြစ်ဒဏ်မှာလည်း ပြင်းပြင်းထန်ထန် ပြောင်းလဲဆောင်ရွက်ထားတဲ့ ကိစ္စတွေရှိတယ်။

ဒီဥပဒေဟာ အထူးဥပဒေဖြစ်တဲ့ အတွက်ကြောင့် ပြည်သူတွေတောင်းဆိုနေတဲ့ အထူးဥပဒေတစ်ရပ်အဖြစ် ထိရောက်တဲ့ အပြစ်ဒဏ်ပေးပါလို့ တောင်းဆိုကြတာတွေနဲ့ ကိုက်ညီနေပါတယ်။ ကလေးသူငယ်ဆိုင်ရာ ဥပဒေက မကြာခင်ပေါ်ပေါက်လာမယ်၊ လွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီကို ရောက်ရှိနေပြီ၊ လွှတ်တော်ရဲ့ တင်ပြမှုနဲ့ ဆွေးနွေးမှုတွေအရ ပြစ်မှု၊ ပြစ်ဒဏ်အပိုင်းမှာလည်း သေသေချာချာ ထည့်သွင်းထားတာ ရှိပါတယ်။

ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဥပဒေ၊ အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာ ဥပဒေ ပေါ်ပေါက်လာတဲ့အခါမှာ အမျိုးသမီးများ ရပ်တည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အများကြီး အကာအကွယ်ပေးနိုင်တဲ့အပြင် ဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုပြီးတော့လည်း ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။

**ညွှန်ကြားရေးမှူး ဒေါ်နော်သဝါး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ကျွန်မတို့အနေနဲ့ နိုင်ငံတကာမှာရော၊ မြန်မာနိုင်ငံမှာရော အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖို့ ကတိကဝတ်တွေ ရှိပါတယ်။ ကတိကဝတ်တွေ ထဲမှာ CEDAW လို့ခေါ်တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်းဗင်းရှင်းမှာဆိုရင် စတုတ္ထနဲ့ ပဉ္စမအကြိမ် အစီရင်ခံစာကို UN ကို တင်ပြီးပါပြီ။

UN-CEDAW ကော်မတီကနေ ကျွန်မတို့ကို အကြံပြုချက် ၅၆ ချက်နဲ့ ပြန်ပြီးတော့ ပေးပို့ထားပါတယ်။ ၅၆ ချက် ထဲမှာ အကောင်အထည်ဖော်လို့ရတဲ့ ကိစ္စရပ်တွေကို စတင်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့ အနေနဲ့ အာဆီယံအမျိုးသမီးရေးရာ ကော်မတီမှာဆိုရင်လည်း အဖွဲ့ဝင်နိုင်ငံ ဖြစ်တာနဲ့အညီ အာဆီယံအမျိုးသမီးတွေနဲ့ ပတ်သက်ပြီးတော့ Plan of action ရေးဆွဲထားတာရှိပါတယ်။



ညွှန်ကြားရေးမှူး
ဒေါ်နော်သဝါး

**နည်းပညာအဖွဲ့တွေဖွဲ့စည်း**

၂၀၁၆ မှ ၂၀၂၀ အထိ ငါးနှစ်တာ စီမံကိန်း ဖြစ်ပြီး ဒါတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အာဆီယံမှာလည်း အမျိုးသမီးများအား အကြမ်းဖက်မှု ပပျောက်ရေးအတွက် Plan of action ရေးဆွဲထားတာရှိပါတယ်။ ဒီစီမံချက်ကို အကောင်အထည်ဖော်ဖို့အတွက် မြန်မာနိုင်ငံအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့် ငါးနှစ်တာ အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် ကျွန်မတို့ နည်းပညာအဖွဲ့တွေဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းတဲ့အခါမှာ နည်းပညာလုပ်ငန်းအဖွဲ့ လေးဖွဲ့ကို ဖွဲ့ပါတယ်။ အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့၊ အမျိုးသမီးငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ ကျား၊ မ ရေးရာကို ကဏ္ဍပေါင်းစုံမှာ ထည့်သွင်းရေးဆွဲနိုင်ဖို့အတွက် နည်းပညာလုပ်ငန်းအဖွဲ့၊ အမျိုးသမီးတွေ နိုင်ငံရေးနဲ့ စီးပွားရေးမှာ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ဖို့ နည်းပညာလုပ်ငန်းအဖွဲ့ဆိုပြီး နည်းပညာအဖွဲ့ လေးဖွဲ့နဲ့ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့ အခါမှာ နည်းပညာလုပ်ငန်း အဖွဲ့ လေးဖွဲ့ကနေ ခြောက်လတာစီမံချက်တွေနဲ့ တစ်နှစ်တာ စီမံချက် ငါးနှစ်တာ စီမံချက်ဆိုပြီး ကာလ သုံးခုပိုင်းပြီး ရေးဆွဲပါတယ်။

အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး အကာအကွယ်ရရှိဖို့အတွက်၊ ဥပဒေပြုဖို့အတွက် ကျွန်မတို့ဝန်ကြီးဌာနအနေနဲ့ အမျိုးသမီးနဲ့ ပတ်သက်ပြီး ဥပဒေနှစ်ခု ရေးဆွဲလျက်ရှိပါတယ်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ၊ ပြည့်တန်ဆာဆိုင်ရာ ဥပဒေဆိုပြီး ဥပဒေနှစ်ခုကို ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါက ဥပဒေပြုရေးပဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ အကုန်လုံးကို

စာမျက်နှာ ၉ သို့

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ၎င်းတို့၏ မိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲကစားချိန်ပြီးဆုံးသည်အထိ တစ်ဂိုးစီ သရေဖြင့် အနိုင်၊ အရှုံးမပေါ်၍ ပယ်နယ်တီ အဆုံးဖြတ်ရယူရာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘောလုံးအသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလားကို ဆွတ်ခူးရရှိခဲ့သည်။

ယနေ့နံနက်ပိုင်းက တတိယနေရာလုပွဲကို ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအသင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ပဉ္စမ၊ စတုတ္ထ၊ တတိယနှင့် ဒုတိယ ဆုရရှိကြသည့် အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပထမဆုရရှိသည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘောလုံးအသင်းအား ဆုငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် အားပေးမှုအကောင်းဆုံး ပရိသတ်ဆုရရှိသော သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ပရိသတ်ကိုယ်စား ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်အား ဆုပေးအပ်ပြီး ဂုဏ်ပြုဆုဖလားကို ပထမဆုရရှိသည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘောလုံးအသင်းအား ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

၂၀၁၈ ခုနှစ် ဒုတိယအကြိမ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ဇွန် ၂၀ ရက်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး အသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ကြသည်။



သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘောလုံးအသင်းသည် ၂၀၁၇ ခုနှစ် ပထမအကြိမ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲတွင်လည်း ပြည်ထောင်စုဝန်ကြီးဖလားကို ရရှိခဲ့ပြီး ယခုနှစ်တွင် ဒုတိယအကြိမ် ပြည်ထောင်စုဝန်ကြီးဖလားကို နှစ်နှစ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## လာမည့်သောကြာ ရှုဖွယ်ရာ

# "တိုးကျော်မန်းနဲ့ နန်းဆန်တဲ့ရွာ" ရုပ်ရှင်ဇာတ်ကား ဇူလိုင် ၆ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသမည်



ပြေတီဦး



ဗေလုဝ



သင်ဇာဝင့်ကျော်



မိုးပွင့်ဖြူ



မေဆူးမောင်

**ရန်ကုန် ဇူလိုင် ၁**

ဝင်းထွဋ်ဝင်း+ဟေနွယ်ဦးတို့က စီစဉ်ပြီး CELEBRITY ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် "တိုးကျော်မန်းနဲ့ နန်းဆန်တဲ့ရွာ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်း အကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့သမ္မတ အဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇူလိုင် ၆ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ကျော်သားကြီးက ရိုက်ကူးထားခြင်းဖြစ်ပြီး အသက်အရွယ်ရသည့် အချိန်မှ ချစ်သူမိန်းကလေးငယ်တစ်ဦးကို တွေ့ရှိချစ်ကြိုက်ခဲ့ကာ ရုတ်တရက်ပျောက်ဆုံးသွားသည့် ချစ်သူအား သူငယ်ချင်း နှစ်ဦးနှင့်အတူ လိုက်လံရှာဖွေရာမှ အမျိုးသမီးများသာ နေထိုင်သော ထူးဆန်းသည့် ရွာသို့ ရောက်ရှိသွားပုံ၊ ရွာခံအမျိုးသမီးများ၏ ညှို့ဝတ်ကျေပွန်မှုနှင့် ရွာခံအမျိုးသမီးတို့၏ ထူးခြားသော အပြုအမူများအကြောင်း ပဲခူးရိုးမ၏ သဘာဝအလှအပများကို အခြေခံကာ တစ်မူထူးခြားဆန်းသစ်စွာ ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်း ရုပ်ရှင်ဇာတ်ကားကို ကျော်ရဲအောင်၊ ပြေတီဦး၊ ဗေလုဝ၊ သင်ဇာဝင့်ကျော်၊ အေးမြတ်သူ၊ မေဆူးမောင်၊ မိုးပွင့်ဖြူတို့နှင့် အခြားသော မော်ဒယ် သရုပ်ဆောင်များစွာဖြင့် ပုံဖော်ထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် ပြေတီဦးက "ဒီကားရိုက်ဖို့ ဇာတ်လမ်းကို တော်တော်ရွေးခဲ့ရပါတယ်။ ဒီဇာတ်လမ်းကို ရိုက်ကူးပုံဖော်ဖို့အတွက် လိုအပ်ချက်တွေများပါတယ်။ ဒါ့ကြောင့် လိုအပ်ချက်တွေကို ကျွန်တော်တို့တစ်တွေ ကြိမ်ဖန်များစွာ ဆွေးနွေးခဲ့ရပါတယ်။ မော်ဒယ်ကလည်း အများကြီးပါဝင်တယ်။ အကတွေကလည်း ပါချင်သေးတယ်ဆိုတော့ ဇာတ်လမ်းမစခင်ကတည်းက မော်ဒယ်အယောက် ၄၀ ကို စုပြီး အကတွေတိုက်၊ စသဖြင့်အလုပ်ရှုပ်ဆုံးကားလို့ ပြောလို့ရပါတယ်။ အခက်အခဲတွေများစွာထဲကနေပြီး ပဲခူးရိုးမရဲ့ အလယ်မှာရှိတဲ့ ရွာလေးကို ကွင်းဆင်းပြီး ရိုက်ခဲ့ကြတယ်။ ဒီကားနဲ့ ပတ်သက်ရင် အမှတ်တရပေါင်းများစွာရှိပါတယ်။ ကားက စမရိုက်ရသေးဘူး၊ ပဲခူးရိုးမ အလယ်ကို စရောက်ကတည်းက ဖုန်းလိုင်းတွေ မမိကြတော့ဘူး။ ဆက်သွယ်မှုဧရိယာပြင်ပကို အကုန်ရောက်သွားတာ။ ပြောရရင် ဒီကားကိုရိုက်တာ တော်တော် ပင်ပန်းကြပါတယ်။ မိန်းကလေးတွေ အယောက် ၄၀ လောက်ပါတဲ့အတွက် သူတို့ကို ပြောပြရတာတွေ၊ သင်ပြရတာတွေ စသဖြင့် ခက်ခက်ခဲခဲပင်ပင်ပန်းပန်းရိုက်ခဲ့ရပါတယ်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။ ပရိသတ်တွေအနေနဲ့ လာရောက်ပြီး ကြည့်ရှုအားပေးကြပါဦးလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ဗေလုဝက "ဒီဇာတ်လမ်းလေးကို ပြောကတည်းက ထူးထူးဆန်းဆန်းလေးဖြစ်လို့ ကြိုက်ခဲ့တာပါ။ ဒီကားလေးထဲမှာ တိုးကျော်မန်းဆိုတဲ့ နာမည်တွေထဲက ဇာတ်ဆောင်တစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တာပါ။ သရုပ်ဆောင် အသစ်တွေကြားမှာဆိုတော့ အခက်အခဲနည်းနည်းရှိတာပေါ့။ ဒါပေမယ့် ကြီးကြီးမားမားမဟုတ်ပါဘူး။ ဒီဇာတ်လမ်းလေးဟာ မြန်မာကားတွေထဲမှာ တစ်မျိုးထူးခြားပါတယ်။ ဒီလိုဇာတ်မျိုးရှားပါတယ်။ ဒီကားအမှတ်တရအနေနဲ့ကတော့ ပျော်လည်းပျော်တယ်၊ ပင်လည်း ပင်ပန်းကြပါတယ်။ ဒီဇာတ်ကားလေးဟာ ထူးထူးဆန်းဆန်း ကားလေးဖြစ်လို့ ပရိသတ်တွေအနေနဲ့ ကြည့်သင့်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် သင်ဇာဝင့်ကျော်က "ဒီဇာတ်လမ်းလေးက ပုံမှန်ဇာတ်လမ်းလေးထဲကနေ ကွဲထွက်နေတဲ့ဇာတ်လမ်းလေးဖြစ်တဲ့အတွက် စိတ်ဝင်စားလို့ ရိုက်ဖြစ်ခဲ့တာပါ။ ကိုယ်ပါဝင်ရမယ့် ဇာတ်ကောင်အတိုင်း အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ခဲ့ပါတယ်။ ဒီဇာတ်ကားလေးက ပြင်ဆင်မှုအပိုင်းမှာလည်း အများကြီးပြင်ဆင်ပြီးတော့ ရိုက်တာဖြစ်တယ်။ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြိုးစားပြီးတော့ ရိုက်ထားတာပါ။ သာမန်ဇာတ်လမ်းမဟုတ်တဲ့အတွက်ကြောင့် အားလုံးကြိုက်ကြမှာပါ။ ပရိသတ်တွေအနေနဲ့ ဒီဇာတ်ကားလေးကို ကြည့်ဖြစ်အောင်ကြည့်သင့်ပါတယ်။ ပုံမှန်ချစ်၊ ကြိုက်၊ ကွဲ၊ ညား ဇာတ်ကားမျိုးထဲက ကွဲထွက်တဲ့ ဇာတ်လေးဖြစ်တဲ့အတွက် ပရိသတ်တွေ ကျေနပ်မယ်လို့ ထင်ပါတယ်။ ဇူလိုင် ၆ ရက်နေ့မှာ ရုံတင်မှာပါ"ဟုပြောသည်။

သရုပ်ဆောင် မိုးပွင့်ဖြူက "ဒီကားထဲမှာ ဦးဗေကြီးရဲ့ ချစ်သူအနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ရုံကြီးကားအနေနဲ့ တတိယမြောက်ကားပါ။ ဒီကားထဲမှာဆိုရင် ညီမအနေနဲ့ အပျိုစင်ရွာကနေ စေလွှတ်လိုက်တဲ့အတွက် ရန်ကုန်က ဦးဗေကြီးနဲ့ တွေ့ဆုံတယ်။ သူနဲ့ရည်းစားဖြစ်တယ်။ ပြီးတော့ ရုတ်တရက် ပျောက်သွားပြီး အပျိုစင်ရွာကို ရောက်အောင် ခေါ်လာခဲ့တဲ့ ဇာတ်ကောင်နေရာမျိုး သရုပ်ဆောင်ထားပါတယ်။ အခက်အခဲတွေတော့ အများကြီးရှိခဲ့ပါတယ်။ ဒါပေမယ့်ဒါရိုက်တာနဲ့ အစ်ကို၊ အစ်မတွေရဲ့သင်ကြားပြသမှုတွေကြောင့် အားလုံး ကောင်းကောင်းမွန်မွန် အဆင်ပြေခဲ့ကြပါတယ်။ ဒီကားကတော့ သာမန်မြန်မာရုပ်ရှင်ကားတွေထက် တစ်မူထူးခြားတဲ့ ကားလေးပါ။ ပဲခူးရိုးမရဲ့ သဘာဝအလှတရားတွေနဲ့ ဇာတ်လမ်း၊ ဇာတ်အိမ်အရ ထူးထူးခြားခြားလေးဖြစ်အောင် ဟာသလေးတွေနဲ့ အမြင်ဆန်းသစ်ထားတဲ့ ကားလေးတစ်ကား ဖြစ်တာကြောင့် ပရိသတ်တွေအတွက် အမြင်ဆန်းစေမယ့် ကားလေးတစ်ကား ဖြစ်ပါတယ်။ အခြားဇာတ်ကားတွေနဲ့ အမြင်မတူဘဲ အသွင်ဆန်းသစ်ထားတဲ့ ဇာတ်ကားလေးဖြစ်လို့ ဟာသအပြင် သဘာဝအလှတရားတွေနဲ့ ပေါင်းစပ်ထားတဲ့အတွက် ပရိသတ်ကြီး ကျေနပ်နှစ်သက်မှာပါ။ လာရောက်ပြီး အားပေးကြပါ" ဟု ပြောသည်။

သရုပ်ဆောင် မေဆူးမောင်က " ညီမက ဒီဇာတ်ကားထဲမှာ ရွာထဲက ရွာသူတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားပါတယ်။ အမှတ်တရ အနေနဲ့ကတော့ နေပူပြီး ကြမ်းတမ်းတယ်။ အခက်အခဲတွေ အများကြီးကြားက ရိုက်ခဲ့ရတာပါ။ ဒီကားကတော့ ညီမအနေနဲ့ နှစ်ကားမြောက်ပါ။ ဇာတ်ဝင်ခန်းအားလုံးကို ကြိုက်ပါတယ်။ အမှတ်တရအနေနဲ့တော့ ရေတံခွန်မှာ ရေချိုးတဲ့အခန်းရိုက်တုန်းက ရေထဲဆင်းလိုက်တဲ့အချိန် အေးစက်နေလို့ ပြန်တက်ချင်စိတ်ဖြစ်သွားတယ်။ ဒါပေမယ့် ပျော်ဖို့ကောင်းပါတယ်။ ပရိသတ်ကြီးလည်း တစ်ခါမှ မမြင်ရသေးတဲ့ ရှုခင်းတွေကိုလည်း မြင်ရမယ်၊ မိန်းကလေးတွေ အများကြီးရှိတဲ့ ရွာကို အလယ်လာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်" ဟုပြောသည်။

ဇာတ်လမ်းအကျဉ်း အနေဖြင့် အသက်အရွယ်ရသည့်အချိန်မှ ချစ်သူမိန်းကလေးငယ်တစ်ဦးကို တွေ့ရှိချစ်ကြိုက်ခဲ့ပြီး ရုတ်တရက်ပျောက်ဆုံးသွားသည့်ချစ်သူအား သူငယ်ချင်းနှစ်ဦးနှင့်အတူ လိုက်လံရှာဖွေရာ အမျိုးသားတစ်ဦးမှ မရှိဘဲ အမျိုးသမီးများသာ နေထိုင်သော ထူးဆန်းသည့်ရွာသို့ သူငယ်ချင်းသုံးဦး ရောက်ရှိသွားသည်။ ရွာခံအမျိုးသမီးများ၏ ထူးခြားသော ဝတ်စားမှု ပုံစံ၊ အပြင်အဆင်များနှင့် ညှို့ဝတ်ကျေပွန်မှုတို့အပေါ် သူငယ်ချင်းသုံးဦး သာယာယစ်မူးနေပြီး လောကစည်းစိမ်ကို ခံစားနေရချိန်တွင် ထူးဆန်းသောရွာ၏ ရာဇဝင်များကို ရွာခံမိန်းမပျိုတစ်ဦးထံမှ သိရှိခဲ့ပြီး ယင်းရွာ၌ ဆက်လက်မနေလိုတော့သဖြင့် သူငယ်ချင်းသုံးဦး ထွက်ပြေးပုံ၊ ရွာခံအမျိုးသမီးတစ်ဦး၏ အကူအညီဖြင့် အခြားသော ရွာခံအမျိုးသမီးများအား ကျိန်စာမှ လွတ်မြောက်အောင် သူငယ်ချင်း သုံးယောက် ကြိုးစားပုံတို့ကို ပျော်ရွှင်ဖွယ်ရာ၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာဖြစ်အောင် ထူးခြားစွာ ရိုက်ကူးထားသော ဇာတ်ကားကောင်းတစ်ကားဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ဓာတ်ပုံ-ဇော်မင်းလတ်**

*စာမျက်နှာ ၈ မှ*

အကောင်အထည်ဖော် ဆောင်ရွက်ဖို့အနေနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ ဝန်ကြီးဌာနပေါင်းစုံက ဝိုင်းဝန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှအမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်မှုက အရှိန်အဟုန်နဲ့ ရရှိမှာ ဖြစ်ပါတယ်။

ဇူလိုင်လ ၃ ရက်နေ့မှာဆိုရင် မြန်မာအမျိုးသမီးများနေ့ကို ကျင်းပသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ၁၉၉၆ ခုနှစ်ကစပြီး ပေါ်ပေါက်ခဲ့ပါတယ်။ စတင်ပေါ်ပေါက်ခဲ့တဲ့ ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ခဲ့ပါတယ်။ မြန်မာအမျိုးသမီးများနေ့ကို သင်္ဂဟဟိုတယ်မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ဒီလိုကျင်းပတဲ့အခါမှာ အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်တွေကိုလည်း ပြသသွားမှာ ဖြစ်ပြီး၊ ဥပဒေရေးရာနဲ့ ပတ်သက်ပြီး အမျိုးသမီးတွေ သိရှိနားလည်စေဖို့အတွက် ဆွေးနွေးပွဲတွေကိုလည်း ကျင်းပသွားမှာ ဖြစ်ပါတယ်။ လက်မှုပစ္စည်းတွေကိုလည်း အဲဒီပွဲမှာ ခင်းကျင်းပြသပြီး ရောင်းချသွားမှာ ဖြစ်ပါတယ်။

**ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ-ရွှေကိုလေး**

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် အမျိုးသမီးကဏ္ဍ

**ပါမောက္ခဒေါက်တာခင်မာထွန်း**

မြန်မာအမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံမှ ချမှတ်သော ဘေဂျင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အမျိုးသားအဆင့်ယန္တရားအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်က စတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် ၂၂နှစ် တိုင်ခဲ့ပါပြီ။ ယခင်က ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ၊ ယခု ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ရှေ့ဆောင်မှုဖြင့် အမျိုးသမီးအဖွဲ့အစည်းများသည် မိမိတို့ တတ်စွမ်းသည့် ဘက်မှ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ဤဆောင်းပါးသည် မြန်မာအမျိုးသမီးများ စွမ်းအင်ပြည့်ဝစွာဖြင့် နိုင်ငံတကာအမျိုးသမီးများနှင့် ရင်ဘောင်တန်းနိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် အမျိုးသမီးကဏ္ဍဆက်နွှယ်မှုကို တင်ပြခြင်းဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည့် စီးပွားရေးမပြေလည်မှုများ၊ လိုအပ်လျက်ရှိနေသေးသော ကျန်းမာရေးစောင့်ရှောက်မှုများမှ အစပြု၍ ရာသီဥတုပြောင်းလဲမှုများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် မြင့်တက်လျက်ရှိသော ပဋိပက္ခဖြစ်မှုများကို ကျော်လွှားနိုင်ရန် ကျား-မ တန်းတူညီမျှရေးအခွင့်အရေးကို ဖြည့်ဆည်းပေးရန် လိုအပ်သည်။ ဤအခက်အခဲများကို ကြုံတွေ့နေရသည့် အမျိုးသမီးများအနေဖြင့် ဖြေရှင်းပေးနိုင်သော အကြံဉာဏ်များရှိသလို ကောင်းစွာစီမံခန့်ခွဲနိုင်သော ခေါင်းဆောင်မှု အရည်အချင်းနှင့် ပြည့်စုံပါသော်လည်း ခွဲခြားဆက်ဆံခံရမှု ရှိနေသရွေ့ရှေ့မှတိုးနိုင်ဘဲရှိနေမည်မှာ မလွဲကေန်ဖြစ်ပေသည်။

ထို့ကြောင့်ပင် ၂၀၁၅ ခုနှစ် အောက်တိုဘာလက ကျင်းပသောကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ခဲ့သည့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်(Sustainable Development Goals) ၁၇ ခုကို အကောင်အထည်ဖော်ရာတွင် မည်သူတစ်ဦးတစ်ယောက်မှ နောက်ချန်မထားရန်ဟူသော ရည်ရွယ်ချက်နှင့်အညီ ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းအင်ပြည့် လုပ်ပိုင်ခွင့်ရရှိရေး ပစ်မှတ်များကို ဦးစားပေးရန် လိုအပ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် တစ်ခုချင်းစီတွင်လည်း ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းအင်ပြည့်လုပ်ပိုင်ခွင့်ရရှိရေးတို့ကို အဓိကအခန်းကဏ္ဍအဖြစ် ထည့်သွင်းထားသည်။

UN Women ကထုတ်ပြန်သော ၂၀၁၈ ခုနှစ် အဓိကစာတမ်း၏ ခေါင်းစဉ်မှာ ၂၀၃၀ ခုနှစ် လုပ်ငန်းအစီအစဉ် ဖြစ်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတွင် ချမှတ်ခဲ့သော ကတိကဝတ်များကို လက်တွေ့ဆောင်ရွက်ကြရန်ဖြစ်သည်။ မြန်မာအမျိုးသမီးများအနေဖြင့် ကမ္ဘာတွင် နောက်ကျမကျန်ရစ်စေရန် အောက်ဖော်ပြပါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ခု၏ အခန်းကဏ္ဍများကို သိရှိထားရန် အထူးလိုအပ်သည်။

ပန်းတိုင် (၁) ဆင်းရဲမှုလျှော့ချရေးကဏ္ဍ - မည်သည့်နေရာမဆို ဆင်းရဲမှုမျိုးစုံကို အဆုံးသတ်ရန်။

ပန်းတိုင် (၂) ငတ်မွတ်ခေါင်းပါးမှုလျှော့ချရေးကဏ္ဍ - ငတ်မွတ်မှုအဆုံးသတ်ရန်၊ စိတ်ချရသော အစားအစာရရှိရန်နှင့် အာဟာရဓာတ်ပြည့်ဝရန်၊ ရေရှည်ဖွံ့ဖြိုးသော လယ်ယာကဏ္ဍ မြှင့်တင်ပေးရန်။

ပန်းတိုင် (၃) ကျန်းမာရေးကဏ္ဍ - အသက်အရွယ်မရွေး ကျန်းမာသန်စွမ်း၍ ချမ်းသာသုခနှင့် ပြည့်စုံသော ဘဝရရှိစေရေး တိုးမြှင့်ဆောင်ရွက်ပေးရန်။

ပန်းတိုင် (၄) ပညာရေးကဏ္ဍ - အရည်အသွေးရှိ၍သာ တူညီမျှရှိသော ပညာရေးကို အားလုံးသင်ယူနိုင်စေရန်နှင့် ဘဝတစ်သက်တာ ပညာသင်ယူခွင့် အခွင့်အလမ်းကို တိုးမြှင့်ပေးရန်။

ပန်းတိုင် (၅) ကျား-မ တန်းတူညီမျှရေး(အမျိုးသမီးများ) ကဏ္ဍ - အားလုံးသောအမျိုးသမီးနှင့်မိန်းကလေးငယ်များ ကျား-မ တန်းတူညီမျှရရှိရေးနှင့် စွမ်းအင်ပြည့် လုပ်ပိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်။

ပန်းတိုင် (၆) သန့်ရှင်းသောရေကဏ္ဍ - အားလုံးအတွက် သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် စီမံခန့်ခွဲမှု ရှိအောင် ဆောင်ရွက်ပေးရန်။

ပန်းတိုင် (၇) စွမ်းအင်ကဏ္ဍ - အားလုံးအတွက် သက်သာ၍ စိတ်ချရသော ရေရှည်တည်တံ့သည့် ခေတ်မီစွမ်းအင်ရရှိအောင် ဆောင်ရွက်ပေးရန်။

ပန်းတိုင် (၈) စီးပွားရေးကဏ္ဍ - စဉ်ဆက်မပြတ် အားလုံးပါဝင်နိုင်သည့် ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုးမှုတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် အကျိုးဖြစ်ထွန်း၍ သင့်လျော်သော အလုပ်အကိုင်ရရှိရေးကို တိုးမြှင့်ဆောင်ရွက်ပေးရန်။

ပန်းတိုင် (၉) အခြေခံအဆောက်အအုံကဏ္ဍ - ကြံ့ကြံ့ခံနိုင်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ အားလုံးပါဝင်နိုင်သည့် ရေရှည်တည်တံ့သော စက်မှုလုပ်ငန်းနှင့် တီထွင်ဆန်းသစ်မှုကို အားပေးရန်။

> **အသစ်ပြင်ဆင်ဖွဲ့စည်းထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ရှေ့ဆောင်မှုဖြင့် အမျိုးသမီးအဖွဲ့အစည်းများသည် မိမိတို့ တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းဆောင်ရွက်ကြသဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများ ရရှိကြသည်၊ သို့ရာတွင် မြန်မာအမျိုးသမီးများ၏ ဖွံ့ဖြိုးမှုသည် အခြားနိုင်ငံများ၏ အမျိုးသမီးများနည်းတူ ကျား-မ တန်းတူညီမျှရေးတွင် လိုအပ်ချက်များနှင့် ကွာဟချက်များ ရှိဆဲဖြစ်သည်၊ ထိုကွာဟချက် ကျဉ်းမြောင်းစေရန် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် အမျိုးသမီး အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် မြန်မာအမျိုးသမီးထု တစ်ရပ်လုံး ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်”**

ပန်းတိုင် (၁၀) မညီမျှမှုလျှော့ချရေးကဏ္ဍ - ပြည်တွင်း၌သော်လည်းကောင်း၊ နိုင်ငံအချင်းချင်းကြား၌သော်လည်းကောင်း မညီမျှမှုကို လျှော့ချပေးရန်။

ပန်းတိုင် (၁၁) နေထိုင်မှုကဏ္ဍ - မြို့ကြီးများနှင့် လူအများနေထိုင်သော ရပ်ကွက်၊ ကျေးရွာများကို လုံခြုံစိတ်ချရ၍ ရေရှည်ကြံ့ကြံ့ခံနိုင်သော အခြေအနေဖြစ်အောင် ဖန်တီးပေးရန်။

ပန်းတိုင် (၁၂) စားသုံးမှုကဏ္ဍ - ရေရှည်တည်တံ့ခိုင်မြဲသည့် စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံများကို ဆောင်ရွက်ပေးရန်။

ပန်းတိုင် (၁၃) ရာသီဥတုကဏ္ဍ - ရာသီဥတုပြောင်းလဲမှုနှင့် ယင်း၏သက်ရောက်မှုကို တိုက်ဖျက်ရန် အလျင်အမြန် လုပ်ငန်းစဉ်များချမှတ်ပြီး အရေးယူဆောင်ရွက်ပေးရန်။

ပန်းတိုင်(၁၄) အဏ္ဏဝါဂေဟစနစ်ကဏ္ဍ - စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် သမုဒ္ဒရာများ၊ ပင်လယ်များနှင့် အဏ္ဏဝါအရင်းအမြစ်သယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန်။

ပန်းတိုင်(၁၅) ဂေဟစနစ်ကဏ္ဍ - ကုန်းမြေဂေဟစနစ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊ ပြန်လည်ထိန်းသိမ်းခြင်းနှင့် ရေရှည်အသုံးပြုနိုင်ရန် တိုးမြှင့်ဆောင်ရွက်ခြင်း၊ သစ်တောများ ရေရှည်တည်တံ့ရန် စီမံခန့်ခွဲခြင်း၊ တစ်စတစ်စ နှင့် သဲကန္တာရဖြစ်ခြင်းကို တိုက်ဖျက်ခြင်း၊ မြေယာပျက်စီးဆုံးရှုံးမှုကို ရပ်တန့်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုကို ရပ်တန့်ခြင်း တို့ကို ဆောင်ရွက်ပေးရန်။

ပန်းတိုင်(၁၆) အဖွဲ့အစည်းကဏ္ဍ - ရေရှည်ဖွံ့ဖြိုးမှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်သော လူမှုအဖွဲ့အစည်းကို တိုးမြှင့်ဆောင်ရွက်ပေးရန်၊ အားလုံးအတွက် တရားဥပဒေစိုးမိုးရေးရှိစေရန်၊ အလွှာအသီးသီးတွင် ထိရောက်၍ တာဝန်ခံမှုရှိသော အားလုံးပါဝင်နိုင်သည့် အဖွဲ့အစည်းများ တည်ထောင်ပေးရန်။

ပန်းတိုင်(၁၇) ပူးပေါင်းဆောင်ရွက်ခြင်းကဏ္ဍ - ရေရှည်ဖွံ့ဖြိုးမှုအတွက် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်အားကောင်းစေရန် အကောင်ထည်ဖော်သည့်နည်းလမ်းများကို အားဖြည့်ပေးရန်။

ပန်းတိုင်တစ်ခုချင်းစီတွင် ရည်မှန်းချက်များ(Targets) ပါဝင်ပြီး ရည်မှန်းချက် အကောင်အထည်ဖော်မှုကို တိုင်းတာသည့် ညွှန်းကိန်းများ(Indicators) ကိုလည်း သတ်မှတ်ထားသည်။ ပန်းတိုင် ၁၇ ခုအတွက် ရည်မှန်းချက် (Target) ၁၆၉ ခုနှင့် ညွှန်းကိန်း (Indicator) ၂၃၂ ခု ပါဝင်သည်။ ပန်းတိုင်တစ်ခုချင်းစီ၏ ရည်မှန်းချက် (Target) အရေအတွက်နှင့် ညွှန်းကိန်း (Indicator) အရေအတွက်တို့မှာ မတူညီကြပေ။

၂၀၃၀ လုပ်ငန်းစီမံချက်ပါ ကျား-မ တန်းတူညီမျှရေးနှင့် စပ်လျဉ်းသော ကတိကဝတ်များသည် ပေါ်လွင်ပြည့်စုံသည့်အပြင် ကဏ္ဍများဆက်စပ်ပါဝင်လျက်ရှိသည်။ အမျိုးသမီးများအတွက် အဓိကအကျဆုံးဖြစ်သည့် ပန်းတိုင်(၅)တွင် ရည်မှန်းချက် 5.1, 5.2, 5.3, 5.4, 5.5, 5.6, 5.a, 5.b, 5.c နှင့် ညွှန်းကိန်း 5.1.1, 5.2.1, 5.2.2, 5.3.1, 5.3.2, 5.4.1, 5.5.1, 5.5.2, 5.6.1, 5.6.2, 5.a.1, 5.a.2, 5.b.1, 5.c.1 တို့ပါဝင်သည်။ တစ်နည်းအားဖြင့် ပန်းတိုင်(၅)တွင် စုစုပေါင်း ရည်မှန်းချက် ကိုးခုကို အကောင်ထည်ဖော်ရာ၌ အောက်ပါ ညွှန်းကိန်း ၁၄ ခုဖြင့် ဖော်ပြရန်ဖြစ်သည်။

ပန်းတိုင်(၅)၏ ရည်မှန်းချက် (Target 5.1) တွင် နေရာအနှံ့တွင်ဖြစ်ပေါ်နေသည့် အမျိုးသမီးနှင့် အမျိုးသမီးငယ်ရွယ်သူများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းများ အဆုံးသတ်ရေး၊

ရည်မှန်းချက် (Target 5.2) တွင် လူကုန်ကူးခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် အခြားခေါင်းပုံဖြတ်ခြင်း အပါအဝင် အမျိုးသမီးနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် အများပြည်သူမြင်ကွင်းနှင့် ဆိတ်ကွယ်ရာနေရာများတွင် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်းများ ပပျောက်ရေး၊

ရည်မှန်းချက် (Target 5.3) တွင် အရွယ်မရောက်မီ အတင်းအကြပ် စောစီးစွာလက်ထပ်ပေးခြင်း၊ အန္တရာယ်ရှိသည့် ထိခိုက်နစ်နာစေသော အလေ့အထများအားလုံး ပပျောက်ရေး၊

ရည်မှန်းချက် (Target 5.4) တွင် ဝင်ငွေမရရှိသည့် အိမ်ထောင်စုလုပ်ငန်းများနှင့် ပြုစုစောင့်ရှောက်မှုလုပ်ငန်းဖြစ်သည့် ဝန်ဆောင်မှုကဏ္ဍများ၊ လူမှုအကာအကွယ်ပေးရေး မူဝါဒနှင့် အခြေခံအဆောက်အအုံများ၊ အိမ်ထောင်စုအတွင်း တာဝန်ခွဲဝေယူမှုနှင့် မိသားစုအား သင့်လျော်သည့် အမျိုးသားရေးကဲ့သို့ အသိအမှတ်ပြုတန်ဖိုးထားပေးရေး၊

ရည်မှန်းချက် (Target 5.5) တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ပြည်သူ့ဘဝများ အစရှိသော ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် ခေါင်းဆောင်မှုအဆင့်စုံတွင် အမျိုးသမီးများ အပြည့်အဝနှင့် ထိရောက်သည့် ပါဝင်မှုနှင့် အခွင့်အရေး တန်းတူညီမျှရေး၊

ရည်မှန်းချက် (Target 5.6) တွင် လူတိုင်း မျိုးဆက်ပွား၊ သားဆက်ခြား ကျန်းမာရေးနှင့် မျိုးဆက်ပွားမှု အခွင့်အရေးများကို ICPD သဘောတူညီချက်၊ ဘေဂျင်းကြေညာစာတမ်းနှင့် ညီလာခံ၏ ပြန်လည်သုံးသပ်ချက်ရလာဒ်များအရ ရရှိစေရေး၊

ရည်မှန်းချက် (Target 5.a) တွင် စီးပွားရေးအရင်းမြစ်များ၊ မြေယာနှင့် မိမိပိုင်ဆိုင်ခွင့်များအပေါ် စီမံခန့်ခွဲပိုင်ခွင့်၊ ငွေကြေးဝန်ဆောင်မှု၊ အမွေဆက်ခံမှုနှင့် သဘာဝသယံဇာတအရင်းမြစ်များကို နိုင်ငံတော်၏ ဥပဒေများအရ အမျိုးသမီးများ တန်းတူလက်လှမ်းမှီနိုင်စေရေး၊

ရည်မှန်းချက် (Target 5.b) တွင် ခေတ်မီနည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းစနစ်များ အသုံးပြုခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည် တိုးမြှင့်ရေး၊

ရည်မှန်းချက် (Target 5.c) တွင် အလွှာအသီးသီးတွင်ရှိသော အမျိုးသမီးနှင့် မိန်းကလေးများအားလုံး၏ ကျား-မ တန်းတူညီမျှရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် သင့်လျော်သည့် မူဝါဒနှင့် ဥပဒေများချမှတ်ရေး။

အခြားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များ၏ ရည်မှန်းချက်များတွင်လည်း ကျား-မ တန်းတူညီမျှရေးကို အခြေခံထားသဖြင့် အကောင်ထည်ဖော်ရာတွင် ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားရန် လိုသကဲ့သို့ လူ့အခွင့်အရေး အခြေပြုနည်းလမ်းကို အသုံးပြုမှသာ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ထို့အပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်ထည်ဖော်ရာတွင် အောင်မြင်မှု ရှိ၊ မရှိအကဲဖြတ်ဆန်းစစ်ရာ၌ တိုင်းတာနိုင်သည့် ညွှန်းကိန်းများအတွက် ရရှိနိုင်သော ကျား-မ အခြေပြု ဆက်နွှယ်နေသော စာရင်းအချက်အလက်များကို အခြေခံ၍ ကျား-မ ကွာဟမှုနှင့် တွေ့ကြုံလျက်ရှိသော စိန်ခေါ်မှုများကို သိရှိနိုင်မည်ဖြစ်သည်။

အသစ်ပြင်ဆင်ဖွဲ့စည်းထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ရှေ့ဆောင်မှုဖြင့် အမျိုးသမီးအဖွဲ့အစည်းများသည် မိမိတို့ တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းဆောင်ရွက်ကြသဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများ ရရှိကြသည်။ သို့ရာတွင် မြန်မာအမျိုးသမီးများ၏ ဖွံ့ဖြိုးမှုသည် အခြားနိုင်ငံများ၏ အမျိုးသမီးများနည်းတူ ကျား-မ တန်းတူညီမျှရေးတွင် လိုအပ်ချက်များနှင့် ကွာဟချက်များ ရှိဆဲဖြစ်သည်။

ထိုကွာဟချက် ကျဉ်းမြောင်းစေရန် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် အမျိုးသမီးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် မြန်မာအမျိုးသမီးထု တစ်ရပ်လုံး ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ၂၀၃၀ ခုနှစ်လုပ်ငန်းအစီအစဉ်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ရှေ့ဆက်လက်ပြီး အားလုံး အားသွန်ခွန်စိုက် တိုးမြှင့်ဆောင်ရွက်ခြင်းနှင့်အတူ အောင်အောင်မြင်မြင် အကောင်ထည်ဖော်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

## မော်လမြိုင်နှင့် ရေးမြို့နယ်တို့မှ ရေကြီးနစ်မြုပ်မှုများ ပြန်လည်ထူထောင်ရေး ငွေနှင့် ဆန်အိတ်များလှူဒါန်း

**မော်လမြိုင် ဇူလိုင် ၁**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ဇွန်လတတိယအပတ်က မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေကျဆင်းလာမှုများကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ပြီး ရေဘေးသင့်ခဲ့ရသော ပြည်သူများ၏ ပြန်လည်ထူထောင်ရေးအတွက် Excellent Fortune Foundation မှ အလှူငွေ ကျပ်သိန်း ၂၀၀ နှင့် ဆန်အိတ်များကို မော်လမြိုင်မြို့နယ်နှင့် ရေးမြို့နယ်များသို့ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ဘက်စုံပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ငွေကျပ် သိန်း ၁၀၀ ကို Excellent Fortune Foundation မှ တာဝန်ရှိသူများက ဇွန် ၂၉ ရက် နံနက်က မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံ ပေးအပ်ခဲ့ပြီး ညနေပိုင်းတွင် ရေးမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ဆန်အိတ် ၅၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့သည်။

မွန်ပြည်နယ်တွင် ယခု ဇွန်လအတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးမှုများကြောင့် တန်ဖိုးကျပ်သိန်းပေါင်း ၆၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။ ယခု ထောက်ပံ့လှူဒါန်းသည့် Excellent Fortune Foundation သည် ၂၀၁၆ အောက်တိုဘာလက စတင်ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းဖြစ်ပြီး ဖွဲ့စည်းပြီးချိန်မှစ၍ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးနယ်ပယ်တို့တွင် လိုအပ်သည်များကို ဖြည့်ဆည်းကူညီပေးလျက်ရှိရာ ယခုနှစ်အထိ အလှူငွေ ကျပ် ၅၅၉၇ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၇၅၀၀ ကို လှူဒါန်းပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**



# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် အင်္ဂလိပ်စာဘာသာရပ် နမူနာမေးခွန်းပုံစံ (၂)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေလ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

2019
MATRICULATION EXAMINATION
DEPARTMENT OF MYANMAR EXAMINATION
ENGLISH Time Allowed: (3) Hours
WRITE YOUR ANSWERS IN THE ANSWER BOOKLET.
ANSWER ALL QUESTIONS.

**I. Read the passage.**

Different people have different ideas of beauty or handsomeness. You only have to look at those around you to realize that people are attracted by every possible physical type. Some people find plumpness attractive. Some go for black hair; **others**, brown. At different times in history, writers and artists have admired pure, high foreheads or low, broad ones; large, round, lustrous eyes or slanting, inscrutable ones; sloping shoulders or broad, square ones; wide, humorous mouths or neat, small ones; turned-up noses or straight ones. Some think that men who are tall, dark and muscular are handsome but for some, those who are fair and slightly built are cute.

If you are worried about how you look, you're certainly not the only one. Most of your friends probably feel equally insecure, though they may not admit or show it. Girls who are tall usually long to be dainty and small, and vice versa; plump girls with rosy round faces would love to be pale and delicate; slender girls with very white skin hate their pale and colourless look.

**(A) Write the correct word or words to complete each sentence.** **(5 marks)**

(1) Ideas of beauty and handsomeness ---------- from person to person.
(2) If we look at those around us, we will realize that every possible physical type ------people.
(3) Two types of ---------- mentioned in the passage are pure high ones and low broad ones.
(4) If you are worried about your look, it is ---------- that you're not the only one.
(5) Many people are ---------- about their looks though they may not admit or show it.

**(B) Answer each question in one sentence.** **(5 marks)**

(6) What does the word ,'**others**' in line 3 refer to?
(7) At different times in history, who have admired different types of physical features?
(8) What kind of men is handsome for you?
(9) What kind of girls would like to be tall?
(10) What kind of boy or girl would you like to be?

**II. Fill in each numbered blank with a word from the list given. There are five extra words. Write down only the number of the blank and the word that fills it. (10 marks)**

| | | | | |
|---|---|---|---|---|
| a | began | concern | concerned | enough |
| France | French | have | horse | hour |
| in | keep | look | of | or |
| or | put | royal | such | tell |
| the | the | the | they | use |

It was about 600 years ago that ---(1)--- first clock with a face and an ---(2)--- hand was made. One of the first ---(3)--- clocks was built for a king of ---(4)--- and placed in a tower of the ---(5)--- palace. The clock did not show minutes ---(6)--- seconds. Usually it did not even show ---(7)--- correct hour! Since there were no planes ---(8)--- trains to catch, however, people were not ---(9)--- about knowing the exact time.

Gradually, clocks ---(10)--- to be popular. They still did not ---(11)--- correct time, but they were unusual, and ---(12)--- could be beautifully decorated. One clock was ---(13)--- the shape of a cart with a ---(14)--- and driver. One of the wheels was ---(15)--- face of the clock.

Watches came into ---(16)--- as soon as clocks were made small ---(17)--- to be carried. These did not always ---(18)--- the correct time, either. They were often ---(19)--- into beautiful watchcases, which were made to ---(20)--- like anything the owner wanted.

**III. (A) Choose the appropriate word to complete the sentences** **(5 marks)**

(1) The plane crash resulted ---------- the deaths of 65 passengers.
A. at B. in C. on
(2) She got a well-paid job as she is --------- in both English and Chinese.
A. proficient B. clever C. good
(3) Windows are very important because they make a room ---------- spacious.
A. looks B. look C. looking
(4) There are ---------- candies for all the children in this room.
A. sufficient B. necessary C.favourable
(5) The view from the summit of the mountain is so ---------- that we took hundreds of photos.
A. relaxing B. encouraging C.breathtaking

**(B) Write the appropriate words or groups of words to complete the lines of verse.** **(5 marks)**

(6) A great steel bridge
With towers ----------;
(7) Till evening shut her deep blue tent
Over my --------------.
(8) No time to see, in ----------------,
Streams full of stars, like skies at night:
(9) For song and mother-croon of bird
In ---------- twilight heard —
(10) Birds sing in tune
To -----------------;

**IV. Give complete answers to these questions.** **(10 marks)**

(1) What did Jenny Bishop do with the diamond earrings given by her husband and why?
(2) Name two advantages of self-service supermarkets.
(3) What is Angkor Wat and why is it different from all the other Khmer temples?
(4) Who said these words and to whom were they said? What do they mean?
"Oh, to hell with your stars and constellations!"
(5) What do these lines mean?
Content to breathe his native air
In his own ground.

**V. Read the passage.**

The Titanic was the largest ship ever built when it left English in April, 1912, on its first voyage across the Atlantic Ocean to New York City. It was said to be "unsinkable". But at 11:40 p.m. on April 14, the luxury ship hit an iceberg south of Newfoundland, and it sank less than three hours later. Over 1,500 passengers and crew drowned or froze to death in the icy water, and there were only 705 survivours.

But this terrible disaster could have been avoided. Captain Edward J. Smith knew that there was a major risk of icebergs in the north Atlantic, but he didn't reduce the ship's speed. So by the time the lookouts saw the iceberg, the ship was moving too fast to avoid it. If the ship had slowed down earlier, there would have been time to change course. One problem was the number of lifeboats. The Titanic was designed to carry 64 lifeboats, but it had only 20 to save space on deck. Only 18 lifeboats were launched, and most of these were not full. The crew hadn't even had a lifeboat drill. They would have saved 500 more lives if the lifeboats had been full. Most of the survivors lost family members and wished they had never set sail on the Titanic.

**Answer these questions. Give complete answers.** **(10 marks)**

(1) What kind of ship was the Titanic and what was its destination?
(2) Why couldn't the captain of the Titanic avoid hitting the iceberg?
(3) How could the captain of the Titanic have avoided the disaster?
(4) What would happen if there were enough lifeboats for all the passengers?
(5) Why do you think so many people died in the Titanic disaster?

**VI. Punctuate the following.** **(5 marks)**

(1) thura said its all right dont worry about it
(2) icant come today he said but ill come tomorrow
(3) ill tell your parents if i see you smoking again thida said to zeyar
(4) teacher said do you know why thinzarcouldnt come
(5) mother said to her daughter you arent going to school today are you

**VII. (A) Finish each sentence in such a way that it means exactly the same as the sentence that is given.** **(10 marks)**

(1) The guests had lunch and then they enjoyed the performance.
After the guests ------------------------------------------------------.
(2) The school was immediately rebuilt by the local community. It was destroyed by the strong wind.
The school which -------------------------------------------------------------.
(3) Many students want to pass the examination, but they do not study regularly.
Without ---------------------------------------------------------------------------.
(4) Proteins are essential for children. Vitamin C is essential for children too.
Not only ---------------------------------------------------------------------------.
(5) My uncle is a fast and efficient cashier and so is my aunt.
Both ------------------------------------------------------------.
(6) Fried rice is one of our family's favorite meals. We eat it at least twice a week.
We eat fried rice, ----------------------------------------------------------------------.
(7) He is so young and inexperienced that he is not aware of the danger.
He is too -------------------------------------------------------------------.
(8) Although he was the oldest among the runners, he stood first in the marathon.
In spite of ----------------------------------------------------------------------------.
(9) Thiha said to his friend, "What happened to the book that I gave you yesterday?"
Thiha asked ----------------------------------------------------------------------------.
(10) If you eat more fruit and vegetables, you will have less chance of getting cancer.
The more -------------------------------------------------------------------------------.

**(B) Using the prompts given, write a very short paragraph on ONE of the following:** **(10 marks)**

**Vietnam- a country worth visiting**
- country – Southeast Asia – long–narrow – widens – North- south
- there – many beautiful beaches – Vietnamese coastline – North – South
- boasts primitive forests – precious flora – fauna – high mountains – temperate climate
- lakes – rivers – streams – waterfalls – grottoes make – wonderful beauty spots – country
- Hanoi – capital – country has – age-old culture
- citadel – temples – palaces constructed – various royal dynasties – seriously destroyed
- there – many cultural monuments still existing – Hanoi
- many museums – theatres – exhibition halls – national libraries – scientific libraries – concentrated there
- other outstanding places – historical-cultural significance – found – country
- Vietnam – one – the ASEAN countries – well worth visiting

**How the dreams of Jim and his mother came true**
- Jim Bishop – ten years – used to go – beach – mother
- dreamed – owning – house – same beach one day – grew up
- would like – look – ocean every day – all – its moods
- he dreamed – having – servants – carry silver trays – sweets – chocolate bars
- grew up – hard times – salary – father – cut
- mother made – clothes – sewing machine – sewed rosettes –silk garters – night
- became – writer – book – wrote became – best-seller – 16 countries
- dream came true – became rich – bought – house – same beach
- invited – parents – house – gave – diamond earrings – mother
- this way – dreams – Jim Bishop – mother came true

**VIII. Choose a situation given below and write a letter. Do not write more than 300 words.** **(10 marks)**

You are **Yin Yin**. Your address is No. 72, 45th Street, Yangon. Write a letter to your brother, **Myo Thu** who does not like vegetables. Tell him to make a habit of eating vegetables and explain the benefits of it.

**(OR)**

You are **Thu Thu**. Your address is No. 44, Aye TharYar Street, Mawlamyine. You have just come back after making a donation to a poor village. Write a letter to your friend, **Win Kyaw**, telling him about the donation you made and why you did so.

**IX. Write an essay of three paragraphs on ONE of the following. Do not write more than 500 words.** **(15 marks)**

The importance of growing trees
**(OR)**
School activities students should take part in
**(OR)**
The advantages and disadvantages of learning by heart

# မက္ကဆီကိုအသင်းကို လွယ်လွယ်အနိုင်မရနိုင်တဲ့ ဘရာဇီး

ဝင်းမြတ်

**၂ ဇူလိုင်လ ၂၀၁၈ ည ၈း၃၀ (Samara Arena)**



ဇူလိုင် ၂ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ပွဲစဉ်တွေကို ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး



နာမည်ကြီးအသင်းဖြစ်တဲ့ ဘရာဇီးအနေနဲ့ မက္ကဆီကိုတို့ ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

### ဘရာဇီးရဲ့အခြေအနေ

ဘရာဇီးအနေနဲ့ အုပ်စု(E)မှာ အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့် တက်ရောက်လာနိုင်တာဖြစ်သလို အုပ်စုအတွင်းမှာလည်း ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာ တွေ့ရပါတယ်။ နေမာတစ်ကိုယ်ကောင်းဆန်ဆန် ကစားနေပေမယ့် ထိုးဖောက်ကစားအား ကောင်းမွန်သလို ကွင်းလယ်ပိုင်းကလည်း တောင့်တင်းမှုရှိတဲ့အပြင် ကော်တင်ညို၊ ပေါ်လင်ညိုတို့လို ကစားသမားတွေလည်းရှိနေပါတယ်။

### မက္ကဆီကိုရဲ့အခြေအနေ

မက္ကဆီကိုကတော့ အုပ်စု (F) မှာ အုပ်စုဒုတိယနေရာနဲ့နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ဆွီဒင်ကို ဂိုးပြတ် အရေးနိမ့်ခဲ့ရလို့သာ အုပ်စုဒုတိယဖြစ်ခဲ့တာဖြစ်ပြီး တန်ပြန်တိုက်စစ်ကစားပုံ ကောင်းမွန်သလို အသင်းလိုက် ကစားပုံလည်း လျင်မြန်မှုရှိတဲ့ အသင်းဖြစ်ပြီး ဂျာမနီကိုတောင် အနိုင်ယူနိုင်ခဲ့တာတွေ့ရပါတယ်။

### သုံးသပ်ချက်

ဘရာဇီးတို့နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့် မက္ကဆီကိုကလည်း တုံ့ပြန်ကစားအား ကောင်းမွန်မှုရှိတာတွေ့ရပါတယ်။ အထူးသဖြင့် မက္ကဆီကိုက လျင်မြန်မှုရှိလို့ ဘရာဇီးတို့ အခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

# ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာမယ့် ဘယ်လ်ဂျီယံ

**၃ ဇူလိုင်လ ၂၀၁၈ နံနက် ၀၀း၃၀ (Rostov Arena)**



လာမယ့် ဇူလိုင် ၃ ရက် နံနက်ပိုင်းမှာလည်း ၂၀၁၈ ကမ္ဘာ့ဖလား ပြိုင်ပွဲကြီးရဲ့ ၁၆ သင်းအဆင့် ပွဲစဉ်တွေကို ဆက်လက်



ကျင်းပမှာဖြစ်ပြီး ဘယ်လ်ဂျီယံနဲ့ ဂျပန်တို့ဆုံတွေ့နေလို့ အကြိတ်အနယ် ရှိနိုင်ပါတယ်။

### ဘယ်လ်ဂျီယံရဲ့အခြေအနေ

ဘယ်လ်ဂျီယံဟာ အုပ်စု (G)မှာ အကောင်းဆုံးခြေစွမ်းတွေနဲ့အတူ အုပ်စုပွဲ သုံးပွဲစလုံး အနိုင်ရခဲ့ကာ အုပ်စုပထမနေရာနဲ့နောက်တစ်ဆင့်ကို တက်ရောက်လာနိုင်တာဖြစ်ပါတယ်။ ဘယ်လ်ဂျီယံမှာ လူကာကူခြေစွမ်းပြနိုင်ခဲ့လို့ တိုက်စစ်ပိုင်း ထက်မြက်ခဲ့ပြီး ဟာဇက်၊ ဒီဘရူနီ၊ ကာရက်စကိုတို့လို ထိုးဖောက်ကစားပုံ ကောင်းမွန်တဲ့ကစားသမားတွေ ရှိနေလို့လည်း ဘယ်လ်ဂျီယံရဲ့တိုက်စစ် ထက်မြက်လွန်းခဲ့ပါတယ်။

### ဂျပန်ရဲ့အခြေအနေ

ဂျပန်ကတော့ အုပ်စု(H)မှာ အုပ်စု ဒုတိယနေရာကိုသာ ရယူနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ အထူးသဖြင့် ဂျပန်ရဲ့ ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာ မရှိခဲ့တာ တွေ့ရပါတယ်။ ခံစစ်ပိုင်းက အားနည်းမှုတွေရှိခဲ့ပြီး အုပ်စုတွင်း သုံးပွဲစလုံး ဂိုးတွေပေးခဲ့ရတာကိုလည်း တွေ့ရှိရပါတယ်။

### သုံးသပ်ချက်

ဒီနှစ်သင်းကိုသုံးသပ်ကြည့်မယ်ဆိုရင်တော့ ဂျပန်ဟာ အသင်းလိုက်စွမ်းဆောင်ရည်မှာရော တစ်ဦးချင်းခြေစွမ်းပိုင်းမှာပါ ဘယ်လ်ဂျီယံကို မမီပါဘူး။ အထူးသဖြင့် ဂျပန် ခံစစ်အားနည်းလို့ ဘယ်လ်ဂျီယံတိုက်စစ်ကို ထိန်းချုပ်ဖို့ခက်ပြီး ဘယ်လ်ဂျီယံကသာ နိုင်ပွဲရသွားမှာပါ။

# မြန်မာ ယူ-၁၉ အမျိုးသားဘောလုံးအသင်း တီမောအသင်းနှင့် ယနေ့ အဖွင့်ပွဲကစားမည်

**ရန်ကုန် ဇူလိုင် ၁**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ဇူလိုင် ၁ ရက်မှစ၍ ကျင်းပလျက်ရှိပြီး အုပ်စု (ခ)ပွဲစဉ်များကို ဇူလိုင် ၂ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ကာ မြန်မာအသင်းသည် တီမောအသင်းနှင့် အဖွင့်ပွဲ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး မြန်မာအသင်းသည် အုပ်စု (ခ) တွင် တီမော၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းအသင်းတို့နှင့် ပါဝင်နေသည်။ မြန်မာအသင်းအတွက် တီမောအသင်းနှင့် အဖွင့်ပွဲမှာ အရေးပါနေပြီး နိုင်ပွဲရယူနိုင်ပါက ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အခွင့်အရေးများသွားမည်ဖြစ်သည်။ မြန်မာအသင်း ပါဝင်သော အုပ်စု (ခ) မှာ အသင်းကြီးဖြစ်သည့် မလေးရှားတစ်သင်းသာ ပါဝင်သော်လည်း ပေါ့ဆ၍မရဘဲ ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့၏ ခြေစွမ်းများကြောင့် သတိပြုကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှု နှစ်လနီးပါးရထားပြီး ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၁၈ အသင်းမှ ကစားသမားအများစု ပါဝင်လာသောကြောင့် အင်အားတောင့်တင်းလျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြိုင်ပွဲမတိုင်မီ စင်ကာပူ ခြေစမ်းခရီးစဉ်သွားရောက်ခဲ့ပြီး စင်ကာပူ ယူ-၂၃ အသင်းကို ခြေစမ်းပွဲတွင် နှစ်ဂိုးပြတ် အနိုင်ရခဲ့သောကြောင့် ကစားသမားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ အမြင့်ဆုံးရောက်နေဖွယ်ရှိနေသည်။ မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက“ကျွန်တော်တို့ အသင်းပါဝင်တဲ့ အုပ်စု (ခ) ကို အုပ်စုချောင်တယ်လို့ သတ်မှတ်ပေမယ့် ကျွန်တော်ကတော့ အဲဒီလို မသတ်မှတ်ပါဘူး။ အသင်းတိုင်းက ပြိုင်ပွဲတစ်ခု လာရောက်ယှဉ်ပြိုင်ပြီဆိုရင် သေချာပြင်ဆင်ပြီးမှ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ပွဲတစ်ခုမှာ အသင်းကြီး၊ အသင်းငယ်မရှိပါဘူး။ အားလုံးကို ပြိုင်ဘက်ကောင်းအဖြစ် သဘောထားပြီး ယှဉ်ပြိုင်မှာပါ။ ကစားသမားတွေကိုလည်း မှာကြားထားပါတယ်။ ပြိုင်ဘက်တိုင်းကို လေးလေးစားစား ကစားမှာပါ။ ပထမအဆင့်အနေနဲ့ ဆီမီးဖိုင်နယ်တက်ရောက်နိုင်အောင် ကြိုးစားမှာပါ”ဟု ပြောသည်။

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၆ ရက်တွင် ကမ္ဘောဒီးယား၊ ဇူလိုင် ၈ ရက်တွင် ဘရူနိုင်း၊ ဇူလိုင် ၁၀ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**



မြန်မာ ယူ-၁၉ အသင်း ပြိုင်ပွဲမတိုင်မီ လေ့ကျင့်နေစဉ်။

ဓာတ်ပုံ-စိုးညွန့်

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၇ နှစ်အောက် ဘောလုံးပြိုင်ပွဲဖွင့်

**မန္တလေး ဇူလိုင် ၁**

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ဗထူးအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူး အား/ကာ သိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲကြီးကြပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ပြိုင်ပွဲဝင် ဘောလုံးအသင်း ၂၈ သင်းတို့မှ အားကစားဦးစီးအရာရှိများ၊ အသင်းအုပ်ချုပ်သူ နည်းပြဆရာများ၊ အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြပြီး ဖွင့်ပွဲနေ့ ပွဲစဉ်အဖြစ် သာစည်မြို့နယ်အသင်းနှင့် မြစ်သားမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ ယင်းပြိုင်ပွဲတွင် သာစည်မြို့နယ်အသင်းက ကိုးဂိုး-ဂိုးမရှိဖြင့် ခြေစွမ်းပြ ယှဉ်ပြိုင်အနိုင်ရရှိသွားကြောင်း သိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းမှ ပြိုင်ပွဲဝင် ၂၈ သင်းတို့က အုပ်စု ကိုးအုပ်စုဖြင့် ပါဝင်ကြကာ ရွှေမန်းတောင် အားကစားကွင်းနှင့် မဟာအောင်မြေ အားကစားကွင်းတို့တွင် ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ပြိုင်ပွဲအဖြစ် ဇူလိုင်၂ရက်မှ ဇူလိုင် ၉ ရက်အထိ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အာရှအားကစားပြိုင်ပွဲတွင် ဝူရှူးအားကစားနည်း အတန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၁**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ၂ရက်အထိ လက်ခံကျင်းပမည့်(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝူရှူးအားကစားနည်း အတန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁ ရက်က ရန်ကုန်မြို့ ကျိုက္ကဆံဝင်းရှိ ဝူရှူးလေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပသည့် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါ်ဆွေဆွေသန့်က ပြောသည်။

“ကျွန်မတို့ အာရှပြိုင်ပွဲမှာ ထောက်လု၊ ကစားနည်း၊ အမျိုးသားလေးဦး၊ အမျိုးသမီးသုံးဦးနဲ့ ဆန်ဆိုပြိုင်ပွဲမှာ နှစ်ဦး အတန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အိမ်ရှင်အင်ဒိုနီးရှားက ဆန်ဆို ပြိုင်ပွဲမှာ အမျိုးသား၊ အမျိုးသမီး ခြောက်တန်းကျင်းပမယ်၊ အဲဒီပြိုင်ပွဲမှာ လက်ရည်ကြောင့် အမျိုးသားနှစ်တန်းပဲ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် ကစားသမားတွေကို ဖေဖော်ဝါရီလကစတင်ပြီး နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းဂိုလ်ကန့်လယ်ဝေးလူထုလေ့ကျင့်ရေးစင်တာမှာ စခန်းသွင်း လေ့ကျင့်နေပါတယ်”ဟု ဒေါ်ဆွေဆွေသန့်က ဆက်လက်ပြောသည်။

အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများအနက် ဝူရှူးအဖွဲ့သည် ၂၀၀၂ အာရှအားကစားပြိုင်ပွဲများမှစတင်၍ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း အောင်မြင်မှုထပ်မံရရှိရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။




**အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူးအားကစားပြိုင်ပွဲ၌ အလွတ်တန်း ထိုက်ကျီကျန့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။**

အဆိုပါအိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးအားကစားပြိုင်ပွဲတွင် နွေရာသီလူသစ်တန်း အမျိုးသား၊ အမျိုးသမီး၊ အသက် ၁၂ နှစ်အောက်၊ လေ့ကျင့်မှုကျွမ်းကျင်သည့် အသက် နှစ်နှစ်၊ သုံးနှစ်၊ အမျိုးသား၊ အမျိုးသမီး၊ အလွတ်တန်း ခြောက်တန်းပြိုင်ပွဲများ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်း ၃၅ ကျောင်းမှ အားကစားသမား ၂၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရွှေ ၃၈ ဆု၊ ငွေ ၃၈ ဆု၊ ကြေး ၃၈ ဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း-အေကေလင်း၊**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

◆ **ကျော်ဖုံးမှ**

ပွဲပြီးခါနီးတွင် နှစ်ဖက်အသင်းသားများ အချင်းများခဲ့ပြီး ရန်ကုန်ဂိုးသမား ကျော်ဇင်ထက် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Southern အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအတွက် ဂိုးများကို ဝင်းနိုင်စိုး၊ ရဲရင့်ထွန်းနှင့် ရဲကိုဦးတို့ သွင်းယူပေးခဲ့ပြီး Southern အတွက် ချေပဂိုးကို ဘယ်ရီက သွင်းယူခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၈)အပြီးတွင် ရန်ကုန်အသင်းက ၃၉ မှတ်၊ ရှမ်းယူနိုက်တက်က ၃၇ မှတ်၊ ရတနာပုံက ၂၇ မှတ်၊ ဟံသာဝတီ၊ Southern နှင့် ဇွဲကပင်အသင်းက ၂၆ မှတ်စီ၊ ရောဝတီနှင့် မကွေး အသင်းက ၂၅ မှတ်စီ၊ ရခိုင် အသင်းက ၂၁ မှတ်၊ စစ်ကိုင်း အသင်းက ၁၈ မှတ်၊ GFA အသင်းက ၁၇ မှတ်နှင့် မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၂-၇-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်း ဆရာတော်ကြီး ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၁၀ - "သဘာဝအဆင်အသွေးနဲ့ ထင်ရေးလို့ အလှခြယ်"
- ၉း၄၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ **The Wetsh Castle (Great Britain)**
- ၁၀း၃၀ - စိုက်ပျိုးရေးရာအဖြေရှာ "လက်ဖက်ခင်းနှင့် လက်ဖက်ခြောက်"
- ၁၀း၅၀ - လုံမမှတ်စု (အပိုင်း-၄၃)
- ၁၁း၁၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၁း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၄၅ - ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ(သုံးရာသီ အလှသဘာဝ၊ ခေတ်အဆင်နှင့် ယနေ့အသွင်၊ သံစဉ်ဖလှယ်ကြ ဂီတညီအစ်မ၊ အကယ်ဒမီရွှေပန်းချီအငြိမ့်ဖျော်ဖြေပွဲ)(အပိုင်း-၁)

**ညပိုင်း**

- ၁၆း၂၅ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၁၆း၄၅ - "နတ်မောက်သား အာဇာနည်"
- ၁၇း၂၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ "(၆၅)
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "အလည်လွန် အလွယ်လုပ် အလွဲဖြစ်" ဝေဖြိုးဟိန်း၊ နေသစ်ခန့်၊ ဦးစံပေါ်၊ ဒေါ်အမာကြည်၊ ခင်ဖြူဖြူသန့်၊ ဒေါ်မို့မို့သိန်း ဒါရိုက်တာ-ဝေဠု(ဝသန်)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ "(အပိုင်း-၂၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ" ဆယ်ပွင့်ပန်း" (ပန်းတော့လုပ်ငန်း)
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၃၀)

## လားရှိုးမြို့နယ်၌ ဘိန်းစိမ်းများ ဖမ်းဆီးရမိ



စိုင်းယုံးအား ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁**

မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက လားရှိုးမြို့နယ် လားရှိုး-တန့်ယန်းသွားကားလမ်း သတ္တုသန့်စင်စက်ရုံအနီး၌ စိုင်းယုံး မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စုစုပေါင်းဘိန်းစိမ်း ၁၁ ဒသမ ၄ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ ၁၂ ရေသပြေလမ်းနေ မနန်းမြလင်းဟုန်၏ နေအိမ်ကိုရှာဖွေရာ အိုက်စ်တစ်ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၊ ဖုန်းတစ်လုံးနှင့် ဟွန်ဒါအင်ဆိုက်ယာဉ်တစ်စီးတို့ကို လည်းကောင်း။

ထို့အတူ ဇွန် ၂၉ ရက် ည ၈ နာရီက မူးယစ်တပ်ဖွဲ့စု ၁၇ မန္တလေး(မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာရှိ စားသောက်ဆိုင်၌ အောင်မင်းလွင်(ခ)ညီလေး၊ သိန်းဝင်း၊ ရဲရင့်ဟိန်းနှင့် အောင်ဆန်းဖြိုးတို့ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဖုန်းသုံးလုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## ငွေကျပ် ၂၆၆ သိန်းကျော်တန်ဖိုးရှိ ဖုန်းငွေဖြည့်ကတ် ခိုးယူသူများကို အရေးယူ

**မြစ်ကြီးနား ဇူလိုင် ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဇွန် ၂၉ ရက် ညပိုင်းက ငွေကျပ် ၂၆၆ သိန်းကျော်တန်ဖိုးရှိ ဖုန်းငွေဖြည့်ကတ်များ ခိုးယူသူဆိုင်ဝန်ထမ်းနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိ ဖုန်းငွေဖြည့်ကတ်ကိုယ်စားလှယ် အရောင်းဆိုင်ဖွင့်လှစ်ထားသည့် ဦးမြသန်းသည် ဇွန် ၂၉ ရက် ည ၈ နာရီက ဆိုင်သိမ်းပြီး မြို့တွင်းသို့ ခေတ္တသွားရောက်စဉ် ၎င်း၏ညီဖြစ်သူ ဦးစိန်ဝင်းက ဆိုင်အတွင်း တယ်လီနော ငွေဖြည့်ကတ်ထည့်ထားသည့် ကောင်တာမှန်ကွဲကာ သူခိုး ခိုးခံရသည်ဟုထင်မြင်မိကြောင်း ဖုန်းဖြင့်ဆက်သွယ်ပြောကြားသဖြင့် နေအိမ်သို့ ပြန်လာစစ်ဆေးကြည့်ရှုရာ တယ်လီနော ငွေကျပ် ၅၀၀၀ တန်ငွေဖြည့်ကတ် ၄၀၀ အပါအဝင် ငွေဖြည့်ကတ်မျိုးစုံ ၂၄၅၀၀၊ ကာလတန်ဖိုးငွေကျပ် ၂၆၆၅၀၀၀၀ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မြစ်ကြီးနားမြို့မရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး မြင့်မိုး၊ မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး မင်းမင်းနှင့် တပ်ဖွဲ့ဝင်များက မသင်္ကာသူများဖြစ်သည့် ဆိုင်ဝန်ထမ်း ချမ်းမြေ့ဆွေ(၃၀ နှစ်)နှင့် မသဇင်မိုး(၂၃ နှစ်)တို့ကို စစ်ဆေးမေးမြန်းရာမှ ပျောက်ဆုံးသွားသည့် ဖုန်းငွေဖြည့်ကတ်များ ခိုးယူကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးကို မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ထန်းတပင်မြို့နယ်၌ ဆက်သွယ်ရေးတိုင်ကျိုးကျပိမိ၍ လူတစ်ဦးသေဆုံး

**ထန်းတပင် ဇူလိုင် ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အေးရွာလေးကျေးရွာ ရွာထိပ်၌ ဇွန် ၃၀ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ရိတ်သိမ်းခြွေလှေ့စက်နှင့် ဆက်သွယ်ရေးကြိုး ချိတ်မိကာ တိုင်ကျိုးကျ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း ထန်းတပင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ထန်းတပင်-ဗိုလ်ချုပ်လမ်းအတိုင်း ရန်ကုန်-ပုသိမ်လမ်းမပေါ်သို့ ယာဉ်မောင်း ဦးသန်းဇော် မောင်းနှင်လာသော 2F/---- နစ်ဆန်းယာဉ်သည် အေးရွာလေးကျေးရွာထိပ်အရောက်၌ ယာဉ်ပေါ်တွင်တင်ဆောင်လာသည့် ရိတ်သိမ်းခြွေလှေ့စက်နှင့် ဆက်သွယ်ရေးကြိုးတို့ ချိတ်မိကာ ဆက်သွယ်ရေး တိုင်နှစ်တိုင်မှာ ကျိုးကျသွားခဲ့ပြီး တိုင်တစ်တိုင်မှာ လမ်းဘေးတွင် ကွမ်းယာရောင်းနေသည့် မသူဇာကျော်အေး (၃၂ နှစ်)အပေါ်သို့ လဲကျခဲ့သဖြင့် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း သန်းဇော် (၄၉ နှစ်) မကွေးမြို့နေသူကို ထန်းတပင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## အရက်မူးပြီး ဆိုင်ကယ်စီးနင်းလာစဉ် အုတ်တံတိုင်းတိုက်မိ၍ သေဆုံး

**မြင်းမူ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အလ္လကပ္ပကျေးရွာ၌ ဇွန် ၃၀ ရက် ည ၁၀ နာရီ ၁၀ မိနစ်က လူတစ်ဦး အရက်မူးပြီး ဆိုင်ကယ်စီးနင်းလာစဉ် အုတ်တံတိုင်းကို ဝင်တိုက်မိ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃၀ ရက် ည ၁၀ နာရီ ၁၀ မိနစ်က မြင်းမူမြို့ အလ္လကပ္ပကျေးရွာ ရွာလယ်လမ်းမတွင် ကျော်ကျော်လွင်ဆိုသူသည် အရက်သောက်ပြီး ဆိုင်ကယ်အားတစ်ဦးတည်းစီးနင်းပြီး နေအိမ်သို့ပြန်လာစဉ် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ ရှေ့အုတ်တံတိုင်းကို ဝင်ရောက်တိုက်မိပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် ကျော်ကျော်လွင် (၄၀ နှစ် )ကို မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**၀၇၇**

## မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၄ စီး၊ သွင်းကုန် ၉၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် အစီး ၁၅၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၉၈၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၈ ဒသမ ၃၂၀ ခန့် စုစုပေါင်း တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၃၀၄ သန်းခန့်ကို ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၃၀ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သိမ်ဇရပ်ကျေးရွာ၊ မုပွလင်ကျေးရွာ၊ ကျိုက္ကသာ-မုပွလင်ကျေးရွာနှင့် စပ္ပနူးကျေးရွာ ရှောင်ကွင်းလမ်းများသို့ ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Refined Sugar (1 × 50) Kg (260) Bags စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၈ ဒသမ ၃၂၀ခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သာဝတ္ထိစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇွန် ၂၉ ရက်က လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၉ ရက် နံနက် ၁၂ နာရီ မိနစ် ၂၀ က သာဝတ္ထိနယ်မြေရဲစခန်းမှ ဒုရဲအုပ် ကျော်စွာမင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် သာဝတ္ထိပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ဘက်မှ နေပြည်တော်ဘက်သို့ မြို့ဦး(၂)လမ်း မင်းကြီးညိုရပ်ကွက် တောင်ငူမြို့နေသူ ယာဉ်မောင်း ရဲရင့်အောင် (၂၃ နှစ်) မောင်းနှင်လာသော 5H----- ဟွန်ဒါဖစ်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သိမ်းဆည်းခဲ့ပြီး ရဲရင့်အောင်ကို သာဝတ္ထိနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ကသာမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကသာ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ် (၃) ရပ်ကွက်ရှိ ကသာ - ပုလွေရွှေ ကူးတို့ဆိပ်၌ ဇွန် ၃၀ ရက်က ဘိန်းဖြူ ၁၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃၀ ရက် ညနေ ၆ နာရီခန့်က မြို့မရဲစခန်း ဒုရဲမှူး ဉာဏ်ထွန်း ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များသည် ကသာမြို့ အမှတ် (၃) ရပ်ကွက်ရှိ ကသာ - ပုလွေရွှေသွား မြစ်ကူး ကူးတို့ဆိပ်တွင် ကသာမြို့နယ် ဆင်ကုန်းကျေးရွာနေ နေဝင်း ဆိုသူနှင့် ကသာမြို့နယ် အောက်သဖန်းဒေါင့်ကျေးရွာနေ ရန်အောင်စိုး အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာ ဘိန်းဖြူ ၁၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိသဖြင့် ကသာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မိတ္ထီလာမြို့၌ တရားမဝင်အနှိပ်ခန်းများအား ရှောင်တခင်ဝင်ရောက်ဖမ်းဆီး

**မိတ္ထီလာ ဇူလိုင် ၁**

မိတ္ထီလာမြို့ မန္တလေးလမ်းအထွက် ပြည်သာယာရပ်ကွက်တွင် အမျိုးသမီးအနှိပ်ခန်းများ လုပ်ကိုင်နေကြောင်းသတင်းအရ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရှောင်တခင်ဝင်ရောက်စစ်ဆေးပြီး တရားမဝင်အနှိပ်လုပ်ငန်း လုပ်ကိုင်သူများကို ဥပဒေအရ ဖမ်းဆီးအရေးယူထားသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သာမောင် ဦးဆောင်၍ အသိသက်သေများနှင့်အတူ ဇွန် ၂၇ ရက်ညက အမှတ် ၃ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သိပ္ပံနှင့် တပ်ဖွဲ့ဝင်များသည် ပြည်သာယာတောင်ရပ်ကွက်(၂)လမ်းနေ မဝေ(ခ) မလွင်လွင်စိုး၏ နေအိမ်၌ တရားမဝင်အနှိပ်ခန်းဖွင့်လှစ်ထားကြောင်း သတင်းအရ ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ နေအိမ်အောက်ထပ်အခန်း လေးခန်းအတွင်းမှ အိမ်ရှင် မဝေ(ခ) မလွင်လွင်စိုး (၃၇ နှစ်)၊ မငြိမ်းငြိမ်း(၂၉ နှစ်)၊ မကြူကြူလွင် (၄၀ နှစ်)၊ မသီသီမိုး(၃၈ နှစ်)၊ ရှင်းသန့်(ခ)ပြည့်ဖြိုး (၂၆ နှစ်)၊ မထက်ထက်နိုင်(၃၇ နှစ်)၊ မမိုးစန္ဒာ(ခ) မမိုးငယ်(၂၈ နှစ်)တို့ကို လည်းကောင်း။

အလားတူ ပြည်သာယာတောင်ရပ်ကွက်နေ တင်ဝင်းထွန်း (ခ)သံချောင်း (၂၅ နှစ်)၏ အိမ်တွင် တရားမဝင် အနှိပ်ခန်းဖွင့်လှစ်ထားကြောင်းသတင်းအရ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သာမောင်နှင့် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဌေးလွင်၊ ဒုရဲအုပ် ဝင်းနိုင်၊ ဒုရဲအုပ် မေစံပယ်ဦးနှင့် အသိသက်သေများက ရှောင်တခင်ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ်အခန်း နှစ်ခန်းတွင် မခင်သက်ဝေ(ခ)ရတီ(၁၉ နှစ်)၊ သဲစုဝေ(ခ) စနီး (၁၉ နှစ်)၊ မေသူ (၂၈ နှစ်)၊ ဖြူဖြူချစ်(ခ)နန်းသခင် (၂၃ နှစ်) တို့ကို တရားမဝင်အနှိပ်လုပ်ငန်း လုပ်ကိုင်နေသည်ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်၍ အမှတ် ၃ ရဲစခန်းတွင် အမှုဖွင့်ဖမ်းဆီးအရေးယူထားသည်။

**တင်လှိုင်(မိတ္ထီလာ)**

တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်းကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။



# အမေရိကန်၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို လူထောင်ပေါင်းများစွာ ချီတက်ဆန္ဒပြ

**ဝါရှင်တန် ဇူလိုင် ၁**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒ ကို ကန့်ကွက်ဆန္ဒပြရန် ထောင်ပေါင်းများစွာသော ပြည်သူများသည် အမေရိကန်တစ်လွှား မြို့ကြီးများ၌ စနေနေ့က ချီတက်ဆန္ဒပြခဲ့ကြပြီး မက္ကဆီကိုနယ်စပ်တွင် ကလေးနှင့်မိဘများ ခွဲခြားထိန်းသိမ်းခြင်းခံထားရမှုများကိုလည်း ချက်ချင်းပြန်လည်ပေါင်းစည်းခွင့်ပေးရန် တောင်းဆိုခဲ့ကြသည်။

ဘော်စတွန် ၊ ချီကာဂို၊ လော့စ်အိန်ဂျလိစ်၊ နယူးယောက်၊ ပေါ့လန်မြို့များ၌ လူပေါင်းများစွာ ဆန္ဒပြပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြပြီး နာမည်ကျော်များဖြစ်ကြသော အလီဆီယာကီး၊ လင်းမန်နယူရယ် မီရန်ဒါတို့က ဝါရှင်တန် ဆန္ဒပြပွဲတွင်ပါဝင်ခဲ့ကြပြီး လော့အိန်ဂျလိစ်မြို့တွင်မူ ဂျွန်လီဂျန်တို့က ပါဝင်ဆန္ဒပြခဲ့ကြသည်။ လော်စပီကာမှ တစ်ဆင့်လည်း ကလေးနှင့်အခွဲခံထားရသည့် မိဘများ၏ငိုကြွေးသံများကို ဖွင့်ပြခဲ့ကြသည်။

ဆန္ဒပြသူများထဲမှ တစ်ဦးမှာ ခိုလှုံခွင့်တောင်းသူများသည် ရာဇဝတ်သားများမဟုတ်ဟုလည်း ကြွေးကြော်ခဲ့ကြသည်။ မေလအစောပိုင်းမှစ၍ အမေရိကန်တောင်ပိုင်းနယ်စပ်မှ တစ်ဆင့် တရားမဝင် ဝင်ရောက်ခွင့်ရရန် လူထောင်ပေါင်းများစွာတို့သည် လစဉ်ကြိုးပမ်းခဲ့ကြသည်။ သမ္မတထရန့်သည် နယ်စပ်သို့ တရားမဝင် ဝင်ရောက်လာကြသော အရွယ်ရောက်ပြီးသူများကို ဖမ်းဆီးရန်အမိန့်ပေးခဲ့သည်။

အမေရိကန်၊ မက္ကဆီကို နယ်စပ်တွင် တရားမဝင် ဝင်ရောက် ရန် ကြိုးပမ်းကြသူများမှာ ငတ်မွတ်ခေါင်းပါး၍ ထွက်ပြေးလာသူများ၊ အကြမ်းဖက်မှုများကြောင့် ထွက်ပြေးလာသူများနှင့် ဗဟိုအမေရိကမှ မငြိမ်သက်မှုများကြောင့် ထွက်ပြေးလာသူများ ဖြစ်ကြသည်။

ကန့်ကွက်မှုများကြောင့် သမ္မတထရန့်သည် ကလေးများနှင့် မိဘများခွဲထားသည့် အစီအစဉ်ကိုရပ်တန့်ရန် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် ပြန်လည်ပေါင်းစည်းပေးရန်အတွက်မှာ အချိန်ကြာမြင့်ဦးမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးရှေ့နေများက ပြောသည်။ ကလေးငယ် ၂၀၀၀ ခန့်မှာ မိဘများနှင့် ပြန်လည်ပေါင်းစည်းခွင့်မရသေးကြောင်း လွန်ခဲ့သောသီတင်းပတ်က ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်အရ သိရသည်။

**အေအက်ဖ်ပီ**




# ဒုက္ခသည် ၅၉ ဦး တင်ဆောင်လာသောသင်္ဘောကိုစပိန်မှ ကမ်းကပ်ခွင့်ပြုမည်

**မက်ဒရစ် ဇူလိုင် ၁**

လစ်ဗျားနိုင်ငံမှတစ်ဆင့် မြေထဲပင်လယ်ကိုဖြတ်ရန် ကြိုးစားကြသော ရွှေ့ပြောင်းဒုက္ခသည် ၅၉ ဦးကို ကယ်တင်လာသည့်သင်္ဘောကို အီတလီနှင့် မော်လတာနိုင်ငံတို့က ကမ်းကပ်မခံသည့်အတွက် စပိန်နိုင်ငံ၌ ကမ်းကပ်ခွင့် တောင်းဆိုခဲ့ရာ ကမ်းကပ်ခွင့် ရရှိတော့မည်ဖြစ်ကြောင်း စပိန်အန်ဂျီအိုများက ပြောသည်။




သင်္ဘောပျက်၍ လူ ၁၀၀ နီးပါး ပျောက်ဆုံးခဲ့ပြီး ကလေးသုံးဦး၏ အလောင်းကို တွေ့ရှိပြီး တစ်ရက်အကြာတွင် ယင်းသို့ ကယ်ဆယ်လိုက်သည့် သတင်း ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ရောက်ရှိ ဒုက္ခသည်များကို လက်ခံရမည့် အငြင်းပွားဖွယ်အီးယူ၏ သဘောတူညီမှု အောက်တွင် ဖြစ်ပေါ်လာသော ဖြစ်ရပ်ပင်ဖြစ်သည်။ ရွှေ့ပြောင်းဒုက္ခသည်များအတွက် ဝင်ခွင့် ထွက်ခွင့်ပိတ်စင်တာများ အီးယူနိုင်ငံများနှင့် အီးယူမဟုတ်သောပြင်ပနိုင်ငံများတွင် ထားရှိမည်ဟူသော ဆုံးဖြတ်ချက်ကို သောကြာနေ့က အီးယူအဖွဲ့ဝင်နိုင်ငံများကြား ချမှတ်ခဲ့သည်။

ယင်းသင်္ဘောကို ကယ်ဆယ်ရန်နှင့်ပတ်သက်၍ အီတလီ ပြည်ထဲရေးဝန်ကြီးက အနီးဆုံးဆိပ်ကမ်းမှာ မော်လတာနိုင်ငံပင်ဖြစ်ကြောင်း ဖေ့စ်ဘုတ်ခ်ပေါ်တွင် ရေးသားခဲ့သည်။ နောက်ဆုံးတွင် စပိန်နိုင်ငံ အန်ဂျီအိုအုပ်စုမှ အဆိုပါသင်္ဘောမှာ ဘာဆီလိုနာတွင်ကမ်းကပ်ခွင့်ရပြီး ဗုဒ္ဓဟူးနေ့တွင် ရောက်ရှိမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ယခုလ အစောပိုင်းကလည်း အီတလီအစိုးရနှင့် မော်လတာအစိုးရတို့သည် ပြင်သစ်အန်ဂျီအိုအဖွဲ့မှ ကယ်တင်လာသော ဒုက္ခသည် ၆၃၀ ကို တင်ဆောင်လာသည့် သင်္ဘောကို ကမ်းကပ်ခွင့်မပြုခဲ့ပေ။ အီတလီပြည်ထဲရေးဝန်ကြီးကမူ အီတလီနိုင်ငံသည် ဥရောပ၏ ဒုက္ခသည်စခန်းအဖြစ် လက်မခံနိုင်ကြောင်းနှင့် ကယ်ဆယ်ရေးသမားများ၏ သင်္ဘောများမှာ လူမှောင်ခိုသမားများနှင့် ရွှေ့ပြောင်းအခြေချ နေထိုင်သူများအတွက် တက္ကဆီယာဉ်များသာ ဖြစ်သည်ဟု စွပ်စွဲခဲ့သည်။

**အေအက်ဖ်ပီ**

## မော်လ်ဒိုက်၌ သမ္မတလောင်းအသစ်၏အမည်ကို အတိုက်ခံပါတီကြေညာ

**မာလီ ဇူလိုင် ၁**

မော်လ်ဒိုက်မှ အဓိက အတိုက်အခံပါတီဖြစ်သည့် မော်လ်ဒိုက် ဒီမိုကရက်တစ်ပါတီသည် ၎င်းတို့ပါတီမှ သမ္မတလောင်းအဖြစ် အီဘရာဟင် မိုဟာမက်ဆိုလစ်ရှ်ကို ထားရှိမည်ဖြစ်ကြောင်း၊ ယခင်သမ္မတဟောင်း မစ္စတာ မိုဟာမက် နာရှိဒ်ကို သမ္မတလောင်းအဖြစ် အစောပိုင်းက သတ်မှတ်ခဲ့သော်လည်း ၎င်းမှာ နုတ်ထွက်သွားသည့်အတွက် အီဘရာဟင်ကို သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက တနင်္ဂနွေနေ့တွင် ပြောသည်။

ပါတီညီလာခံကို စနေနေ့က ကျင်းပခဲ့ခြင်းဖြစ်ပြီး မစ္စတာ နာရှိဒ်အစား မစ္စတာ အီဘရာဟင်ကို တစ်ခဲနက် မဲပေးခဲ့ကြသည်။ မစ္စတာနာရှိဒ်က ၎င်းသည် ၎င်း၏ပါတီ ပိုမိုကောင်းမွန်စေရေးအတွက် သမ္မတလောင်းနေရာမှ နုတ်ထွက်ပြီး သမ္မတရွေးကောက်ပွဲမှ နောက်ဆုတ်ခဲ့ခြင်း ဖြစ်ကြောင်း သောကြာနေ့ကပြောခဲ့သည်။

စက်တင်ဘာ ၂၃ ရက် ရွေးကောက်ပွဲအတွက် ကြိုးစားခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင်က ၎င်းကိုငြင်းဆန်ခဲ့သည်။

အကြောင်းမှာ ၎င်းသည် အကြမ်းဖက်မှုအတွက် စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရ၍ ဖြစ်သည်။ လွန်ခဲ့သောလက ရာဇဝတ်မှုတွင် ပါဝင်ပတ်သက်ထားသည့် မည်သူမဆို နိုင်ငံရေးပါတီ၏ ဥက္ကဋ္ဌအဖြစ် လက်ခံမည်မဟုတ်ဟု လည်းကောင်း၊ ရွေးကောက်ပွဲကို ပယ်ဖျက်မည်ဟု လည်းကောင်း ရွေးကောက်ပွဲကော်မရှင်က သတိပေးခဲ့သည်။

**ဆင်ဟွာ**

# ဆီးရီးယားနယ်မြေများ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဂျော်ဒန်တပ်ဖွဲ့စတင်ပေး

**အမန် ဇူလိုင် ၁**

ဂျော်ဒန်တပ်ဖွဲ့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆီးရီးယားနယ်မြေများ၌ စတင်ပေးအပ်နေပြီဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံ၏ မီဒီယာရေးရာဝန်ကြီးက စနေနေ့က ကြေညာခဲ့သည်။

နယ်စပ်တစ်ဖက်တွင်ရှိသော ဆီးရီးယား ပြည်သူများကို ထောက်ပံ့နိုင်ရေးနှင့် ဆီးရီးယားနိုင်ငံအတွင်းရှိ အကူအညီအထောက်အပံ့လိုအပ်နေသော ပြည်သူများကို ထောက်ပံ့ပေးနိုင်ရေးအလို့ငှာ ထိုသို့ဆောင်ရွက်ခြင်းမှာ သင့်လျော်ကြောင်း ၎င်းကပြောသည်။ ဂျော်ဒန်နိုင်ငံမီဒီယာရေးရာ ဝန်ကြီး ဂျူမန်နာဂန်နီမတ်က အပြည်ပြည်ဆိုင်ရာမှ အသိုင်းအဝိုင်းများကိုလည်း ဆီးရီးယားနိုင်ငံတောင်ပိုင်း၌ ကြုံတွေ့နေရသော အခြေအနေများကို ကူညီရန်၊ ဆီးရီးယားပြည်သူများကို ကူညီရန်နှင့် ဆီးရီးယားနိုင်ငံအတွင်း တည်ငြိမ်မှုနှင့် လုံခြုံမှုပြန်လည်ရရှိစေရေး နိုင်ငံရေးအရ အဖြေရှာမှုများ ပြုလုပ်သွားရန် တိုက်တွန်းခဲ့သည်။

အပြည်ပြည်ဆိုင်ရာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များကလည်း ဆီးရီးယားသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ၎င်းက တောင်းဆိုခဲ့သည်။

ဆီးရီးယားမှလူထောင်ပေါင်းများစွာတို့သည် ၎င်းတို့၏ နေရပ်များကို စွန့်ခွာပြီး ထွက်ပြေးလာကြကာ ဂျော်ဒန်နိုင်ငံနယ်စပ်သို့ ဦးတည်နေကြပြီဖြစ်သည်။ ဆီးရီးယားမှ ဒုက္ခသည်များအတွက် ဂျော်ဒန်နိုင်ငံ၏ နယ်စပ်ကိုဖွင့်လှစ်ပေးရန်မှာ ဂျော်ဒန်နိုင်ငံအတွက် မဖြစ်နိုင်ကြောင်း ဆီးရီးယားနိုင်ငံတောင်ပိုင်း၌ ဖြစ်ပေါ်နေသော အခက်အခဲများကိုလည်း ဂျော်ဒန်နိုင်ငံမှ အပြည့်အဝထောက်ခံကြောင်းပြောခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် ဆီးရီးယားမှ နေရပ်စွန့်ခွာလာသော ပြည်သူများအတွက် အရေးပါသည့်လုပ်ဆောင်မှုများ ဆောင်ရွက်ပေးမည်ဟုလည်း ဂျော်ဒန်နိုင်ငံမှမျှော်လင့်ကြောင်း ၎င်းကဆက်ပြောသည်။

ဂျော်ဒန်နိုင်ငံသည် ဆီးရီးယားနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော နယ်စပ်ကို ပိတ်ထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဂျော်ဒန်နိုင်ငံ၌ ဆီးရီးယားမှ ဒုက္ခသည် ၁ ဒသမ ၃ သန်းကို လက်ခံထားသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ယခုနှစ်အတွင်း မက္ကဆီကို၌ ဂျာနယ်လစ်အသတ်ခံရမှု ရှစ်ကြိမ်မြောက်ရှိလာ

**မက္ကဆီကိုစီးတီး ဇူလိုင် ၁**

မက္ကဆီကိုနိုင်ငံ အရှေ့ပိုင်းပြည်နယ်ကွင်တားနားရူး၌ ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဂျိုဆေး ဂူဒယ်လူပီချန်ပစ်သတ်ခံရရာ ယခုနှစ်အတွင်း ဂျာနယ်လစ်များ အသတ်ခံရသည်မှာ ရှစ်ကြိမ်မြောက် ရှိသွားပြီဖြစ်ကြောင်း ဒေသခံအာဏာပိုင်များက စနေနေ့တွင် ပြောသည်။ ချန်မှာ သောကြာနေ့ညက အချက်ပေါင်းများစွာ ပစ်သတ်ခံရခြင်းဖြစ်ပြီး ဖစ်လစ် ပီကာရီလို ပရူတိုမြို့ရှိ ဘားတစ်ခု၌ အသတ်ခံရခြင်းဖြစ်သည်။

ရဲများနှင့် ကျွမ်းကျင်သူများသည် လိုအပ်သည့် လုပ်ဆောင်မှုအဆင့်ဆင့်ကိုလုပ်ဆောင်ခဲ့ကြပြီး မျက်မြင်သက်သေများလည်း ရထားပြီးဖြစ်ကြောင်း ရှေ့နေရုံးမှ ပြောသည်။ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်နေရာ ပြစ်မှုကျူးလွန်သူမှာ ပုန်းအောင်းနေ၍ မရဟု အာဏာပိုင်များက ပြောသည်။ ချန်မှာ အစ်ဂျစ်တယ်သတင်းစာမှ သတင်းထောက်တစ်ဦးဖြစ်ပြီး ၎င်းတို့စာစောင်မှာ လုံခြုံရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို အထူးအလေးပေးဖော်ပြသောစာစောင်ဖြစ်သည်။ မက္ကဆီကိုနိုင်ငံ၌ ၂၀၀၀ ခုနှစ်မှစ၍ အသတ်ခံရသည့် ဂျာနယ်လစ်ပေါင်း ၁၃၉ မှ ရှိကြောင်း မှတ်တမ်းများအရသိရသည်။ ယခုအခါ မက္ကဆီကိုနိုင်ငံသည် ဂျာနယ်လစ်များအတွက် အန္တရာယ်အရှိဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ ယခုအခါ ချန်အတွက် အမှန်တရားပေါ်ပေါက်စေရေး ဂျာနယ်လစ်ပေါင်း ၁၅ ဦးခန့်သည် စနေနေ့မနက်က ဆန္ဒပြခဲ့ကြသည်။ **ဆင်ဟွာ**

### အငြိမ်းစားရေတပ်ဗိုလ်ချုပ် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ဖြစ်လာ

**ဝါရှင်တန် ဇူလိုင် ၁**

အငြိမ်းစားရေတပ် ဗိုလ်ချုပ်ကြီး ဟာရီဟာရစ်သည် တောင်ကိုရီးယားဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် စနေနေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း အိမ်ဖြူတော်မှပြောသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် အသက် ၆၁ နှစ်ရှိပြီဖြစ်သော ဟာရစ်အတွက် ဂုဏ်ယူကြောင်း စနေနေ့ မွန်းလွဲပိုင်းတွင် ပြောကြားခဲ့ပြီး မစ္စတာဟာရစ်နှင့်အတူ အလုပ်လုပ်ရန် မျှော်လင့်လျက်ရှိကြောင်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးနှင့်အတူ ဆောင်ရွက်နိုင်ရန်လည်းမျှော်လင့်ကြောင်း ပြောခဲ့သည်။ ဟာရစ်သည် ယခင်က အမေရိကန်ပစိဖိတ်ဆိုင်ရာတပ်မှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး ၎င်း၏ခန့်အပ်မှုကို ကြာသပတေးနေ့တွင် ဆီးနိတ်က လက်ခံခဲ့သည်။

၂၀၁၇ ခုနှစ် သမ္မတထရန့် တာဝန်ထမ်းဆောင်ချိန်မှစ၍ တောင်ကိုရီးယားနိုင်ငံဆိုင်ရာအမေရိကန် သံအမတ်နေရာမှာ လစ်လပ်နေခဲ့သည်။ ယခင်က ကိုရီးယားရေးရာ ကျွမ်းကျင်သူ ဗစ်တာချာကို ယင်းနေရာပေးအပ်ရန် အမည်စာရင်းတင်သွင်းခဲ့သော်လည်း အိမ်ဖြူတော်မှ ပယ်ချခဲ့သည်။ **ဆင်ဟွာ**

# ဒုက္ခသည်အရေး စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ အမေရိကန်

**တင်လင်းအောင်**



ဒုက္ခသည်တွေကို ဆန့်ကျင်တဲ့သူတွေက ထရန့်အနေနဲ့ အမေရိကန်နိုင်ငံရဲ့ ကိုယ်ပိုင်နယ်စပ်တွေကို ကာကွယ်ဖို့ အမြင့်ဆုံးအချိန်တစ်ခု ဖြစ်ကြောင်း ထောက်ခံပြောကြားခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းတွေ၊ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူတွေနဲ့ ဆက်စပ်နေတဲ့ ခြိမ်းခြောက်မှုတွေ၊ အကြမ်းဖက်ပစ်ခတ်မှုတွေ တစ်စတစ်စ များပြားလာနေတဲ့အချိန်မှာ အမေရိကန်သမ္မတ ထရန့်က အခုလုပ်ဆောင်နေတဲ့ကိစ္စတွေကို သူ့တာဝန်အရသူလုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ကွင်တနာက ပြောခဲ့ပါတယ်။

**ရက်စက်တဲ့လုပ်ရပ်**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ လူဝင်မှုကြီးကြပ်ရေး မူဝါဒနဲ့ ပတ်သက်ပြီး လူ့အခွင့်အရေး အလွဲသုံးစားလုပ်နေတယ်လို့ အိမ်ဖြူတော်အနေနဲ့ စွပ်စွဲခံနေရပါတယ်။ သို့သော်လည်း အမေရိကန်အစိုးရက ဒါဟာ တရားမဝင် ရွှေ့ပြောင်းအခြေချသူတွေကို တားဆီးတာဖြစ်တယ်လို့ ပြောနေပေမယ့် ဝေဖန်ရေးသမားတွေကတော့ အမေရိကအလယ်ပိုင်း အကြမ်းဖက်မှုတွေမှ ထွက်ပြေးလာတဲ့ ရွှေ့ပြောင်း အခြေချသူတွေအပေါ် ရက်စက်တဲ့လုပ်ရပ်လို့ ပြောခဲ့ပါတယ်။ လူမှုရေး၊ နိုင်ငံရေးကိစ္စတွေအပေါ် လူအများရဲ့တုံ့ပြန်မှုအပေါ် အမေရိကန်သမ္မတထရန့်ကတော့ တရားမဝင်ရွှေ့ပြောင်းအခြေချမှုကို တားဆီးသွားမယ်လို့ ကတိပေးခဲ့ပါတယ်။ ဒေါ်နယ်ထရန့် တစ်ယောက် သူ့ရဲ့နောင်တော်အိုဘားမား အစိုးရရဲ့ခွဲထုတ်ရေးမူဝါဒနဲ့ပတ်သက်ပြီး ပြစ်တင်မှုတွေလည်း လုပ်နေသလို လွှတ်တော်မှာရှိတဲ့ ဒီမိုကရက် အင်အားစုတွေကိုလည်း အခဲမကျေနိုင်ဘဲ ပြစ်တင်မှုတွေ လုပ်လျက်ရှိပါတယ်။

လူ့အခွင့်အရေးအုပ်စုပေါင်းများစွာဟာ အမေရိကန်ပြည်ထောင်စုရဲ့ မြို့အတော်များများမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ဆန့်ကျင်ဆန္ဒပြမှုတွေပြုလုပ်ခဲ့ကြပါတယ်။

ရွှေ့ပြောင်းအခြေချသူတွေဟာ ခိုးကြောင်ခိုးဝှက်ဝင်လာဖို့ ကြိုးစားတဲ့သူတွေမဟုတ်ဘဲ သူတို့ဟာ နယ်စပ်ထိလာပြီး ကျွန်တော်တို့ရဲ့အကူအညီကို တောင်းခံတဲ့သူတွေဖြစ်ပါတယ်လို့ ကယ်လီဖိုးနီးယား လွှတ်တော်အမတ်ဂျင်မီဂိုမက်က လော့စ်အိန်ဂျလိစ် လူထုချီတက် ဆန္ဒပြပွဲမှာပြောခဲ့ပါတယ်။

**မျှော်လင့်တကြီးရောက်လာခဲ့ကြ**

ရွှေ့ပြောင်း အခြေချသူတွေဟာ အမေရိကန်နိုင်ငံမှာ ပိုမိုကောင်းမွန်တဲ့ ဘဝတွေရရှိမယ်လို့ အိပ်မက်တွေမက်ပြီး မျှော်လင့်တကြီးနဲ့ လာခဲ့ကြတာပဲ ဖြစ်ပါတယ်။ အမေရိကန်နဲ့ နယ်စပ်ချင်းထိစပ်လျက်ရှိတဲ့ မက္ကဆီကိုနိုင်ငံက ဒုက္ခသည်တွေကလည်း အမေရိကန်ထဲကို စီးဝင်ဖို့ကြိုးစားခဲ့ပါတယ်။ အဲဒါကိုသိတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ နယ်စပ်တံတိုင်းကာရံမှုတွေ တောင်လုပ်ဆောင်နေပြီဖြစ်ပါတယ်။

မက္ကဆီကိုမှာ အလုပ်လုပ်တာထက် အမေရိကန်မှာ အလုပ်လုပ်ရင် လုပ်ခနှစ်ဆလောက်ရရှိနိုင်ကြောင်း တီဂျူအန်နာမြို့မှ ဒေသခံ တက္ကဆီကားမောင်းတစ်ဦးက ဆိုပါတယ်။ သူက မက္ကဆီကိုတွေအနေနဲ့ အမေရိကန်တို့ရဲ့လုပ်ငန်းကို လုယူသွားမှာမဟုတ်ပါဘူး။ အမေရိကန်တွေ မလုပ်ချင်တဲ့ အလုပ်တွေကိုသာ လုပ်ကိုင်ပေးနေတာ ဖြစ်ပါတယ်လို့ ထရန့်ကို ပြောခဲ့ပါတယ်။

မကြာသေးခင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ကလေးတွေ မိဘနဲ့ခွဲထားခံရမှုကို အဆုံးသတ်ဖို့ ဥပဒေတစ်ခုမှာ လက်မှတ်ရေးထိုးလိုက်တာကို တွေ့ရပါတယ်။ ဒါပေမယ့် အဲဒီဥပဒေနဲ့ ပတ်သက်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်တာမျိုး အားနည်းနေသေးကြောင်း တွေ့ရပါတယ်။ မိသားစုတွေကို အကွဲကွဲအပြားပြားဖြစ်အောင် ခွဲထားခြင်းဟာ ရက်စက်တာထက်ပိုသလို မလိုလားအပ်တဲ့ ကိစ္စလည်းဖြစ်ပြီး နှိပ်စက်ကလူပြုမှုမှုလည်းဖြစ်ပါတယ်လို့ အမေရိကန်အရပ်ဘက် လွတ်မြောက်ရေးသမဂ္ဂအဖွဲ့က ပြောခဲ့ပါတယ်။ အမေရိကန် အရပ်ဘက်လွတ်မြောက်ရေးသမဂ္ဂအဖွဲ့ဟာ လက်ရှိမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ခွဲထုတ်ရေးမူဝါဒကျင့် သုံးနေခြင်းအပေါ် ရပ်တန့်ရန် တောင်းဆိုနေတဲ့အဖွဲ့ဖြစ်ပါတယ်။

**ခိုလှုံခွင့်ရရေးတောင်းဆို**

အမေရိကန်နိုင်ငံကို အိမ်နီးချင်းမက္ကဆီကိုနိုင်ငံကတင်မကပါဘူး။ ဂွါတီမာလာ၊ အယ်လ်ဆာဗေဒိုနဲ့ ဟွန်ဒူးရပ်စ်နိုင်ငံတွေကလည်း အမေရိကန်ပြည်ထောင်စုကိုစီးဝင်လာတဲ့ ဆင်းရဲသားမိသားစုတွေ ရှိပါတယ်။ လေ့လာမိသလောက်တော့ သူတို့ရဲ့ နိုင်ငံတွေမှာ နေ့စဉ် အကြမ်းဖက်မှုတွေကြုံတွေ့နေတဲ့အတွက် တစ်ပတ်ကိုလူပေါင်းထောင်ချီဟာ အမေရိကန်-မက္ကဆီကို နယ်စပ်တွေကိုဖြတ်ကျော်ပြီး သက်ဆိုင်ရာအာဏာပိုင်တွေဆီမှာ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေအဖြစ် ခိုလှုံခွင့်ရရေးအသနားခံတောင်းဆိုခဲ့ကြပါတယ်။

ဒီလိုမျိုးအခြေအနေတွေဟာ တရားမဝင် ဝင်ရောက်မှုတွေကို ပြန်လည်ဖြစ်စေတဲ့ အကြောင်းတရားအနက် တစ်ခုဖြစ်တယ်လို့ အမေရိကန်သမ္မတထရန့်က ယုံကြည်တဲ့အတွက် ဒီအပေါ် အတော်လေး ဒေါသထွက်လျက်ရှိပါတယ်။ စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ နယ်စပ်ဖြတ်ကျော်ဝင်လာတဲ့အတွက် ဧပြီလ တစ်လတည်းကိုပဲ လူပေါင်း ၅၀၉၂၄ ဦးလောက်ကို ဖမ်းဆီးထိန်းသိမ်း ခဲ့ရပါတယ်။ အဲဒီထဲမှာ ကလေးတွေချည်းပဲ ၄၃၁၄ ဦးလောက်နဲ့ တခြားမိသားစု ၉၆၄၇ ဦးလောက်ပါပါတယ်လို့ အမေရိကန် အကောက်ခွန်နဲ့ နယ်စပ်ကင်းထောက်အဖွဲ့က ဆိုပါတယ်။

**ရွှေ့ပြောင်းအခြေချသူများ စီးဝင်မှုကိုမထိန်းနိုင်**

ထိန်းသိမ်းရေးစင်တာတွေလည်းရှိပြီး တရားရေးစနစ်ကအားကောင်းနေတာကြောင့် အိုဘားမားအစိုးရလက်ထက်ကတော့ ခိုလှုံခွင့်တောင်းခံသူတွေကို အစီအစဉ်တကျဆောင်ရွက်ပြီး ခွင့်ပြုချက် စောင့်ဆိုင်းနေစဉ်အတွင်း လျှောက်လွှာတင်ထားတဲ့ မိသားစုဝင်တွေကို နိုင်ငံအတွင်း အတူတကွ ဝင်ရောက်စေပါတယ်။ ခွင့်ပြုချက်စောင့်ဆိုင်းရတဲ့ ပမာဏဟာ တစ်နှစ်ထက်ပိုမိုကြာတတ်ပါတယ်။

လွန်ခဲ့တဲ့နှစ်စက ဒေါ်နယ်ထရန့်အစိုးရဟာ တရားမဝင်နယ်စပ်ဖြတ်ကျော်လာသူတချို့ကို သူတို့ရဲ့ ကလေးတွေနဲ့ ခွဲထားပါတယ်။ ကလေးငယ်တွေကိုလည်း အမေရိကန်မှာ ရှိပြီးဖြစ်တဲ့ သူတို့ရဲ့ မိဘတွေ သို့မဟုတ် ဆွေမျိုးတွေဆီကို မလွှဲပြောင်းပေးခင် ရက်သတ္တပတ်အတော်ကြာကြာ ကလေးထိန်းသိမ်းရေးနေရာကို ပို့ဆောင်ခဲ့ပါတယ်။

အောက်တိုဘာလမှ ဧပြီလအထိ ကလေးငယ် ၇၀၀လောက် သူတို့ရဲ့မိဘတွေနဲ့ ခွဲထားခဲ့ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့်လည်း ရွှေ့ပြောင်းအခြေချသူတွေ အမေရိကန်ပြည်ထောင်စုအတွင်း စီးဝင်လာမှုကို မဟန့်တားနိုင်ခဲ့ပါဘူး။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ မိသားစုတွေ ခွဲထားခံရတာကို အဆုံးသတ်ဖို့ လက်မှတ်ရေးထိုးပေးလိုက်သော်လည်း zero tolerance မူဝါဒကိုလည်း ဆက်လက်ကျင့်သုံးသွားမှာ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

မေ ၇ ရက်နေ့မှာ ရှေ့နေချုပ် ဂျက်ဖ်ဆက်ရှင်က zero tolerance မူဝါဒကြေညာခဲ့ပြီး နယ်စပ်ကိုတရားမဝင်ဖြတ်သန်းခဲ့ပါက တရားစွဲဆိုခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ကလေးတစ်ဦးကို အမေရိကန်သို့ ဝင်ရောက်နိုင်ရေး တရားမဝင်မှောင်ခိုပြုလုပ် ခဲ့ပါက တရားစွဲဆိုခံရမည်ဖြစ်ကာ ဥပဒေအရ ကလေးကိုလည်း မိဘတွေနဲ့ ခွဲထားမှာဖြစ်ပါတယ်လို့ သူက ဆက်ပြောခဲ့ပါတယ်။ အကယ်၍ ယခုမူဝါဒကို သဘောမကျဘူးဆိုပါက ကလေးများကို နယ်စပ်ဖြတ်၍ တရားမဝင် မှောင်ခိုမလုပ်နဲ့ဟု သူက ထပ်မံပြောခဲ့ပါတယ်။

**လူမှောင်ခိုသမားတွေရဲ့ လုပ်ရပ်တွေလား**

အဆိုပါမူဝါဒကို ကြေညာပြီး နှစ်ပတ်အကြာမှာတော့ သက်ဆိုင်ရာအာဏာပိုင်တွေဟာ ကလေးငယ် ၆၅၈ ဦးကို အရွယ်ရောက်ပြီးသူ ၆၃၈ ဦးနဲ့အတူ ဖမ်းဆီးမိခဲ့ကြောင်း အမေရိကန်နယ်စပ်ကင်းထောက်စစ်ဆင်ရေး ဒုတိယအကြီးအကဲ ရစ်ခ်ျ ချက်ဒ် ဟွတ်ဒ်စိန်က ပြောပါတယ်။ သို့သော်လည်း မိသားစုဘယ်လောက်ကို ခွဲထားမှုတွေပြုလုပ်ခဲ့သလဲဆိုတဲ့ အချက်ကိုတော့ မပြောကြားခဲ့ပါဘူး။

> "နယ်စပ်ဖြတ်ကျော်ပြီး ကလေးတွေကို ဒီဘက်ကိုပို့လိုက်တဲ့ မိသားစုတွေဟာ လူမှောင်ခိုကူးသူတွေနဲ့ ပူးပေါင်းလုပ်ဆောင်ပြီး အဲဒီ လူမှောင်ခိုသမားတွေက သူတို့ကို ခိုလှုံခွင့်ရရှိရေး ဘယ်လိုပြော၊ ဘယ်လိုလုပ်နဲ့ သင်ပေးလိုက်ကြောင်း အာဏာပိုင်တွေက ဆိုပါတယ်။ ရွှေ့ပြောင်းအခြေချသူတွေကတော့ သူတို့ရဲ့ ပြည်တွင်းမှာ အကြမ်းဖက်မှုတွေရှိနေလို့ တကယ့် အန္တရာယ်တောထဲကနေ ပြေးထွက်လာခဲ့တယ်လို့ဆို"

နယ်စပ်ဖြတ်ကျော်ပြီး ကလေးတွေကို ဒီဘက်ကိုပို့လိုက်တဲ့မိသားစုတွေဟာ လူမှောင်ခိုကူးသူတွေနဲ့ ပူးပေါင်းလုပ်ဆောင်ပြီး အဲဒီ လူမှောင်ခိုသမားတွေက သူတို့ကို ခိုလှုံခွင့်ရရှိရေး ဘယ်လိုပြော၊ ဘယ်လိုလုပ်နဲ့ သင်ပေးလိုက်ကြောင်း အာဏာပိုင်တွေ က ဆိုပါတယ်။ ရွှေ့ပြောင်းအခြေချသူတွေကတော့ သူတို့ရဲ့ပြည်တွင်းမှာ အကြမ်းဖက်မှုတွေရှိနေလို့ တကယ့် အန္တရာယ်တောထဲကနေ ပြေးထွက်လာခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကတော့ အမျိုးသားလုံခြုံရေးအတွက် နောက်ထပ်လည်း လူဝင်မှုကြီးကြပ်ရေးနဲ့ ဆိုင်တဲ့ ကန့်သတ်မှုတွေ ပိုမိုလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်လို့ ဆက်လက်ပြောခဲ့ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# ဧရာဝတီမြစ်ရေ ကြီးမြင့်မှုကာကွယ်ရန် တိုက်ကြီးမြို့နယ် အဖျောက်တာပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ ကြီးမြင့်မှုကို ကာကွယ်နိုင်ရန်အတွက် မြစ်အရှေ့ဘက်ကမ်းတာ (အဖျောက်တာ) အား တာမြှင့်ခြင်း၊ တာဖို့ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက သိရသည်။

"မိုးတွင်းကာလမှာ ဧရာဝတီမြစ်ရေမြင့်တက်ချိန် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ရေဘေးကာကွယ်ရေးပစ္စည်းတွေ ကြိုတင်စုဆောင်းထားရှိပြီးဖြစ်ပါတယ်။ အရေးပေါ်လုပ်ငန်းတွေ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့အတွက်လည်း စီမံဆောင်ရွက်ထားပါတယ်။ တာတမံအခြေအနေကိုလည်း နေ့၊ ည မပြတ်ဝန်ထမ်းတွေ စောင့်ကြည့်ဖို့ ရေကင်းစခန်းရှစ်ခုကိုလည်း ထားရှိဆောင်ရွက်ထားပါတယ် " ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်က ပြောသည်။

ဇွန် ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အဖျောက်မြို့ ကမ်းနားတာအနီးတွင် နေထိုင်သော ဒေသခံပြည်သူများအား မိုးရာသီကာလ မြစ်ရေကြီးစဉ်တွင် တာများ၌ ဖြစ်ပွားလေ့ရှိသည့် တာရေကျော်ခြင်း၊ တာအိခြင်း၊ တာလျှောခြင်းနှင့် ကမ်းပါးများတိုက်စားခြင်း စသည့် အရေးပေါ်ရေဘေးကာကွယ်ရေးအတွက် အဖျောက်တာမိုင် (၄၆/၅)တွင် လက်တွေ့သရုပ်ပြမှုကို ဆောင်ရွက်ခဲ့ရာ အဖျောက်မြို့ အုပ်ချုပ်ရေးမှူး ဦးချမ်းမင်းစိုး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၅ခုနှစ် မိုးတွင်းကာလတွင် ဧရာဝတီမြစ်ရေတက်လာသဖြင့် အဖျောက်မြို့ ကမ်းနားတာတွင် ရေပေါက် ၁၀၀ ခန့်ဖြစ်ပေါ်ခဲ့သောကြောင့် အရေးပေါ်ရေဘေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အဖျောက်မြို့ ကမ်းနားတာ၏ ကုန်းဘက်ခြမ်းလူနေအိမ်များ နီးကပ်စွာတည်ရှိနေသည့်အပိုင်း အလျား ပေ ၅၀၀ ကို ကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်ခြင်း၊ အလျား ပေ ၁၅၀၀ ကို အုတ်မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် အလျား ၁ ဒသမ ၂၅ မိုင်ခန့်ကို မြေသားတာတမံမြှင့်တင်ခြင်းများ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အလျား ၃ ဒသမ ၄၀ မိုင် (တာမိုင် ၄၂/၇ မှ ၅၀/၁ အတွင်း) တာမြှင့်ခြင်းလုပ်ငန်းများကို ထပ်မံဆောင်ရွက်ခဲ့ပြီး ရေတားအုတ်နံရံများနှင့် အုတ်မြေထိန်းနံရံများပါ ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း အလျား ၁ ဒသမ ၈၀ မိုင် (တာမိုင် ၄၂/၇ မှ ၄၄/၁ အတွင်း)ကို တာဖိနပ်ခံခြင်းလုပ်ငန်းများ၊ အလျား ၃၈၅ ပေကို နုန်းဖမ်းလှိုင်းကာတန်းရိုက်ခြင်းလုပ်ငန်းများဖြင့် တာတမံကြံ့ခိုင်မှုရှိစေရန် ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် မိုးတွင်းကာလများတွင် ဧရာဝတီမြစ်ရေထူးကဲစွာ မြင့်တက်ခဲ့သော်လည်း အဖျောက်တာဖြင့် မြစ်ရေကြီးမြင့်မှုကို ကာကွယ်နိုင်ခဲ့ပြီး ရေပေါက်ပေါက်ခြင်း၊ တာအိခြင်း၊ တာလျှောခြင်းများ ဖြစ်ပွားမှုမရှိခဲ့ကြောင်း တိုက်ကြီးမြို့နယ်အတွင်း ၇ ဒသမ ၂၅ မိုင်ရှည်လျားသော ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာ (အဖျောက်တာ)ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ဧရိယာ ၁၄၄၇၅ ဧကကို ရေဘေးမှကာကွယ်ပေးထားနိုင်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မင်းသစ်** (MNA)

## စာအုပ်စာပေ လှူမိတ်ဆွေ

# စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်ခုနစ်သိန်းခန့် စုစည်းထားရာ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

**ရန်ကုန် ဇူလိုင် ၁**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ မြန်မာနိုင်ငံ၏ အမျိုးသားစာပေစု အမွေအနှစ် ဗဟိုဌာနဖြစ်လာစေရန် မျှော်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပိတ်ရက်နှစ်ရက်မှအပ ဖွင့်လှစ်လျက် ပြည်တွင်း၊ ပြည်ပ ကျောင်းသား ကျောင်းသူများနှင့် စာတမ်းပြုစုသူများ လာရောက်လေ့လာဖတ်ရှုနိုင်ရန် စာအုပ်၊ စာနယ်ဇင်းနှင့် ပေ၊ ပုရပိုက် ခုနစ်သိန်းခန့်ဖြင့် ထိန်းသိမ်းပြုစုထားကြောင်း သိရသည်။

**အမျိုးသားစာကြည့်တိုက်၏သမိုင်းကြောင်း**

မြန်မာနိုင်ငံတွင်စာကြည့်တိုက်ကို ၁၈၈၃ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အောက်မြန်မာပြည် ဝန်ရှင်တော်မင်းကြီး ဆာချားလ်အက်ဒွပ်ဘားနတ် (Sir Charies Edward Bernard)က ဘားနတ်အခလွတ်စာကြည့်တိုက်ကို စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ကင်းဝန်မင်းကြီး ပိဋကတ်တိုက်မှ ပေ၊ ပုရပိုက်များ၊ စာမူစာအုပ်များနှင့် ၁၉၂၄ ခုနှစ်တွင် ပုဂံဝန်ထောက်မင်းကြီး ဦးတင်၏ ပိဋကတ်တိုက်မှ စာစုများကိုဝယ်ယူ၍ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၂ ခုနှစ် ဇွန် ၁ ရက်တွင် ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနက နိုင်ငံတော်စာကြည့်တိုက် အမည်ဖြင့် ရန်ကုန်မြို့ ဂျူဗလီဟောတွင် နိုင်ငံတော်က ဖွင့်လှစ်ခဲ့သည်။ ၁၉၆၂ ခုနှစ် ဇွန်လတွင် အမှတ်(၁၆၆)၊ ပန်းဆိုးတန်းရှိ အဆောက်အအုံ၏ ဒုတိယထပ်နှင့် တတိယထပ်သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၆၄ ခုနှစ် သြဂုတ်လတွင် အမျိုးသားစာကြည့်တိုက်ဟုအမည်ပြောင်းလဲ၍ ရန်ကုန်မြို့တော်ခန်းမ တတိယထပ်သို့ ပြောင်းရွှေ့ခဲ့ကာ စာဖတ်ခန်းကိုလည်း ၁၉၆၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၄ ခုနှစ် သြဂုတ်လတွင် ကမ်းနားလမ်းရှိ ခြောက်ထပ်ရုံးသို့ ပြောင်းရွှေ့ဖွင့်လှစ်ကာ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၌ အမျိုးသားစာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်အခမ်းအနားကို ၁၉၉၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ကျင်းပ၍ ၂၀၀၂ ခုနှစ်တွင် အဆောက်အအုံသစ်သို့ပြောင်းရွှေ့ခဲ့သည်။ ယင်းနောက် ၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် နာဂစ်မုန်တိုင်းကြောင့် အမျိုးသားစာကြည့်တိုက် ပျက်စီးခဲ့ရာ သြဂုတ် ၈ ရက်တွင် ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**စုစည်းထိန်းသိမ်း**

အဆိုပါစာကြည့်တိုက်တွင် မန္တလေးနန်းတွင်းမှ ကင်းဝန်မင်းကြီး ဦးကောင်းနှင့် ပုဂံဝန်ထောက် ဦးတင်တို့၏ ပေ၊ ပုရပိုက်အစုများ၊ ကမ္ဘဝါအမျိုးမျိုးနှင့် လက်ရေးစာများကို ဘားနတ်အခလွတ်စာကြည့်တိုက်မှ အမွေဆက်ခံရရှိခဲ့ပြီး မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုန်းကြီးကျောင်းများမှ ပေ၊ ပုရပိုက်များကိုလည်း ထပ်မံစုဆောင်း ထိန်းသိမ်းထားရှိသည်။ ပေစာများမှာ အနည်းဆုံးနှစ် ၁၀၀ သက်တမ်းရှိပြီး အချို့မှာ နှစ် ၂၀၀ ခန့် သက်တမ်းရှိသည်။ ပေ၊ ပုရပိုက်နှင့်လက်ရေးစာအများစုမှာ ဗုဒ္ဓဘာသာကျမ်းများဖြစ်၍ ပိဋကတ်တော်များ၊ အဖွင့်ကျမ်းများ၊ ဗုဒ္ဓဝင်ကျမ်းများအပြင် လောကီကျမ်းဖြစ်သည့် ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ စားတော်ချက်ကျမ်းပါမကျန် စုစည်းထိန်းသိမ်းထားကြောင်းသိရသည်။

**ထုတ်ဝေသမျှ စာအုပ်ပြည့်စုံ**

"အမျိုးသားစာကြည့်တိုက်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံက ထုတ်ဝေသမျှစာအုပ်တွေကို ပြည့်စုံမှုဖြစ်အောင် စုရပါတယ်။ ဒါတွေကို ခေတ်အဆက်ဆက် တည်တံ့နိုင်အောင်လည်း ထိန်းသိမ်းရပါတယ်။ ဟိုးယခင် နှစ်ပေါင်းများစွာက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ စာပေနဲ့ ပေ၊ ပုရပိုက်တွေ ရှိနေတာပါ။ ၁၈၈၃ ခုနှစ်ထဲက မူရင်းစာပေတွေ၊ ပေ၊ ပုရပိုက်တွေ သိုမှီးထားတဲ့ အမျိုးသားစာကြည့်တိုက်ကြီးပါ။ မှန်နန်းရာဇဝင်ဆိုရင်ပေပေါ်မှာ တည်ခဲ့ပြီးတော့ မူရင်းက အစရှိပါတယ်။ အဲချင်း၊ ချောင်းတွေလည်းရှိတယ်။ စာအုပ်၊ စာနယ်ဇင်း ပေ၊ ပုရပိုက် စုစုပေါင်း ခုနစ်သိန်းခန့် ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဘယ်ခေတ်တုန်းက ဘယ်လိုစာအုပ်၊ ဘယ်လိုစာပေတွေ ထုတ်ဝေပေါ်ထွန်းခဲ့တယ်ဆိုတာ အခုလိုအမျိုးသားစာကြည့်တိုက်မှာ ရှိနေတာပါ။ မြန်မာ့စာပေဟာ မြန်မာ့ယဉ်ကျေးမှုဖြစ်တဲ့အတွက် သမိုင်းအထောက်အထားတွေဆိုရင်လည်း မများပါဘူး။ အမျိုးသားစာကြည့်တိုက်ဖြစ်တဲ့အတွက် မည်သူမဆို အခမဲ့ဖတ်ရှုလို့ရပါတယ်။ တက္ကသိုလ်စာကြည့်တိုက်ဆိုရင် တက္ကသိုလ်ကျောင်းသားတွေပဲ အဆင်ပြေနိုင်မယ်၊ အပြင်လူဆိုရင် အကန့်အသတ်ရှိနိုင်တယ်။ ဒီမှာတော့မရှိဘူး။ တနင်္ဂနွေ၊ တနင်္လာပိတ်ရက်ကလွဲရင် ကျန်တဲ့ရက်တွေ ဖွင့်ထားပါတယ်။ ပြည်လမ်းက အမျိုးသားစာကြည့်တိုက်လည်း အတူတူပါပဲ။ နောင်ဆိုရင်(၃၂)လမ်းနဲ့ ကုန်သည်လမ်းမှာ ပြောင်းရွှေ့ဖွင့်လှစ်ဖို့ ရှိပါတယ်။ နိုင်ငံတကာအဆင့်မြင့် စာကြည့်တိုက်ကြီးဖြစ်အောင် မျှော်မှန်းချက်နဲ့ လုပ်ဆောင်နေကြပါတယ်။ ပိတ်ရက်မရှိတဲ့အပြင် နံနက် ၉ နာရီကနေ ည ၉ နာရီအထိ ဖွင့်လှစ်နိုင်ဖို့က ကြိုးစားနေပါတယ်။ ပြည်တွင်း၊ ပြည်ပလာရောက်လေ့လာတဲ့အထဲမှာ ပြည်တွင်း၊ ပြည်ပရှိပြီးတော့ ပြည်ပက မူရင်းအထောက်အထားကို လေ့လာတာများတယ်။ ပေပေါ်ကနေ စာအုပ်ပေါ်ကို ရောက်တာကြောင့် စာအုပ်လေ့လာတဲ့သူလည်းရှိတယ်။ ပြင်သစ်၊ ဂျာမနီ၊ ရုရှားလည်းလာပါတယ်။ ခွင့်ပြုချက်နဲ့ လာကြတာပါ။ ကုန်းဘောင်ခေတ်က မှတ်တမ်းတင်ခဲ့တဲ့ မှန်နန်းရာဇဝင်ဆိုရင် ပေပေါ်မှာပဲ မှတ်တမ်းတင်ခဲ့လို့ ယနေ့တိုင်ထိန်းသိမ်းပြီး စာရွက်ပေါ်ကိုလည်း တင်နိုင်ခဲ့တာကြောင့် မြန်မာသမိုင်း အထောက်အထားဖြစ်ခဲ့တဲ့အတွက် နောင်လာနောက်သားတွေ လေ့လာဖတ်ရှုနိုင်ခဲ့လို့ မြန်မာ့ယဉ်ကျေးမှုကို ကမ္ဘာက ပိုပြီး သိရှိလာစေပါတယ်"ဟု ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အမျိုးသားပြတိုက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောကြားသည်။

အမျိုးသားစာကြည့်တိုက်အဖွဲ့(ရန်ကုန်)ကို ဒဂုံမြို့နယ် ပြည်လမ်းတွင် ဖွင့်လှစ်ထားပြီး ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်တွင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကိုဖွင့်လှစ်ထားရာ ၁၈၈၃ ခုနှစ်မှ ယနေ့တိုင် စာအုပ်၊ စာပေ၊ စာနယ်ဇင်းနှင့် ပေ၊ ပုရပိုက်တို့ကို နိုင်ငံ၏အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အနေဖြင့် ထိန်းသိမ်းထားလျက်ရှိသည်။

**ရှားပါးစာစုများ**

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ၁၉၄၈ ခုနှစ်က ထုတ်ဝေခဲ့သောစာအုပ်များနှင့် ၁၉၆၂ ခုနှစ် မတိုင်မီက ထုတ်ဝေခဲ့သော စာနယ်ဇင်းများကိုလည်း ထိန်းသိမ်းထားပြီး အစောဆုံး စာအုပ်မှာ ၁၇၇၆ ခုနှစ်က ရောမမြို့တွင် ထုတ်ဝေခဲ့သော မြန်မာသင်ပုန်းကြီး စာအုပ်ပင်ဖြစ်သည်။ နိုင်ငံခြားမှ ထုတ်ဝေသော စာအုပ်များအပြင် ရန်ကုန်မြို့ရှိ ပုံနှိပ်တိုက်များနှင့် မင်းတုန်းမင်းလက်ထက်က တည်ထောင်ခဲ့သော မန္တလေးမြို့ ရတနာပုံနေပြည်တော် ပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေသော စာအုပ်စုစုပေါင်း အုပ် ၂၈၀ လည်း ပါဝင်သည်။ ရှားပါး စာနယ်ဇင်းများတွင်လည်း မြန်မာနိုင်ငံတွင် ပထမဆုံး ထုတ်ဝေသော The Moulmain Chronicle (ဧပြီ ၁၈၄၄ မှ ဧပြီ ၁၈၄၅ ထိ)၊ ရတနာပုံနေပြည်တော်သတင်းစာ ၁၈၇၆ ခုနှစ် မတ် ၂၄ ရက်တို့ ပါဝင်ပြီး စုစုပေါင်းစောင်ရေ ၂၃၀၀၀ ကျော် ထိန်းသိမ်းထားသည်။

**ပုံနှိပ်စာအုပ်များ**

ပုံနှိပ်စာအုပ်များတွင် မြန်မာနိုင်ငံအတွင်း ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းများအပြင် အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာ စာအုပ်များ၊ ကုသသမဂ္ဂအဖွဲ့အစည်းအချို့မှ ထုတ်ဝေသောစာအုပ်နှင့် စာနယ်ဇင်းများ၊ ရည်ညွှန်းစာအုပ်၊ စာတမ်းများ၊ ဘွဲ့ယူကျမ်းများဟူ၍ ခွဲခြားထားရှိပြီး နှစ်စဉ်ပုံနှိပ်စာအုပ်စာတမ်းပေါင်း လေးထောင်ခန့် တိုးပွားလျက်ရှိသည့်အပြင် အများပြည်သူက လှူဒါန်းထားသော စာအုပ်စာတမ်းများကိုလည်း အလှူရှင်အမည်ဖြင့် သီးခြားထားရှိသည်။

**စာနယ်ဇင်းများ**

၁၉၆၂ ခုနှစ်နောက်ပိုင်း ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် သတင်းလွှာများကို စုဆောင်းထားရှိပြီး အများပြည်သူကို ဝန်ဆောင်မှုပေးလျက်ရှိကာ စာနယ်ဇင်းများတွင်ပါရှိသည့် သတင်းဆောင်းပါးများကိုလည်း အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်စေရန် အညွှန်းစာများဖြင့် ပြုစုထားရှိသည်။

**ထိန်းသိမ်းဆောင်ရွက်လျက်ရှိ**

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏ စာပေပစ္စည်း ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်ကို ၁၉၉၃ ခုနှစ်တွင် စာအုပ်ချုပ်လုပ်ငန်းမှ အစပျိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စာပေယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများနှင့် စာကြည့်တိုက်ရှိ အထောက်အထားမှတ်တမ်းတို့ကို ပြုပြင်ထိန်းသိမ်းရာတွင် မူလအခြေအနေထက် ဆိုးရွားစွာ ပျက်စီးမှုမရှိစေရန်၊ ပျက်စီးခဲ့ပါက ဆက်လက်ပျက်စီးမှု မရှိစေရန်၊ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေးနည်းစနစ်တို့ကို အသုံးပြု၍ အဆင့်ဆင့်ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကာ ရှားပါး၍ တန်ဖိုးမဖြတ်နိုင်သော စာပေပစ္စည်းများအား Digital form အဖြစ် ပြောင်းလဲပြီး e -book ၊ e - Periodical အဖြစ် လေ့လာဖတ်ရှုနိုင်ရန်အတွက် Digitize ပြုလုပ်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

"တိုးတက်နေတဲ့နိုင်ငံတွေက စာကြည့်တိုက်တွေ ပိုပြီးတိုးတက်ပါတယ်။ နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်ဖြစ်ဖို့ ရည်မှန်းချက်တွေနဲ့ ဆောင်ရွက်နေကြပါတယ်။ အရှေ့တောင်အာရှမှာတော့ နည်းပညာတိုးတက်တဲ့အတွက် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်တွေ တိုးတက်ကောင်းမွန်ပါတယ်။ လူငယ်တွေကို ဂိုက်လုပ်တာကလူကြီးတွေဖြစ်တဲ့အတွက် လူကြီးတွေ စာများများဖတ်ဖို့လည်း လိုပါတယ်။ စာကြည့်တိုက်အနေနဲ့ တရုတ်ပြည်မှာ ဒေါက်တာဘွဲ့ရရှိပြီး နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတာလည်း ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်ကနေ ပြည်ပမှာ သင်တန်းတွေတက်တာ၊ ပြည်ပကို သွားရောက်လေ့လာတာတွေလည်း ရှိတယ်။ မြန်မာနိုင်ငံအတွင်းက ထွက်ရှိတဲ့စာအုပ်တွေကို ခေတ်အဆက်ဆက် တည်တံ့နိုင်အောင် စုဆောင်းထိန်းသိမ်းရပါတယ်။ စာဖတ်လိုစိတ်ရှိလာအောင်လည်း ဆောင်ရွက်ပေးရပါတယ်။ စာကြည့်တိုက်ကို လာတဲ့သူအတွက် ဝိုင်ဖိုင်ဖွင့်ပေးတာကအစပေ့ါနော်။ ဒီစာကြည့်တိုက်မှာ စုံလင်စွာ ရှိနေပါတယ်။ ဟိုဘက် စာကြည့်တိုက်မှာက ၂၀၁၆ ကနေ ၂၀၁၈ ထိပဲရှိတာဆိုတော့ လိုအပ်တာကို ဒီဘက်မှာ ရှာပေးရပါတယ်။ အသုံးပြုသူတွေ လိုအပ်ချက်ကို ရှာဖွေဆောင်ရွက်ပေးရတာပါ။ အသစ်တိုးချဲ့ဆောက်လုပ်နေတဲ့ အမျိုးသားစာကြည့်တိုက်ကတော့ ဆောက်လုပ်နေဆဲဆိုတော့ ၂၀၂၀ မှာ ဖွင့်လှစ်ဖို့ ရှိပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ဖြည့်စွက်ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်တို့တွင် စာပေယဉ်ကျေးမှုသည် ထိုနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြလျက်ရှိရာ မြန်မာနိုင်ငံရှိ အမျိုးသားစာကြည့်တိုက်တွင် ရှေးမင်းလက်ထက်က စာပေများကို ထိန်းသိမ်းထားရှိသည့်အတွက် တန်ဖိုးဖြတ်၍မရသော သမိုင်းအထောက်အထား အမွေအနှစ်များကို ဂုဏ်ယူစွာ တွေ့မြင်ရလျက်ရှိကာ စာအုပ်၊ စာပေ၊ ပေ၊ ပုရပိုက် ခုနစ်သိန်းခန့် ထိန်းသိမ်းစုစည်းထားရာ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အနေဖြင့် "မြန်မာနိုင်ငံ၏အမျိုးသားစာပေစု အမွေအနှစ်ဗဟိုဌာန ဖြစ်လာစေရန်" ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**



သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)။



ပေ၊ ပုရပိုက်စာများ ထိန်းသိမ်းထားမှုကို တွေ့ရစဉ်။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၅/၉၀၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၂၀ ကျပ် | ၉၄၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၇၅ ကျပ် | ၉၂၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၂၅ ကျပ် | ၉၇၅/၉၈၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၀၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၂၆ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၂၇ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၇ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၇၂ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ ・ ၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၄၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၄၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၇ ・ ၄၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・၄၀၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ကျေးရွာသစ်စီမံကိန်းတွင် ဆုရရှိသည့်ကျေးရွာများသို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော်ကောင်စီနယ်မြေရှိ စံပြကျေးရွာသစ်လူပ်ရှားမှုစီမံကိန်း ဒုတိယနှစ်ဆောင်ရွက်ချက်များအပေါ် အေအဆင့် ရရှိသည့် ကျေးရွာများသို့ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနတိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ပြီး အခမ်းအနားသို့ ကျေးရွာသစ်လူပ်ရှားမှုကော်မတီဥက္ကဋ္ဌ ဦးအေးမောင်စိန်၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ စီမံကိန်းပရောဂျက်မန်နေဂျာ မစ်စတာလီဆောင်ဝမ်၊ နေပြည်တော် တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ၂၀၁၇ ခုနှစ် ဒုတိယနှစ်စီမံကိန်းအပေါ် အေအဆင့်ရရှိသည့် ကျေးရွာခုနစ်ရွာအား ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ကိုရီးယားနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) မှ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**




# ပဲခူးခရိုင်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ တောင့်တင်းခိုင်မာအောင် ပြုပြင်ပြီးဖြစ်

**ပဲခူး ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်သည် မြို့နယ်ရှစ်ခုဖြင့် ဖွဲ့စည်းထားပြီး ယင်းတို့အနက် ပဲခူး၊ သနပ်ပင်၊ ဝေါ၊ ညောင်လေးပင်နှင့် ကျောက်တံခါး စသည့် မြို့နယ်များတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရေဘေးကာကွယ်ရေးတာရှစ်ခုတည်ဆောက်၍ ရေကြီးရေလျှံမှုများကို ကာကွယ်ထားလျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့် အဆိုပါ ရေဘေးကာကွယ်ရေးတာများ တောင့်တင်းခိုင်မာစေရေးအတွက်သော် လည်းကောင်း၊ ရေတိုက်စားမှုကြောင့် ကမ်းပြိုပြီး တာတမံကို ထိခိုက်လာနိုင်သည့် နေရာများတွင် ပန်းတာများ တည်ဆောက်ခြင်းဖြင့်လည်းကောင်း၊ ယခုနှစ် မိုးရာသီတွင် ရေဘေးကာကွယ်ရေးဧရိယာအတွင်းရှိ လယ်မြေ များ၊ မြို့ ရွာများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ကြိုတင်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

ပဲခူးခရိုင်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများထဲမှ စစ်တောင်းမြစ်တာသည် အလျား ၄၉မိုင် ၁ ဖာလုံ ရှိပြီး အရှည်လျားဆုံးဖြစ်ကာ စစ်တောင်းမြစ်ရေ ဝင်ရောက်မှုကို တားဆီးကာကွယ်ပေးလျက်ရှိသည်။ ထိုတာမှာ ၁၈၈၃ ခုနှစ်ကတည်းက တည်ဆောက်ပြီးစီးခဲ့သည့် တာတစ်ခုဖြစ်၍ လက်ရှိအချိန်တွင် သက်တမ်းကြာမြင့်လာခြင်းနှင့် စစ်တောင်းမြစ်၏ ရေစီးရေလာ ပြောင်းလဲခြင်းကြောင့် ကမ်းစားမှုများ ဖြစ်ပေါ်လာခြင်းတို့ကြောင့် တာတမံတောင့်တင်းခိုင်မာမှုရှိစေရန် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများနှင့် ပန်းတာများတည်ဆောက်ခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ကြိုတင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ပြီးခဲ့သော ၂၀၁၇ ခုနှစ် မိုးရာသီအတွင်း စစ်တောင်း တာမိုင် (၂၄/၃) နှင့် (၂၅/၂)အကြား ညောင်လေးပင်မြို့နယ် ပြင်ရေကြီးကျေးရွာအနီး၌ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများ ဖြစ်ပွားလာကာ တာတမံကြံ့ခိုင်မှုကို ထိခိုက်လာပြီး အရေးပေါ်ပြင်ဆင်ခဲ့ရသည်။ ထို့ကြောင့် ယခုနှစ် ပွင့်လင်းရာသီတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ စီမံခန့်ခွဲမှုဖြင့် အဆိုပါနေရာ၌ ပန်းတာတည်ဆောက်ရန် ရန်ပုံငွေကို တိုင်းဒေသကြီး ပိုလျှံရန်ပုံငွေထဲမှ ခွဲဝေချထားပေးခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၈ ခုနှစ် မတ်လအတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျောက်တံခါးမြို့နယ်အတွင်းရှိ စစ်တောင်းတာ၏ တာမိုင်(၁/၀)မှ (၄/၂ )အတွင်း၌လည်း နှစ်စဉ် ထူးပေါက်များဖြစ်ပွားလေ့ရှိပြီး တာတမံကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သဖြင့် ယခုနှစ် မိုးရာသီ မတိုင်မီတွင် အဆိုပါအပိုင်းကိုလည်း တောင့်တင်းခိုင်မာမှုရှိစေရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ပဲခူးခရိုင်အတွင်းရှိ အခြားတာတမံများကိုလည်း လိုအပ်ချက်ရှိသည့်နေရာများအလိုက် ပြုပြင်မှုများ ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ ပဲခူးခရိုင်အတွင်း ရေဘေးကာကွယ်ရေးတာ ရှစ်ခု၏ စုစုပေါင်းအလျားမှာ ၁၆၆ မိုင် ၄ ဖာလုံရှိကာ ရေဘေးကာကွယ်ရေးဧရိယာမှာ ၂၅၁၂၆၁ ဧကရှိကြောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် အဆိုပါတာများ ကြံ့ခိုင်ရေးအတွက် ကြိုတင်ပြုပြင်ထိန်းသိမ်းမှုများအပြင် ယခုနှစ် မိုးရာသီတွင် ရေဘေးကာကွယ်ရေးတာများအပေါ်၌ ရေကင်းစခန်း စုစုပေါင်း ၄၂ ခု ထားရှိကာ စောင့်ကြပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် သတ်မှတ်နေရာများတွင် အရေးပေါ်သုံးပစ္စည်းများဖြစ်သည့် ပီနံအိတ်၊ ယိုင်ဖျာ နှင့် ဝါးစသည်တို့ကို စုဆောင်းထားရှိခြင်းများကိုလည်း ကြိုတင်ပြုလုပ်ကာ တာတမံများ ကျိုးပေါက်ပျက်စီးမှုဖြစ်ပွားပါက အရေးပေါ် ပြုပြင်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားပြီး ဖြစ်ကြောင်းလည်း သိရသည်။

**သူရအောင်(ပြည်)**

# ကျွန်တော်နဲ့ ပါရယ်တက္ကသိုလ်



**ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်**

ပါရယ်တက္ကသိုလ်ဟာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာရှိတဲ့ ပုဂ္ဂလိက တက္ကသိုလ်ဖြစ်တယ်။ အမေရိကန် သာသနာပြုအဖွဲ့အစည်းက လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်က ဖွဲ့ခဲ့တာ။ ထိုင်းနိုင်ငံရဲ့ ပထမဦးဆုံး ပုဂ္ဂလိကတက္ကသိုလ်ဖြစ်တယ်။ ပါရယ်ဆိုတာက ထိုင်းစကားအရ တက္ကသိုလ်ရဲ့ တည်နေရာကို ရည်ညွှန်းပြီး အခုလို အမည်ပေးထားတာ။ ကျွန်တော်က ပါရယ်တက္ကသိုလ်ရဲ့ ပါမောက္ခ စွန်ဘုံးကတစ်ဆင့် အဆက်အသွယ်ရခဲ့တယ်။ ဒေါက်တာ စွန်ဘုံးက ယိုးဒယားကရင်။ သူ့ကျေးဇူးကြောင့် ပါရယ်တက္ကသိုလ်နဲ့ အဆက်အသွယ်ရရုံမက ကနေဒါနိုင်ငံက University of British Columbia (UBC) မှာ သင်ကြားခွင့်ရခဲ့တယ်။ တက္ကသိုလ်ရဲ့ဂုဏ်ထူးဆောင်ပါမောက္ခ ဖြစ်လာခဲ့တယ်။ ပထမဦးဆုံး အာရှတိုက်က သူဖြစ်ခဲ့တာမို့ ဂုဏ်ယူမိတယ်။ UBC ကို ပုံမှန်မရောက်ဖြစ်ဘူး။ ကျွန်တော်က မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး သုတေသနလုပ်ငန်းတွေကို အားပေးချင်တာ။

### မြန်မာနိုင်ငံက ကျောင်းသားများရှိ

ပါရယ်တက္ကသိုလ်မှာ မြန်မာနိုင်ငံက ကျောင်းသား ကျောင်းသူတွေရှိတယ်။ ဘွဲ့ကြိုသင်တန်းတွေမှာသာမက ဘွဲ့လွန်သင်တန်းတွေ၊ ပါရဂူသင်တန်းတွေမှာလည်း တက်ရောက်နေကြတာ။ တစ်ချိန်ကျရင် သူတို့ကို အားကိုးရမှာ။ ဒီတစ်ခေါက် ဒေါက်တာ စွန်ဘုံးက နိုင်ငံတကာဆွေးနွေးပွဲ တစ်ရပ်မှာ မိန့်ခွန်းလာပြောဖို့ ဖိတ်ကြားခဲ့တာ။ ကျွန်တော်က ဥရောပခရီးစဉ်ရှိနေတာမို့ ဇွန် ၁၉ မှာ ကျင်းပမယ့်ပွဲကို အချိန်မီ ရောက်အောင်လာဖို့ အကြောင်းကြားခဲ့တယ်။ ဘယ်လ်ဂျီယံ နိုင်ငံကတစ်ဆင့် ကျွန်တော်ဗန်ကောက်ကို ခရီးထွက်ခဲ့ပြီး ဗန်ကောက်ကတစ်ဆင့် ချင်းမိုင်ကို လေယာဉ်နဲ့ခရီးဆက်ခဲ့တယ်။ ချင်းမိုင်ရောက်တော့ ညဉ့်နက်နေပြီ။ ထွက်ပေါက် နှစ်ပေါက် ရှိတာမို့ ကျွန်တော်က တစ်ပေါက်မှာစောင့်၊ သူက နောက်တစ်ဖက်မှာ စောင့်နေတော့ အချိန်ကုန်ခဲ့တယ်။ နောက်ဆုံး သူနဲ့အတူ မြန်မာကောင်စစ်ဝန်ရုံးက တာဝန်ရှိသူ တွေကလည်း ကျွန်တော့်ကို ရှာတွေ့သွားတော့ အဆင်ပြေ သွားတယ်။ ဒေါက်တာ စွန်ဘုံးနဲ့အတူ တည်းခိုမယ့်နေရာကို ထွက်ခဲ့ကြတယ်။ ပွဲက ပါရယ်တက္ကသိုလ်ထဲမှာ လုပ်မှာမို့ စေတနာနဲ့ အဆောင်မှာတည်းဖို့ စီစဉ်ခဲ့တယ်။ အဆောင် မသွားမီ ညစာစားဖို့ အတော်လေး ပင်ပင်ပန်းပန်း ရှာဖွေခဲ့ရ တယ်။ အချိန်က ညဉ့်နက်နေတာမို့ နောက်ဖေး လမ်းဘေးဆိုင်နဲ့ တိုးတော့တာပဲ။ အစားအသောက်ကောင်းဖို့ထက် ဗိုက်ပြည့် ဖို့သာ ဦးစားပေးခဲ့ရတယ်။ အဆောင်ရောက်တော့ အစောင့် တွေ မရှိကြတာမို့ အခက်အခဲတွေ့ခဲ့ရတယ်။ နောက်ဆုံးမြို့ထဲက ဟိုတယ်မှာပဲ တည်းမယ်လို့ ဆုံးဖြတ်ပြီး ခရီးထွက်ခဲ့ရပြန်တယ်။ ဟိုတယ်အခန်းထဲရောက်တော့ သန်းခေါင်ကျော်နေပြီ၊ ခရီး ကလည်း ၂၄ နာရီလောက်ကြာတာမို့ အတော်ပင်ပန်းနေတာ။ ရေချိုးပြီး အိပ်ရာထဲ တန်းဝင်ခဲ့တယ်။

နောက်တစ်နေ့နံနက်မှာ ဒေါက်တာစွန်ဘုံးက ကျွန်တော် တို့ ဟိုတယ်မှာ လာခေါ်တယ်။ နံနက်စာကို ဟိုတယ်မှာစားတုန်း တရုတ်ပြည်က ကမ္ဘာလှည့်ခရီးသည်တွေနဲ့ ဆုံခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဒီဟိုတယ်မှာပဲ တည်းခိုခဲ့တာ။ ဒီတုန်းက တရုတ်တွေ သိပ်မတွေ့ရပေမယ့် ဒီတစ်ခေါက်တော့ စားသောက် ခန်းမမှာအပြည့်။ အားလုံးကလည်း ထုံးစံအတိုင်းပဲ အခုလို ကမ္ဘာလှည့်တဲ့ တရုတ်နိုင်ငံသားတွေကြောင့် နိုင်ငံတကာ ဈေးကွက်ကြီး လုံးဝပြောင်းလဲလာခဲ့တယ်။ နေရာတိုင်းလိုလို တရုတ်ခရီးသည်တွေက ပြည့်နေတာ။ ဥရောပမှာ ဈေးရောင်း သူတွေက တရုတ်ဘာသာတတ်ကြတယ်။ ထိုင်းမှာလည်း ဒီအတိုင်းပဲ။ တိုင်းပြည်တိုးတက်မှုရဲ့လက္ခဏာတစ်ရပ်ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း တရုတ်ကမ္ဘာလှည့်ခရီးသည်တွေကို ထိထိရောက်ရောက် ကြိုဆိုညှော့ခံဖို့ လိုအပ်တယ်။ တလောက ဗီယက်နမ်နိုင်ငံ ရောက်တုန်းကလည်း ဒီအတိုင်းပဲ။ ဘယ်သွား သွား သူတို့က ရှိနေမှာ။ ဒီလိုဖြစ်တာဟာ တရုတ်နိုင်ငံရဲ့စီးပွား ရေးအောင်မြင်မှုကြောင့် လူလတ်တန်းစား သန်း ၃၀၀ ကျော်တယ်။ သုံးနိုင်၊ ဖြုန်းနိုင်တဲ့ သူတွေက မနည်းဘူး။ ဒါကြောင့် မြန်မာပြည်ရဲ့ခရီးသွားလုပ်ငန်းတွေဟာ အိမ်နီးချင်း နိုင်ငံက သူတွေကို ဆွဲဆောင်ဖို့လိုအပ်မှာ။ စိုးရိမ်နေလို့ မဖြစ် ဘူး။ ကိုယ့်ဆီမလာရင် တခြားသွားမှာပဲ။ ကိုယ့်ဆီများများ လာအောင် လုပ်ရမယ်။ လိုအပ်တဲ့ ဖြေလျှော့မှုတွေကိုလည်း ဖော်ထုတ်ရမှာ။ တင်းခံနေလို့ မဖြစ်ဘူး။ ချမ်းသာတဲ့ နိုင်ငံတွေ မှာတောင် လက်ခံကြိုဆိုနေရင် ကျွန်တော့်အနေနဲ့လည်း စီစဉ် သင့်တယ်။ ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့တော့ လိုအပ်မယ်။ ပါးနပ်ရမယ်။ သွက်လက်ရမယ်။ မာနကို နည်းနည်းချဖို့ လိုလိမ့် မယ်။

ပွဲလုပ်မယ့် ခန်းမက ပါရယ်တက္ကသိုလ်အထဲမှာ။ ဒီခန်းမမှာ ကျွန်တော်က ဟောပြောပွဲတွေ လုပ်ခဲ့တယ်။ ဒီတစ်ခေါက် ရောက်တော့ ခန်းမရဲ့ ညှော့ကြိုနေရာမှာ ဈေးခင်းထားတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ထုတ်လုပ်တဲ့ ရိုးရာပစ္စည်းတွေ၊ အဝတ်အစားတွေကို ခင်းကျင်းပြသထားပြီး ရောင်းချနေတာ၊ အဆင်တွေက ကျွန်တော်တို့နိုင်ငံရဲ့ အဆင်တွေနဲ့ ဆင်တူပဲ။ ကရင်ရိုးရာ သင်တိုင်းအင်္ကျီတွေ ရောင်းနေတာမို့ ကရင်တိုင်းရင်း သူဖြစ်တဲ့ ဇနီးသည်အတွက် ဝယ်ဖြစ်တယ်။ ကျွန်တော် ဝယ်နေစဉ် ပွဲကို တက်ရောက်လာတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီဇာနာနဲ့ တွေ့တယ်။ သူက ဝယ်ဖို့ တိုက်တွန်းတယ်။ ခန်းမထဲရောက်တော့ မန္တလေးတက္ကသိုလ်က ဒုတိယပါမောက္ခချုပ်ကိုလည်း တွေ့လိုက်ရတယ်။ မြန်မာတွေက အများကြီး။ အမှန်တော့ ပွဲရဲ့ခေါင်းစဉ်က ထိုင်း-မြန်မာ နယ်စပ် ဒေသမှာ ငြိမ်းချမ်းရေးတည်ဆောက်မှုပုံစံ ပုံဖော်မှုဖြစ်တာ။ အမှန်တော့ ဒီပွဲမှာ မြန်မာပြည်က တိုင်းရင်းသားတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ရှိစေချင်တာ။

### အလုပ်ရုံဆွေးနွေးပွဲဖွင့်

အလုပ်ရုံဆွေးနွေးပွဲကို ပါရယ်တက္ကသိုလ်ရဲ့ပါမောက္ခချုပ်က ဖွင့်လှစ်ခဲ့တယ်။ သူတို့အသုံးအနှုန်းကတော့ University President ဖြစ်တယ်။ ဖွင့်ပွဲအပြီးမှာ ထိုင်းနိုင်ငံက ငြိမ်းချမ်း ရေးနဲ့ ပတ်သက်ပြီး သုတေသနလုပ်နေတဲ့ ပါမောက္ခဆရာကြီးက သူ့ရဲ့ တွေ့ရှိချက်တွေကို တင်ပြခဲ့တယ်။ စိုက်ပျိုးရေးဥပမာကို အသုံးပြုပြီး ဖော်ပြတာ။ ထူးခြားချက်က စိုက်ပျိုးရေးလုပ်ငန်း တွေမှာ အဖျက်သမားတွေက ကိုယ်ပွားတွေဖြစ်သလို ငြိမ်းချမ်း ရေးဖြစ်စဉ်မှာလည်း ပဋိပက္ခကို စဉ်ဆက်မပြတ်ရှိစေလိုတဲ့ အဖျက်သမားများ (spoilers) တွေ အမြဲရှိတာကို သတိပေး ခဲ့တယ်။ သူ့ရဲ့တင်ပြချက်တွေကို နားထောင်ရင်း ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အဖျက်သမားတွေက ဘယ်သူတွေ ဖြစ်နိုင်မလဲလို့ စဉ်းစားမိခဲ့တယ်။

### လူမှုစီးပွားရေးလုပ်ငန်း

ကျွန်တော့်အလှည့်ရောက်တော့ ဒေါက်တာစွန်ဘုံးက ပေးထားတဲ့ ခေါင်းစဉ်ဖြစ်တဲ့ “စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်း ချက်များနဲ့ လူမှုစီးပွားတွေရဲ့အခန်းကဏ္ဍ” စာတမ်းကို တင်ပြ ခဲ့ပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်များကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ၁၉၃ နိုင်ငံက ၂၀၁၅ ခုနှစ်မှာ ဖော်ထုတ်ပြီး ပြည့်မီအောင် ကတိပေးခဲ့ကြတယ်။ မြန်မာနိုင်ငံ ကလည်း ပါဝင်ခဲ့တယ်။ ရည်မှန်းချက်ကာလက ၂၀၃၀ အထိ ဖြစ်တယ်။ ဒီရည်မှန်းချက်တွေကို ပြည့်မီအောင် လုပ်တဲ့နေရာမှာ နိုင်ငံတော်အစိုးရက ဦးစီးဦးဆောင် လုပ်ရမှာဖြစ်တယ်။ ဒါပေ မယ့် အစိုးရတစ်ခုတည်းလုပ်လို့မဖြစ်ဘဲ ပုဂ္ဂလိကကဏ္ဍ၊ အရပ် ဘက်လူ့အဖွဲ့အစည်းလည်း တက်တက်ကြွကြွ ပါဝင်ရမှာသာ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်က အရပ်ဘက်လူ့အဖွဲ့အစည်း

> **“စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်များကို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံက ၂၀၁၅ ခုနှစ်မှာ ဖော်ထုတ်ပြီး ပြည့်မီအောင် ကတိပေးခဲ့ကြတယ်။ မြန်မာနိုင်ငံကလည်း ပါဝင်ခဲ့တယ်။ ရည်မှန်းချက်ကာလက ၂၀၃၀ အထိ ဖြစ်တယ်။ ဒီရည်မှန်းချက်တွေကို ပြည့်မီအောင်လုပ်တဲ့နေရာမှာ နိုင်ငံတော် အစိုးရက ဦးစီးဦးဆောင် လုပ်ရမှာဖြစ်တယ်”**

အများထူးခြားတဲ့ ပုံစံတစ်ခုနဲ့ လှုပ်ရှားနေတဲ့ လူမှုစီးပွား လုပ်ငန်းရဲ့ တာဝန်ကို တင်ပြခဲ့ပါတယ်။ ကျွန်တော်ဟာ ကိုယ့်နိုင်ငံမှာ လူမှုစီးပွားလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားနိုင်အောင် ကြိုးစားနေတာဖြစ်တယ်။ အထူးသဖြင့် ရန်ကုန်မြို့ British Council အဖွဲ့နဲ့ လုပ်ငန်းတွေ လုပ်နေ ခဲ့တယ်။

လူမှုစီးပွားရေးအဖွဲ့အစည်းရဲ့ အနှစ်သာရကတော့ လူမှုရေးပြဿနာတွေကို စီးပွားရေးနည်းနဲ့ ဖြေရှင်းတာဖြစ် တယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ရည်မှန်းချက် ၁၇ ချက်ဟာ လူမှုရေးပြဿနာတွေဖြစ်တယ်။ ဒီပြဿနာတွေကို သမားရိုးကျ အနေနဲ့ လူမှုရေးနည်း၊ အုပ်ချုပ်ရေးနည်းနဲ့ ဖြေရှင်းကြတယ်။ မအောင်မြင်ဘူး။ ဒါကြောင့်လည်း စီးပွားရေးကဏ္ဍရဲ့ချဉ်းကပ်မှု ပုံစံကို အသုံးချတဲ့ လူမှုစီးပွားရေးအဖွဲ့အစည်းတွေဟာ အရေး ပါလာတယ်။ အခုဆိုရင် နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်တွေနဲ့ ပတ်သက်ပြီး စီမံချက်တစ်ရပ်ကို ပြုစုခဲ့တယ်။ ဒါပေမယ့် ကျွန်တော်စိတ်ပူတာတစ်ခုတော့ ရှိတယ်။ တစ်ချိန်တုန်းက ထောင်စုနှစ်ရည်မှန်းချက်တွေနဲ့ ပတ်သက်ပြီး အစိုးရလုပ်ရပ်တွေကို အတုခိုးမှာ စိုးရိမ်မိတယ်။ ထောင်စုနှစ်ရည်မှန်းချက် ရှစ်ချက်ရှိတာကို နိုင်ငံတော်အစိုးရက အစအဆုံး တာဝန်ယူခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍ အရပ်ဘက် လူ့အဖွဲ့အစည်းတွေကို ထဲထဲဝင်ဝင် မပါဝင်စေခဲ့ဘူး။ အစည်း အဝေးတွေ ဖိတ်တာနဲ့ ကျေနပ်ခဲ့တယ်။ ထောင်စုနှစ်ရည်မှန်း ချက်ရဲ့ အနှစ်သာရကို အာရုံမပြုဘဲ ပြည့်မီမှုကိုသာ ဂရုစိုက်ပြီး ကိန်းဂဏန်းတွေကို လိုအပ်သလို အလွဲသုံးစားလုပ်ခဲ့တယ်။ လူပုံအလယ်မှာ တင့်တယ်ဖို့သာ စဉ်းစားပြီး အခြေအနေအမှန် ကို ဂရုမထားခဲ့ဘူး။ ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ အထွေထွေ ညီလာခံမှာ တင်ပြနိုင်အောင်သာ အာရုံစိုက်ခဲ့တယ်။ အခုတစ်ခါ တော့ ဒီလိုမဖြစ်သင့်ဘူး။ စဉ်ဆက်မပြတ် ရည်မှန်းချက်တွေဟာ တစ်နိုင်ငံလုံးနဲ့ဆိုင်တယ်။ အစိုးရကသာ တာဝန်ယူလို့ မဖြစ်ဘူး။ ဒီရည်မှန်းချက်တွေဟာ နိုင်ငံအရေးအဖြစ် သတ်မှတ်ရမယ်။ ကျွန်တော်က UMFCCI နဲ့ တိုင်ပင်ပြီး ပုဂ္ဂလိကကဏ္ဍရဲ့ အခန်းကဏ္ဍတာဝန်ကို ကျေအောင် ကြိုးစားနေတယ်။ ဒီနေရာမှာ လူမှုစီးပွားအဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍဟာလည်း အရေးကြီးတယ်။ အမှန်တော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်း ချက်တွေ အောင်မြင်ဖို့ အဓိကလိုအပ်ချက်က Mindset change စိတ်ထား စိတ်ဓာတ်တွေ ပြင်ဆင်ဖို့။ ဒီလုပ်ငန်း စီမံချက်ကို ရုံးသဘောဆန်ပဲ လုပ်လို့ မဖြစ်ဘူး။ ပြည်သူအားလုံး ပါဝင်နိုင်အောင် အခွင့်အလမ်းပေးရမယ်။ အကူအညီ တောင်းရမယ်။ ကိန်းဂဏန်းပြည့်မီမှုဟာ ပဓာနမကျဘူး။ ပြည်သူ ပြည်သားတွေရဲ့ လူမှုဘဝတိုးတက်ဖို့ကသာ အဓိက ဖြစ်တာ။

ကျွန်တော်တင်ပြပြီးချိန်မှာ UBC တက္ကသိုလ်က ပါမောက္ခကိုင်းဆိုသူက ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုမှာ ဖက်ဒရယ်စနစ်နဲ့ အလုပ်တာဝန်ခွဲဝေမှုအကြောင်း စာတမ်း ဖတ်ခဲ့တယ်။ အခုလို စာတမ်းသုံးစောင်ဖတ်ပြီးချိန်မှာ ပညာရှင် တွေ၊ လက်တွေ့လုပ်ငန်းမှာ တာဝန်ယူနေကြသူတွေက Panel Discussion အဖွဲ့လိုက်တင်ပြကြတယ်။ တင်ပြချက်အချို့က အစွန်းရောက်ကြတယ်။ ကရင်ပြည်နယ်မှာရှိတဲ့ တိုက်ပွဲရှောင် စခန်းတွေမှာရှိတဲ့အကြောင်း တင်ပြရာမှာ ခံစားမှုတွေကို ရှေ့တန်းတင်ခဲ့တယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြုပြင်ပြောင်းလဲမှုတွေကို တင်ပြဆွေးနွေးခဲ့တယ်။ အလုပ်ရုံ ဆွေးနွေးမှုက စိတ်ဝင်စားစရာပါ။ ကျွန်တော်က လိုအပ်တဲ့ နေရာမှာ ပါဝင်ဆွေးနွေးခဲ့တယ်။ အထူးသဖြင့် ကိုယ့်နိုင်ငံရဲ့ အခြေအနေကို တင်ပြခဲ့တယ်။ ရခိုင်ကိစ္စနဲ့ပတ်သက်ပြီး တင်ပြ တာတွေဟာ တစ်ဖက်သတ်ဆန်တာကို ထောက်ပြခဲ့တယ်။

### ပညာရေးလောကကို တိုးတက်စေချင်

အလုပ်ရုံဆွေးနွေးပွဲအပြီး ညဘက်မှာ ပါမောက္ခချုပ် ဒေါက်တာ စွန်ဘုံးနဲ့ ပါမောက္ခနှစ်ဦးက ညစာစားခဲ့တယ်။ ပင်လယ်စာပဲ စားတဲ့ ကျွန်တော်အတွက် တည်းတဲ့ဟိုတယ်အနီးရှိ ညဈေးတန်းစားသောက်ဆိုင်မှာ စားကြတယ်။ အမှန်တော့ မကြာသေးမီကာလမှာ ကျွန်တော့်ကို ပါရယ်တက္ကသိုလ်က ညှော့ပါမောက္ခရာထူးကို ချီးမြှင့်ခဲ့တာ။ ဒီအစီအစဉ်ဟာ ဒေါက်တာ စွန်ဘုံးက လေးနှစ်လောက် ကြိုးစားခဲ့ရတယ်။ ဒါကြောင့်လည်း ပါရယ်တက္ကသိုလ်နဲ့ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွေကို ထမင်းစားရင်းဆွေးနွေးခဲ့တယ်။ ပညာရေးရှင်သန်ဖို့က အခုလို ပြင်ပတက္ကသိုလ်တွေနဲ့ ဆက်သွယ်ရမှာသာဖြစ်တယ်။ ပညာရေး လောကကို ကျွန်တော်က တိုးတက်စေချင်တယ်။ ကိုယ်က တစ်သက်လုံး ကျောင်းဆရာဘဝကို ခုံမင်ခဲ့သူ။ အခုထိလည်း စာသင်နေရတာ၊ သုတေသနလုပ်ရတာ၊ စာတမ်းတွေ ပြုစုရ တာကို ကျေနပ်နေမိတာ။ နောက်တစ်နေ့နံနက် ချင်းမိုင် ကတစ်ဆင့် တိုက်ရိုက်ပျံသန်းတဲ့ ဗန်ကောက်လေကြောင်း လေယာဉ်နဲ့ ရန်ကုန်ကိုပြန်ခဲ့တယ်။ ဒီတစ်ခေါက် နိုင်ငံခြားခရီးက အတော်ကြာခဲ့တာ။ တစ်ပတ်ကျော်ကျော်ခရီးက ပင်ပန်း။ အလုပ်ကတော့ ပြဿနာမရှိပါဘူး။ ကိုယ့်နိုင်ငံ ကိုယ်စားပြုခွင့် ရတဲ့ အခွင့်အရေးကို အားရကျေနပ်မိပါတယ်။ ပါရီ၊ ဘရပ်ဆဲလ်နဲ့ ချင်းမိုင်ခရီးစဉ်ဟာ အကျိုးနည်းတယ်လို့ မြင်မိပါတယ်။ အခု ထက် ထိရောက်အောင် ကြိုးစားရပေဦးမယ်။ ။

# သာစည်မြို့နယ် မင်းလှ၊ ညောင်ရမ်းကန်ရေဖြင့် နွေစပါးစိုက်ပျိုးအောင်မြင်

**သာစည် ဇူလိုင် ၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ မင်းလှ၊ ညောင်ရမ်းကန်မှ ရေဖြင့် တောင်သူလယ်သမား များ စပါး၊ နှမ်း၊ ပဲမျိုးစုံနှင့် နွေသီးနှံ၊ ဆောင်းသီးနှံများ စိုက်ပျိုးကြပြီး နွေစပါးကိုလည်း အထူးအလေးပေး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မင်းလှကန်မှာ သာစည်မြို့နယ်တွင် တည်ရှိပြီး အလျား ပေ ၂၄၅၀၀၊ ကန်ပေါင် အမြင့် ပေ ၂၀ ဖြင့် တောင်သူလယ်သမားများအား မြောင်းငါးမြောင်းဖြင့် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။ မင်းလှကန်ရေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါး ၁၅၃၈ ဧကကို ကျေးရွာအုပ်စု ၁၇ အုပ်စုမှ တောင်သူလယ်သမား ၄၄၀ တို့က စိုက်ပျိုးရာ နွေစပါးအောင်မြင်ကာ ရိတ်သိမ်းပြီးဖြစ်သည်။ မင်းလှကန်ရေဖြင့် ဝါ ၁၁၈၅ ဧကကို လည်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မင်းလှကန်နှင့် ညောင်ရမ်းကန်မှာ တစ်ဆက်တည်းဖြစ်ပြီး ညောင်ရမ်းကန်မှာ အလျား ပေ ၂၅၅၀၀၊ ကန်ပေါင်အမြင့်မှာ ပေ ၂၀ ဖြင့် ညောင်ရမ်းကန်မှ ရေပေးမြောင်း လေးမြောင်းဖြင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါး ၂၄၉ ဧကကို ကျေးရွာအုပ်စု ၃ အုပ်စုမှ တောင်သူလယ်သမား ၁၆၇ ဦးတို့က စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့သည့်အပြင် ဝါ ၁၇၁ ဧကကိုလည်း စိုက်ပျိုးခဲ့ရာ အောင်မြင်လျက် ရှိကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေများတွင် မြေထုအရည်အသွေး စစ်ဆေးပေး

**စစ်ကိုင်း ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်း၌ လယ်ယာမြေ အရည်အသွေးတိုင်းတာစစ်ဆေးမှုများကို ပြုလုပ်ပေးလျက်ရှိကြောင်းနှင့် စိုက်ပျိုးမြေများ ပျက်စီးမှုမရှိစေရန်အတွက် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ခြင်းဖြစ်ပြီး ပျက်စီးနေပါကလည်း ပြန်လည်ပြုပြင်နိုင်ရန် မြေထုအရည်အသွေး စစ်ဆေးပေးခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

"မြေရဲ့အရည်အသွေးကိုကြည့်ပြီး မြေသြဇာ ဘယ်လောက်ပမာဏထည့်ရမလဲဆိုတာ ပြန်ပြီးပြောပြရတယ်။ ပြင်တာကတော့ တောင်သူကိုယ်တိုင်ပဲ ပြင်ရမယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုမာက ပြောသည်။ မြေထုပျက်စီးမှုဖြစ်ပွားပါက ချက်ချင်းပြုပြင်၍မရဘဲ နှစ်ရှည်ပြုပြင်ရခြင်းဖြစ်ပြီး ပျက်စီးခဲ့သော မြေထုအရည်အသွေးအလိုက် အနည်းဆုံး သုံးနှစ်မှစ၍ နှစ်ပေါင်းများစွာ အချိန်ယူပြုပြင်ရခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်း၌ တစ်မြို့နယ်လျှင်တစ်ရွာနှုန်းဖြင့် မြေနမူနာကောက်ယူကာ မြေထုအရည်အသွေး စစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။ "မြေအတွင်းမှာရှိတဲ့ အာဟာရဓာတ်ကို စစ်ဆေးတာပါ။ တစ်မြို့နယ်ကို တစ်ရွာလောက်ပဲ စစ်ဆေးပေးနိုင်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူးက ဆက်ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ် ၄၄ ခုရှိရာ လက်ရှိတွင် မြို့နယ် ၃၉ ခုရှိ မြေနမူနာများကို ယူဆောင်စစ်ဆေးလျက်ရှိပြီး ကနီမြို့နယ်၊ ကျွန်းလှမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ရေဦးမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့တွင်သာ မြေထုအရည်အသွေး စစ်ဆေးရန် ကျန်ရှိတော့ကြောင်းနှင့် လက်ရှိစစ်ဆေးပေးနေသောမြေနမူနာများသည် သာမန် စိုက်ပျိုးမြေအမျိုးအစားများဖြစ်ပြီး ရွှေတူးဖော်မှုကြောင့် ပျက်စီးခဲ့သော မြေများကဲ့သို့သော ပြဿနာဖြစ်ပွားပါက ချက်ချင်း စစ်ဆေးပေးလျက်ရှိကြောင်းလည်း မြေအသုံးချရေးဌာနခွဲမှ သိရသည်။ သာမန်မြေမျိုးများတွင် မြေထုအရည်အသွေး ကျဆင်းကာ ပျက်စီးမှုများဖြစ်ပွားခြင်းသည် မြေအောက်ရေကို ပမာဏများစွာ အသုံးပြု၍ဖြစ်ပြီး အငန်ဓာတ်များ လွန်ကဲစွာပါဝင်သောကြောင့် မြေပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။


ဟုမ္မလင်းမြို့နယ် လောင်းမင်းကျေးရွာရှိ ပျက်စီးနေသောလယ်ယာမြေများ (ဓာတ်ပုံ - MATA)

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် လောင်းမင်းကျေးရွာရှိ လယ်ယာမြေဧက ၁၀၀ ကျော်မှာမူ ရွှေတူးဖော်မှုမှ စွန့်ပစ်ရေများကြောင့် ပျက်စီးခဲ့ကာ မြေထုအရည်အသွေး စစ်ဆေးရန်အတွက် ရန်ကုန်သို့ ပို့ဆောင်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ကော်မတီထံမှ သိရသည်။

**မောင်ဝဇီရ**(AMIA)

# တောင်တွင်းကြီးမြို့နယ်၏ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသော ငမင်ရေလှောင်တမံ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ငမင်ရေလှောင်တမံသည် မြေသားရေလှောင်တမံတစ်ခုဖြစ်ပြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ၃၉၉၇ ဧကကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ရေး(၃) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(မကွေးမြို့)က ၁၉၉၈-၁၉၉၉ ခုနှစ်က စတင်တာဝန်ယူတည်ဆောက်ခဲ့ကာ ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သော တမံဖြစ်သည်။

ငမင်ရေလှောင်တမံကို ၂၀၀၁ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှစ၍ မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက လွှဲပြောင်းလက်ခံ၍ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဆည်ရေပေးဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ငမင်ရေလှောင်တမံမှ ရေပေးဝေရာတွင် တမံအောက်ဘက် သုံးမိုင်ခန့်အကွာ ချိုင်းကျေးရွာအနီး ငမင်ချောင်းပေါ်တွင် ရေလွှဲဆည်တည်ဆောက်၍ တူးမြောင်းမကြီးမှတစ်ဆင့် လက်တံခွဲ(၁)နှင့် (၂)တို့ဖြင့် စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း၊ တည်ဆောက်ပြီးစီးသည့်နှစ်မှစ၍ မိုးရွာသွန်းမှု အခြေအနေနှင့် ရေဝင်ရောက်မှုများအရ ကန်ရေပြည့်အထိ ရေသိုလှောင်နိုင်ခဲ့ပြီး မြောင်းဆုံးမြောင်းဖျားအထိ ရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ငမင်ရေလှောင်တမံမှ နှစ်စဉ် ပျမ်းမျှ မိုးစပါး ဧက ၄၀၀၀ အထိ တိုးချဲ့၍ စိုက်ပျိုးရေနှင့် အောင်ရေ ပေးဝေနိုင်ခဲ့ပြီး နွေစပါးအတွက်လည်း ကန်တွင်းရေလက်ကျန်အပေါ်မူတည်၍ နှစ်စဉ်ပျှမ်းမျှ ဧက ၄၀၀ ခန့်အတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်က မိုးစပါး စိစစ်ဧက ၃၉၉၇ ဧကအတွက် အပြည့်အဝဆည်ရေပေးဝေရန် ရေသိုလှောင်ထားသော်လည်း တောင်သူများ၏ သဘောဆန္ဒအရ မိုးစပါး ၃၇၄၂ ဧကနှင့် ရေဝင်ရောက်မှုနှင့် ရေလက်ကျန်ပမာဏအရ နွေစပါး ၂၉၁ ဧကကို စိုက်ပျိုးရေများ အောင်မြင်စွာ ပေးဝေနိုင်ခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

တောင်တွင်းကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများနှင့် ငမင်ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနေခြင်း၏ ရလဒ်အဖြစ် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍများ အောင်မြင်လျက်ရှိကာ လူမှုစီးပွားဘဝများ တိုးတက်ရေးကိုလည်း များစွာ အထောက်အကူပြုလျက်ရှိနေပေသည်။

**မောင်မွေး**



# အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ KOPIA Project အစီအစဉ်ဖြင့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းကို ဇွန်လနောက်ဆုံးပတ်က ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးယဉ်ထွန်းက စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းသည် စပါးအဓိကစိုက်ပျိုးလျက်ရှိသော မိမိတို့၏ တိုင်းဒေသကြီးတွင် တောင်သူများအတွက် လွန်စွာအကျိုးရှိကြောင်း၊ တောင်သူများကိုယ်တိုင် စပါးမျိုးစေ့ထုတ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAPs)ကိုလည်း လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်း၊ ယခုသင်တန်းသည် စပါးမျိုးနှင့် စိုက်နည်းစနစ်များကို ပို့ချပေးမည်ဖြစ်ခြင်းကြောင့် စနစ်တကျ ရယူစေလိုကြောင်း၊ မျိုးစေ့ကို တောင်သူများ ကိုယ်တိုင် ထုတ်လုပ်နိုင်မှသာ မိမိတို့၏ကျေးရွာ မြို့နယ်အလိုက် မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုသေတနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ သုံးဦးသုံးဖလှယ် ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်မှသာ ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနစုမှ သုတေသနမှူး ဒေါ်မြင့်ရီက KOPIA Project ထောက်ပံ့မှုဖြင့် စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဖွင့်လှစ်ပို့ချခဲ့ပြီး ဖြစ်ကြောင်း၊ ဆက်လက်၍ ပို့ချရန်လည်း အစီအစဉ်ရှိကြောင်း၊ တောင်သူများကိုယ်တိုင် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ထုတ်လုပ်နိုင်မှသာ ကျေးရွာအလိုက် မျိုးသန့်မျိုးစေ့များကို အပြည့်အဝ သုံးစွဲလာနိုင်ပြီး နိုင်ငံတော်၏ မျိုးစေ့ကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းကို သုံးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

**(ဇွန် ၂၅ ရက်မှ ၂၉ ရက်အထိ)**

**ဆန်၊ စပါး ဈေးတက်လာ**

ပုသိမ်ဈေးကွက်မှာတော့ တစ်လလုံးနီးပါး ဈေးငြိမ်နေတဲ့ စပါးရော ဆန်ဈေးပါ ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ စပါးတွေက လက်ကျန်နည်းလာပြီး ရန်ကုန်ဝယ်လက်များလာသလို ဒေသတွင်းဝယ်ယူမှု မြင့်လာတာကြောင့် ဈေးတက်လာတာဖြစ်ပါတယ်။ ပုသိမ်ဈေးကွက်မှာ ရောဝတီပေါ်ဆန်းစပါး တင်း ၁၀၀ ကို ကျပ် ၁၁၄၀၀၀၀ နီးပါး ပေါက်ဈေးရှိပြီး တင်း ၁၀၀ မှာ ကျပ် ၅၀၀၀၀ နီးပါး ဈေးတက်လာပါတယ်။ ပေါ်ဆန်းရင်စပါးကလည်း တင်း ၁၀၀ ကို ကျပ် ၁၀၀၇၀၀၀ ကျော် ပေါက်ဈေးရှိပြီး တင်း ၁၀၀ မှာ ကျပ် ၂၀၀၀၀ ကျော် ဈေးတက်လာပါတယ်။ ပထမတန်းစားစပါးတွေ ဈေးတက်လာပေမယ့် ဆန်ကတော့ ဈေးငြိမ်နေပြီး ရောဝတီပေါ်ဆန်းဆန် တစ်တင်းခွဲ တစ်အိတ်ကို ကျပ် ၄၅၀၀၀၊ ပေါ်ဆန်းရင် တစ်အိတ်ကို ကျပ် ၄၃၀၀၀ နဲ့ ဖျာပုံပေါ်ဆန်း တစ်အိတ်ကို ကျပ် ၄၄၀၀၀ ရှိပါတယ်။

ဒုတိယတန်းစားစပါးဖြစ်တဲ့ မနောသုခက တင်း ၁၀၀ ကို ကျပ် ၆၄၄၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ မှာ ကျပ် ၂၀၀၀၀ နီးပါး၊ သီးထပ်ရင်က တင်း ၁၀၀ ကို ကျပ် ၅၇၉၆၀၀ ရှိပြီး တင်း ၁၀၀ မှာ ကျပ် ၉၀၀၀ ကျော် ဈေးတက်လာပါတယ်။ ရောမင်းစပါးကတော့ တင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ လောက် ဈေးကျဆင်းသွားပြီး လက်ရှိပေါက်ဈေး ကျပ် ၇၃၆၀၀၀ ရှိပါတယ်။ စပါးဈေးတက်သလို ဆန်ဈေးလည်း တက်လာပြီး မနောသုခဆန် တစ်တင်းခွဲ တစ်အိတ်ကို ကျပ် ၂၆၀၀၀၊ မီးကောက်က ကျပ် ၂၉၀၀၀ နဲ့ သီးထပ်ရင်ကတော့ ကျပ် ၂၃၅၀၀ ရှိနေပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာလည်း နယ်အဝင်လျော့နည်းပြီး ဝယ်လိုအားများတဲ့အတွက် ဒီတစ်ပတ်မှာ ဆန်ချောရော ဆန်ကြမ်းပါ ဈေးတက်လာခဲ့ပါတယ်။

**မတ်ပဲ (FAQ/RC) ပြန်မတက်နိုင်သေး**

မတ်ပဲကတော့ လက်ရှိမှာ ပြန်လည်ဦးမော့ဖို့ ခက်နေတဲ့ အခြေအနေပါ။ တောင်သူတွေက အတက်ဈေးကို မျှော်လင့်နေပေမယ့် ဈေးက ကျပြီးရင်းကျအခြေအနေ ဖြစ်နေပါတယ်။ အိန္ဒိယရဲ့ဝယ်လိုအားအခြေအနေကို ကုန်သည်တွေက စောင့်ကြည့်နေတဲ့အတွက် ပြည်တွင်းဝယ်လိုအားလည်း လျော့ကျနေပြီး ဈေးက မတက်တဲ့အခြေအနေ ဖြစ်နေပါတယ်။ ပြီးခဲ့တဲ့အပတ်က တစ်တန်ကို ၄၇၀၀၀၀ ကျော် ရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ၄၃၀၀၀၀ ကျော်အထိ ဈေးက မထင်မှတ်လောက်အောင် ကျဆင်းသွားပါတယ်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ အနိမ့်ဆုံးရောက်ရှိသွားတဲ့ ဈေးနှုန်းဆိုလည်း မမှားပါဘူး။ ယခုနှစ် ဧပြီလတုန်းကလည်း မတ်ပဲ တစ်တန်ကို ကျပ် ၄၂၀၀၀၀ ကျော်အထိ ဈေးကျဆင်းသွားခဲ့ပေမယ့် ရက်ပိုင်းအတွင်း ဈေးပြန်တက်လာခဲ့ပြီး လက်ရှိအခြေအနေကတော့ ဈေးက ပြန်မတက်ဘဲ အချိန်ကြာ ရပ်တန့်နေပါတယ်။

နယ်ကုန်စည်ဒိုင်တွေမှာ တစ်တင်းဈေးအနေနဲ့ မုံရွာကုန်စည်ဒိုင်မှာ မတ်ပဲတစ်တင်းကို ကျပ် ၁၄၅၀၀၊ နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၅၅၀၀ နဲ့ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၄၈၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀ မှ ၁၂၀၀ ခန့်အထိ ဈေးကျသွားခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲက တစ်လအတွင်း တစ်တန်ကို ကျပ်တစ်သိန်းကျော် ဈေးကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

**ပဲစင်းငုံနီ အကျဘက်ဆီသို့**

ပဲစင်းငုံနီကလည်း မတ်ပဲလောက် အတက်အကျမကြမ်းပေမယ့် ဒီတစ်ပတ်မှာ ဈေးကျဆင်းသွားခဲ့ပါတယ်။ အိန္ဒိယကို တင်ပို့ခဲ့တဲ့ ကာလတစ်လျှောက်လုံး ပဲစင်းငုံနီဈေးက မတ်ပဲဈေးကို မီတဲ့အခြေအနေ မရှိခဲ့ပေမယ့် လက်ရှိမှာတော့ မတ်ပဲဈေးက တောင်သူတွေ၊ ကုန်သည်တွေ မထင်မှတ်လောက်အောင် ကျဆင်းသွားခဲ့လို့ ပဲစင်းငုံနီဈေးနဲ့ အတော်ကြီး ကွာဟသွားခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက မတ်ပဲထက် ပဲစင်းငုံနီကို ဝယ်ယူမှုက ပိုများနေတဲ့အတွက် ပဲစင်းငုံနီက ဈေးကျပေမယ့် မတ်ပဲလောက် မကြမ်းပါဘူး။ ပဲစင်းငုံနီကို အိန္ဒိယနိုင်ငံအပြင် အခြားနိုင်ငံတွေဖြစ်တဲ့ စင်ကာပူ၊ မလေးရှား၊ ကနေဒါ၊ ပါကစ္စတန်နိုင်ငံနဲ့ နီပေါနိုင်ငံတို့ကိုလည်း တင်ပို့ရောင်းချပါတယ်။

နယ်ကုန်စည်ဒိုင်တွေမှာလည်း ပဲစင်းငုံနီက ဈေးအများကြီးကျဆင်းသွားမျိုးမရှိဘဲ အနည်းငယ်သာ အတက်အကျ ရှိပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၃၃၀၀ နဲ့ ၂၀၀ ကျပ်ခန့် ဈေးကျပြီး မြင်းခြံမှာတော့ ကျပ် ၁၅၀၀၀ ဈေးနဲ့ ၆၀၀ ကျပ်ဈေးကျပါတယ်။ ပခုက္ကူမှာ တစ်တင်းကို ကျပ် ၁၅၁၀၀ နဲ့ ၅၀၀ ကျပ် ဈေးကျပြီး ပြည်မှာတော့ တစ်တင်းကို ကျပ် ၁၄၀၀၀ နဲ့ ၂၀၀ ကျပ်ခန့် ဈေးကျဆင်းသွားခဲ့ပါတယ်။

**ပဲတီစိမ်း ဆက်တိုက်ကျ**

ပဲတီစိမ်းကလည်း ဆက်တိုက်ကို ဈေးတွေကျဆင်းနေခဲ့ပါတယ်။ ရာသီဥတုကြောင့် နယ်တွေမှာ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး သီးနှံစိုက်ခင်းတွေ ပျက်စီးသွားခဲ့သလို သီးနှံပျက်စီးမှုကြောင့် ပဲတွေ အရည်အသွေးညံ့ပြီး ဈေးလည်းကျဆင်းခဲ့တာ ဖြစ်ပါတယ်။ ဝယ်လိုအားကတော့ ပြီးခဲ့တဲ့အပတ်ကလိုပဲ ပုံမှန်ရှိနေပါတယ်။

မုံရွာဈေးကွက်မှာ ပဲတီစိမ်းက တစ်တင်းကို ကျပ် ၂၁၀၀၀ ကနေ ၂၅၀၀၀ ရှိပြီး ၄၀၀၀ ကျပ်ခန့် ဈေးကျခဲ့သလို မြင်းခြံကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၂၇၀၀၀ နဲ့ ၇၀၀၀ ကျပ်ခန့် ဈေးကျပါတယ်။ ပခုက္ကူမှာတော့ တစ်တင်းကို ကျပ် ၂၄၀၀၀ နဲ့ ၉၀၀၀ ကျပ်ခန့် ဈေးကျခဲ့ပါတယ်။

**နှမ်းရောင်စုံ အမြင့်ဈေးဆီသို့**

နှမ်းရောင်စုံထဲမှာ နှမ်းညိုနဲ့ နှမ်းနက်(စမုံ)တို့က သိသိသာသာ ဈေးမြင့်တက်ခဲ့ပါတယ်။ နှမ်းနီကလည်း လက်ကျန်နည်းနေတဲ့အတွက် ဈေးမြင့်တက်လာပြီး နှမ်းနီအစား နှမ်းနက်ကို ဆီအဖြစ် အသုံးပြုတဲ့အတွက် နှမ်းနက်ဈေးနှုန်းကလည်း တက်နေပါတယ်။

**နှမ်းနက်**။ ။ နှမ်းနက်က မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၄၀၀၀ ရှိပြီး တစ်တင်းမှာ ၄၀၀၀ ကျပ်၊ နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၃၀၀၀ ရှိပြီး တစ်တင်းမှာ ၅၀၀ ကျပ်၊ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၁၀၀၀ နဲ့ တစ်တင်းမှာ ၅၀၀၀ ကျပ်အထိ ဈေးတက်လာပါတယ်။

**နှမ်းနီ**။ ။ နှမ်းနီက ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၀၀၀၀ နဲ့ တစ်တင်းမှာ ၃၀၀၀ ကျပ်၊ နေပြည်တော်ကုန်စည်ဒိုင်မှာ ကျပ် ၃၈၀၀၀ နဲ့ တစ်တင်း မှာ ၃၀၀၀ ကျပ်ခန့် ဈေးတက်လာပြီးတော့ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၃၇၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

**နှမ်းညို**။ ။ နှမ်းညိုကတော့ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၀၅၀၀၊ မြင်းခြံကုန်စည်ဒိုင်မှာ ကျပ် ၄၀၀၀၀ နဲ့ မန္တလေးကုန်စည်ဒိုင်မှာ ကျပ် ၄၂၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀၀ မှ ၃၀၀၀ အထိ ဈေးတက်လာပါတယ်။

**ကြက်သွန်နီ အကျဈေးနှင့် ငြိမ်နေ**

ကြက်သွန်နီကတော့ ဈေးကွက်ထဲကို အဝင်ပုံမှန်ရှိနေပေမယ့် အရောင်းအဝယ်အေးတဲ့အတွက် ရက်အတော်ကြာ ဈေးငြိမ်နေပါတယ်။ သင်္ကြန်ကာလပြီးကတည်းက ဈေးကျဆင်းသွားခဲ့ပြီးနောက် အကျဈေးနဲ့ပဲ ငြိမ်နေတာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ နယ်ကုန်စည်ဒိုင်တွေမှာရော၊ ရန်ကုန်ဈေးကွက်မှာပါ ကြက်သွန်နီဈေးက ထပ်မံကျဆင်းသွားခဲ့ပါတယ်။ ရေနစ်မြုပ်မှုတွေကြောင့် ကြက်သွန်နီတွေ ပျက်စီးခဲ့လို့ ဈေးကလည်း ကျဆင်းခဲ့တာဖြစ်ပါတယ်။

ကြက်သွန်နီတစ်ပိဿာ ဈေးနှုန်းအနေနဲ့ မြင်းခြံကုန်စည်ဒိုင်မှာ ၄၂၅ ကျပ်ကနေ ၅၂၅ ကျပ်၊ ပခုက္ကူမှာ ၄၂၅ ကျပ်ကနေ ၄၉၀ ကျပ်၊ ပြည်မှာ ကျပ် ၅၀၀ ကနေ ၆၂၅ ကျပ်ရှိပြီး တစ်ပိဿာမှာ ကျပ် ၅၀ ခန့် ဈေးကျသွားသလို ရန်ကုန်ကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ကျပ် ၅၀၀ ကနေ ၅၅၀ ကြားရှိပြီး ၁၀၀ ကျပ်ခန့် ဈေးကျသွားခဲ့ပါတယ်။

**ဝတ်ရည်မွန်**(AMIA)

# ဘားအံမြို့၌ သစ်တောနှင့် ဆေးဖက်ဝင်အပင်များ စီမံခန့်ခွဲခြင်းပညာရပ် နှီးနှောဖလှယ်

**ဘားအံ ဇူလိုင် ၁**

ကရင်ပြည်နယ်တွင် သစ်တောနှင့် ပရဆေးပင် အရင်းအမြစ်များကို ရေရှည်စီမံခန့်ခွဲရန် အတွေ့အကြုံများနှင့် အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်လျက် နှီးနှောဖလှယ်ဆွေးနွေးပွဲတစ်ရပ်ကို ဇွန် ၃၀ ရက်က ဘားအံမြို့စက်မှုဇုန်အနီးရှိ ကရင် ပြည်နယ် ပရဆေးပင်ဆိုင်ရာ နည်းပညာသင်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ နှီးနှောဖလှယ် ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က သဘာဝကပေးထားသည့် ဆေးဖက်ဝင်အပင်များ များစွာရှိပြီး ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနေသည်ကိုလည်း တွေ့ရကြောင်း၊ ဆေးဖက်ဝင် အပင်များနှင့် ကျန်းမာရေးဖြည့်စွက်စာ လိုအပ်ချက်ကြောင့် ဆေးဖက်ဝင်အပင်များမှာ ဈေးကွက်တွင် ဝယ်လိုအား မြင့်တက်လျက်ရှိပြီး တောတောင်များမှတစ်ဆင့် ထုတ်ယူနေကြရကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်ကဲ့သို့ သစ်တောနေရာများရှိ ဆေးဖက်ဝင်အပင် အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရန်အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခြင်းကြောင့် ဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးမှုရလဒ်ကို အခြေခံပြီး အမြင်ဖလှယ်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ပရဆေးပင်ဆိုင်ရာနည်းပညာသင်တန်းကျောင်း(ဘားအံ)မှ မန်နေဂျာ ဦးမောင်မောင်ခင်က ကရင်ပြည်နယ် ပရဆေးပင်ဆိုင်ရာ နည်းပညာသင်တန်းကျောင်းအနေဖြင့် ကရင်ပြည်နယ် အစိုးရအဖွဲ့၊ နီပွန်ဖောင်ဒေးရှင်းတို့နှင့် ပူးပေါင်းပြီး ၂၀၁၃ ခုနှစ်မှစ၍ ကရင်ပြည်နယ်၏ သစ်တောနှင့် ဆေးဖက်ဝင် အပင်အရင်းအမြစ်များ ထိန်းသိမ်းဖော်ထုတ်ခြင်း၊ ကျေးလက်ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ဆေးဖက်ဝင်အပင်များမှ ကုန်ကြမ်းထုတ်လုပ်ခြင်းနှင့် တန်ဖိုးရှိဆေးဖက်ဝင်အပင်များကို သိရှိပြီး တန်ဖိုးရှိစွာ အသုံးချတတ်စေရေး နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သလို ဒေသခံများ၊ တောင်သူများအနေဖြင့် ကုန်ကြမ်းထုတ်လုပ်ပြီး ဈေးကွက်တင်သွင်းခြင်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ ပရဆေးပင်ဆိုင်ရာ နည်းပညာသင်တန်းကျောင်း(ဘားအံ)ရှိ ပရဆေး ဉယျာဉ်၌ အနီးပတ်ဝန်းကျင်ဒေသများမှ ဆေးဖက်ဝင် အပင်မျိုးစိတ်ပေါင်း ၁၅၀ ကျော်ကို စုဆောင်းစိုက်ပျိုး ထိန်းသိမ်းထားကြောင်းနှင့် နှီးနှောဖလှယ်ပွဲတွင် ဂျပန် ပညာရှင်များ၊ ဘားအံနှင့် မော်လမြိုင် တက္ကသိုလ်များမှ ကထိကများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း)မှ ကထိကများ၊ သစ်တောဌာနနှင့် စိုက်ပျိုးရေးဌာနတို့မှ ပညာရှင်များက သစ်တောနှင့် သဘာဝဆေးဖက်ဝင် အပင်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲခြင်း ပညာရပ်ဆိုင်ရာ အမြင်များကို နှီးနှောဖလှယ်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မန္တလေးမြို့၌ ဝါကျွတ်ပွဲတော်(အီးဒ်)အထိမ်းအမှတ်နှင့် ဘာသာပေါင်းစုံညီနောင်များ မိတ်ဆုံစားပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁**

ငြိမ်းချမ်းရေးအဖွဲ့(မန္တလေး) Peace Group(Mandalay)က ကြီးမှူးကျင်းပသည့် အစ္စလာမ်ဘာသာဝင်များ၏ ဝါကျွတ်ပွဲတော်(အီးဒ်)အထိမ်းအမှတ်နှင့် ဘာသာပေါင်းစုံ ညီနောင်များ၏ မိတ်ဆုံစားပွဲကို ဇွန် ၂၉ ရက် ညနေပိုင်းက မန္တလေး ချမ်းအေးသာစံမြို့နယ် ဘူတာကြီးအပေါ်ထပ်ရှိ Hotel Marvel ၌ ကျင်းပခဲ့သည်။

မိတ်ဆုံစားပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ငြိမ်းချမ်းရေးအဖွဲ့(မန္တလေး)၏ ဥက္ကဋ္ဌ ဦးသိန်းတန်က အမှာစကားပြောကြားကာ ငြိမ်းချမ်းရေးအဖွဲ့(မန္တလေး)၏ နာယကကြီး အလ်ဟာဂျ်ခလီဖွာ ဦးသိန်းဝင်းအောင်က မိတ်ဆုံစားပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရက ငြိမ်းချမ်းရေးအဖွဲ့(မန္တလေး)သို့ ဂုဏ်ပြုအမှတ်တရပန်းခြင်း လက်ဆောင်ပေးအပ်ပြီး အဖွဲ့ကလည်း ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များထံ အမှတ်တရ မေတ္တာလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကာ ငြိမ်းချမ်းရေးအဖွဲ့ (မန္တလေး)၏ တွဲဖက်အတွင်းရေးမှူး အလ်ဟာဂျ်ဦးသန်းညွန့်က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာသူများအား ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**



# မလှိုင်-နှောကန် လမ်းကို ဆရာတော်များနှင့် ပြည်သူများ၏ စုပေါင်းထည့်ငွေဖြင့် ပြုပြင်

**မလှိုင် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် အတွင်းရှိ မလှိုင်-နှောကန် ကားလမ်းမှာ များစွာ ယိုယွင်းပျက်စီးလျက်ရှိ၍ ဆရာတော်များနှင့် နှောကန်တိုက်နယ်မှ ပြည်သူများ၏ စုပေါင်းထည့်ငွေများဖြင့် ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှောကန်တိုက်နယ် နှောကန်ကျေးရွာမှာ မလှိုင်မြို့မှ ၁၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး မလှိုင်-နှောကန် လမ်းမှာ မလှိုင်မြို့သို့ ကုန်စည်စီးဆင်းမှုနှင့် သွားလာရေးအတွက် အရေးပါသောလမ်းဖြစ်ကြောင်း သိရသည်။

"ဒီလမ်းပြုပြင်ဖို့အတွက် နေပြည်တော် အုန်းတောပရိယတ္တိကျောင်းတိုက်ဆရာတော် ဦးတိဿက မတည်ငွေ ကျပ် ၂၂၅၀၀၀၀ မတည်ပေးခဲ့ပြီး နှောကန်တိုက်နယ် ပျော်ဖွယ်ကျောင်းတိုက်ဆရာတော် ဦးသောပိတက မတည်ငွေ ကျပ်ငါးသိန်းနဲ့ စတင်လုပ်ကိုင်ခဲ့ပါတယ်၊ မလှိုင်-နှောကန် ကားလမ်းပြုပြင်ရာမှာ နှောကန်တိုက်နယ်မှာရှိတဲ့ ကျေးရွာသူ ကျေးရွာသားတွေနဲ့ အလှူရှင်တွေကလည်း စုပေါင်းထည့်လှူကြပါတယ်၊ မလှိုင် - နှောကန် ကားလမ်းကို ဂန့်ဂါးလမ်းအဖြစ် ခင်းတာပါ၊ ဇွန် ၂၅ ရက်က စတင်လုပ်ကိုင်ခဲ့တာ ယနေ့အချိန်မှာတော့ ကျွန်တော်တို့ သုံးမိုင်လောက် ခင်းကျင်းထားပါပြီ၊ ဆရာတော်ကြီးတွေရဲ့မတည်ငွေ၊ ပြည်သူတွေရဲ့ထည့်ဝင်ငွေတွေ စုပေါင်းပြီး ရရှိငွေနဲ့ ရသလောက်အထိ ဒီဂန့်ဂါးလမ်းကို ခင်းသွားမှာပါ" ဟု အဆိုပါလမ်းခင်းမှုတွင် ပါဝင်လုပ်ကိုင်နေသူ နှောကန်တိုက်နယ်ဒေသခံ ဦးစိုးဝင်းက ပြောသည်။

မလှိုင်-နှောကန် ကားလမ်းမှာ မလှိုင်မြို့နှင့် နှောကန်တိုက်နယ်ကြား ဆက်သွယ်သွားလာသော အဓိကကားလမ်းဖြစ်ပြီး ၁၂ မိုင်ခန့်ရှည်လျားကာ ယခုအခါ ဆရာတော်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ပြုပြင်ဆောင်ရွက်နေသော်လည်း လမ်းတစ်ခုလုံး ကောင်းရန်အတွက်မှာ အလှူငွေရရှိမှုအပေါ်တွင် များစွာမူတည်နေကြောင်း သိရသည်။ မလှိုင်-နှောကန် လမ်းမှာ ဒေသခံတို့၏ အဓိက ကုန်စည်စီးဆင်းရာ အသုံးပြုရာ ကားလမ်းဖြစ်သောကြောင့် အဆိုပါလမ်းတစ်လျှောက်လုံး ကောင်းမွန်ရန် ဒေသခံပြည်သူများက မျှော်လင့်နေကြောင်းလည်း သိရသည်။

**ဘိုဘို(မလှိုင်)**



# ကော့ကရိတ်မြို့တွင် ဖမ်းဆီးရမိသည့် အေးခဲအသားများကို မြေမြှုပ်ဖျက်ဆီး

**ကော့ကရိတ် ဇူလိုင် ၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်ဝပူးပေါင်းစစ်ရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သော တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် အကောက်ခွန်မဲ့ အေးခဲအသားများကို ဇွန် ၃၀ ရက်က ကော့ကရိတ်မြို့နယ် ခင်နိမ်းမူသချိုင်း၌ ပူးပေါင်းအဖွဲ့များက မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါအေးခဲအသားများမှာကို ဇွန် ၂၉ ရက် ည ၁၁ နာရီခန့်က လှိုင်ဝစစ်ဆေးရေးဂိတ်၌ ဂိတ်တာဝန်ခံ ရဲအုပ်အောင်ပြည့်စုံ ဦးစီးသော ပူးပေါင်းအဖွဲ့များက ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် အံစာတုံးယာဉ်တစ်စီးပေါ်မှ ဖမ်းမိခဲ့ခြင်းဖြစ်ပြီး အေးခဲအသားများဖြစ်သော ဝက်သားပေါင်း ငါးကီလိုခန့်ပါ ၁၉ ထုပ်(တန်ဖိုး ကျပ် ၁၃ သိန်းကျော်)နှင့် တစ်ဖာလျှင် ငါးကီလိုခန့်ပါ ငါးအေးခဲအသား နှစ်ဖာ(တန်ဖိုး ကျပ်တစ်သိန်းခွဲနီးပါး)ကို ဖမ်းမိခဲ့သည်။

စားသုံးရန်မသင့်သော အဆိုပါ အကောက်ခွန်မဲ့ အေးခဲအသားများကို စီမံခန့်ခွဲနိုင်ရန် ကော့ကရိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ကော်မတီဖွဲ့စည်း၍ ဆုံးဖြတ်စေခဲ့ပြီးနောက် ကော်မတီက မြေမြှုပ်ဖျက်ဆီးရန် အတည်ပြုဆုံးဖြတ်ခဲ့သဖြင့် အဆိုပါ ပူးပေါင်းအဖွဲ့များက ဇွန် ၃၀ ရက်တွင် မြေမြှုပ်ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်

**ညောင်တုန်း ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စုအတွင်းရှိ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွား ၁၂ ဦးတို့အား နိုင်ငံတော်မှ သုံးလတစ်ကြိမ် ထောက်ပံ့ပေးအပ်သော လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ်သုံးသောင်းစီကို ဆားမလောက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆားမလောက်ကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင်များက ဘိုးဘွားများထံသို့ ဇွန် ၃၀ ရက်က အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ထောက်ပံ့ငွေများ လိုက်လံပေးအပ်ရာတွင် အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားများအား နိုင်ငံတော်မှ ပေးအပ်သည့် လူမှုရေးထောက်ပံ့ငွေ ကျပ်သုံးသောင်းစီအပြင် ဆားမလောက်ကျေးရွာမှ စေတနာရှင် ဦးထွန်းသိန်းမိသားစုက ဘိုးဘွားတစ်ဦးလျှင် ၅၀၀၀ ကျပ်စီ၊ ဦးစိုင်းကျော်(တော်ဝင်သူ)မိသားစုက ၃၀၀၀ ကျပ်စီ၊ ဦးအုန်းမြင့်-ဒေါ်အေးညိမ်းမိသားစုက ၁၀၀၀ကျပ်စီ၊ ဦးကံစိုး-ဒေါ်သန်းသန်းဝင်း မိသားစုက ၁၀၀၀ ကျပ်စီတို့ကို ထပ်ဆောင်းလှူဒါန်းခဲ့သဖြင့် ဘိုးဘွားတစ်ဦးလျှင် ကျပ် ၄၀၀၀၀ စီ ရရှိကြကြောင်း သိရသည်။

မိမိတို့ သက်ကြီးရွယ်အိုများအား နိုင်ငံတော်အစိုးရက ဥပေက္ခာပြုမထားဘဲ တစ်ဦးလျှင် တစ်လ တစ်သောင်းကျပ်နှုန်း လစဉ်ထောက်ပံ့ပေးသဖြင့်အထူးဝမ်းမြောက်ဝမ်းသာဖြစ်မိသလို စေတနာရှင်များကပါ ယခုလို ထပ်ဆောင်းလှူဒါန်းပေးကြသည့်အတွက် ပို၍ ဝမ်းသာပီတိဖြစ်ရကြောင်း ဆားမလောက်ကျေးရွာမှ အဘိုးတစ်ဦးက ပြောသည်။

**နေလင်း(ညောင်တုန်း)**




ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် တောင်နန်ချွန်ကျေးရွာအနီး၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂)(တောင်ငူ) ဝန်ထမ်း မိသားစုများ၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက်က ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိနှင့် အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ ကြယ်ပဲ၊ မယ်ဇလီ၊ ငွေးချို၊ သပြေ၊ ခွေးလှေးယား(အနက်စေ့)၊ သရက်၊ မန်ကျန်ရှား၊ သံပုယို၊ ဆူးပုတ်၊ မာလကာ၊ ဒန့်သလွန်စသည့် ပျိုးပင်ပေါင်း ၅၇၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြစဉ်။

ကိုလွင်(ဆွာ)





## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက (ခွဲ)၊ အလက (၁)၊ အဋ္ဌမတန်း (A) မှ မောင်ဉက္ကာမင်း၏ ဖခင်အမည်မှန်မှာ ဦးဝမ်းတူး ၉/ပဉလ(နိုင်)၀၃၃၄၂၈ ဖြစ်ပါသည်။ **ဦးဝမ်းတူး**

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ အထက (ခွဲ)၊ ကော့ခပုံ အဋ္ဌမတန်းမှ မစုစုငွေး၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့် ၁၁/မအန(နိုင်)၀၃၄၉၄၈ ဖြစ်ပါကြောင်း။ **ဦးထွန်းမြင့်**

## ဖခင်အမည်မှန်

